# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၁ ရက် | ၂၀၂၀ ပြည့်နှစ်၊ မေ ၂၂ ရက်၊ သောကြာနေ့ | အတွဲ (၅၉)၊ အမှတ် (၂၃၂)


# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ

## ကျန်းမာရေးဆိုင်ရာ တုံ့ပြန်မှုအရေးပေါ်စီမံချက် အကောင်အထည်ဖော်ရန် ကမ္ဘာ့ဘဏ် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ (IDA) ထံမှ အမေရိကန်ဒေါ်လာသန်း ၅၀ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး




ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၂၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၃၂ ပုဒ်မခွဲ (ခ) တို့ကို ပြင်ဆင်နိုင်ရန် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးသန်းအောင်က လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ နှင့်အတူ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကျင်းပခြင်းအားဖြင့် အချိန်၊ လုပ်အား နှင့် ဘဏ္ဍာငွေကုန်ကျမှုများ သက်သာမှုရှိနိုင်သည်ဆိုသော်လည်း သီးခြား ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်ခြင်းကြောင့် လိုအပ်သည့်အထောက် အကူပစ္စည်းများအတွက် နိုင်ငံတော်ဘဏ္ဍာငွေမှ ငွေကျပ်သန်းပေါင်း ၁၄၆၄၆ ဒသမ ၃၁၄ သန်း အနည်းဆုံး ကုန်ကျခံသုံးစွဲရမည်ဟု တွက်ချက်ရရှိခဲ့ပါ ကြောင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို မဖြစ်မနေဆောင်ရွက်ရန်အတွက် လမ်းညွှန်မည်ဆိုပါက လိုအပ်မည့် ဘဏ္ဍာငွေ ငွေကျပ်သန်းပေါင်း ၁၄၆၄၆ ဒသမ ၃၁၄ သန်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်း။


*စာမျက်နှာ ၆ ကော်လံ ၁* ❍


## ICJ ၏ ကြားဖြတ်စီမံဆောင်ရွက်ချက် ချမှတ်ခြင်းဆိုင်ရာ အတွေ့အကြုံများနှင့် ပတ်သက်သည့် ဆွေးနွေးပွဲကို မြန်မာ့အသံ(ရေဒီယို)နှင့် မြန်မာ့ရုပ်မြင်သံကြား (MRTV) တို့မှ ထပ်မံထုတ်လွှင့်မည်

**နေပြည်တော် မေ ၂၁**

ICJ တွင် ကြားဖြတ်စီမံဆောင်ရွက်ချက် ချမှတ်ခြင်းနှင့် စပ်လျဉ်း၍ တက်ရောက်ခဲ့ကြသည့် မြန်မာကိုယ်စားလှယ် အဖွဲ့၏ ပူးတွဲကိုယ်စားလှယ်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဦးဆောင် သောအဖွဲ့နှင့် ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်သူ ဦးကိုကို (စက်မှုတက္ကသိုလ်) တို့ ဇန်နဝါရီ ၂၇ ရက်က ပါဝင်ရိုက်ကူး ခဲ့သည့် ICJ ၏ ကြားဖြတ်စီမံဆောင်ရွက်ချက် ချမှတ်ခြင်းဆိုင်ရာ အတွေ့အကြုံများနှင့် ပတ်သက်သည့် စကားဝိုင်း ဆွေးနွေးပွဲကို မေ ၂၂ ရက် ည ၇ နာရီအချိန်တွင် မြန်မာ့အသံ (ရေဒီယို) နှင့် မြန်မာ့ရုပ်မြင်သံကြား (MRTV) တို့မှ ထပ်မံထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




မြန်မာ့အလင်း

# ကိုယ်တိုင်ချုပ်၊ ပြန်လျှော်သုံး

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်း တပ်ဆင်ရေးအသိပညာပေးမှုများ အနယ်နယ်အရပ်ရပ်၌ ပြုလုပ်နေကြရသည်။ အချို့က နှာခေါင်းစည်းတပ်ဆင်ရေးကမ်ပိန်းပြုလုပ်သည်။ အချို့က အခမဲ့ဝေငှလှူဒါန်းကြသည်။ မည်မျှပင် ပညာပေးပေး အလေးဂရု မပြုသူများကိုမူ "ခုဝယ်၊ ခုတပ်" အစီအစဉ်ဖြင့် တွန်းတွန်းတိုက်တိုက် လုပ်ကြသည်ကိုလည်း တွေ့ရသည်။ အခမဲ့ဝေငှသည်ဆိုလျှင် တန်ဖိုးမထားသူတို့ ရှိကြခြင်းကြောင့် ချက်ချင်းဝယ်ယူကာ ချက်ချင်းတပ်ဆင်စေသည့် သဘောဖြစ်သည်။ အချို့ဒေသများတွင် ပြင်ပ၌ နှာခေါင်းစည်းမတပ်ဘဲ သွားလာသူများကို ကျပ် ၅၀၀၀ ခန့် ဒဏ်ငွေဆောင်စေသည်ကိုလည်း သတင်းများအရ သိရသည်။

နှာခေါင်းစည်း(mask) တပ်ဆင်ခြင်းက ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကာကွယ်ရေး၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ် စတင်ပျံ့နှံ့ခဲ့သည့် အစောပိုင်းကာလတွင် ကျန်းမာသူများမှာ သာမန်အားဖြင့် နှာခေါင်းစည်းတပ်ဆင်ရန်မလိုကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အကြံပြုခဲ့သော်လည်း နောက်ပိုင်းတွင် ဗိုင်းရပ်စ်၏ ကူးစက်ပျံ့နှံ့မှု သဘောသဘာဝကို ပိုမိုသိရှိလာရသည့်အတွက် နှာခေါင်းစည်းတပ်ဆင်မှုကို လူတိုင်းပြုလုပ်ကြရန်လိုကြောင်း ပြောင်းလဲအကြံပြုလာခဲ့ခြင်းဖြစ်သည်။

လေထုထဲတွင် လွင့်မျောနေဖွယ်ရှိသည့် ပိုးမွှားများ အသက်ရှူလမ်းကြောင်းထဲသို့ ရှူမသွင်းမိစေရန် အကာအကွယ်ပေးသည့် Mask များကို နှာခေါင်းစည်းဟူ၍ သာမန်အားဖြင့် ခေါ်ဝေါ်လေ့ရှိကြသော်လည်း ပါးစပ်ကိုပါ လုံခြုံအောင် ဖုံးကွယ်ထားကြရခြင်းဖြစ်၍ ပါးစပ်နှာခေါင်းစည်းဟူ၍လည်း ခေါ်ကြသည်။ လူများ စကားပြောရာမှ၊ နှာချေချောင်းဆိုးရာမှ ထွက်လာသည့် အရည်အစက်အမှုန်အမွှားငယ်များနှင့်အတူ ရောဂါပိုးမွှားဗိုင်းရပ်စ်များပါ လေထဲမှတစ်ဆင့် ရှူမသွင်းမိစေရန် ကာကွယ်ကြရခြင်းဖြစ်သည်။ ထို့အပြင် မိမိတွင် အအေးမိ၊ တုပ်ကွေးကဲ့သို့သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတစ်စုံတစ်ရာရှိနေပါက မိမိထံမှ ရောဂါပိုးမွှားများ ပြင်ပသို့ ရောက်ရှိပျံ့လွင့်သွားပြီး အခြားသူများကို ကူးစက်မှု မဖြစ်စေရန်အတွက်လည်း ပါးစပ်နှာခေါင်းစည်းက ကာကွယ်ပေးသည်။ စင်စစ်အားဖြင့် ပါးစပ်နှာခေါင်းစည်းတပ်ဆင်ကြသည့် အလေ့အထမှာ အရှေ့အာရှနိုင်ငံများဖြစ်သည့် ကိုရီးယား၊ တရုတ်၊ ဟောင်ကောင်၊ ဂျပန်တို့တွင် စွဲမြဲနေခဲ့သည်မှာ ကြာလှပြီဖြစ်သည်။ ဆားစ်၊ ကိုဗစ်-၁၉ စသည့် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပေါ်ပေါက်လာသည့်အခါတွင် ပါးစပ်နှာခေါင်းစည်း(mask) တို့ကို မဖြစ်မနေ တပ်ဆင်လာကြရသည်။ အချို့နိုင်ငံများတွင် လူအများကြား သွားလာစဉ် ပါးစပ်နှာခေါင်းစည်းမတပ်ဆင်ပါက ထောင်ဒဏ်အပြစ်ပေးရန်အထိ ကြပ်မတ်လာကြသည်ကို တွေ့ရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ကုသရေးတို့အတွက် ဆေးဝါးရှာမတွေ့သေးသလို တစ်ကမ္ဘာလုံးပျံ့နေသည့် ကပ်ရောဂါက ကြာရှည်နေဦးမည့် အလားအလာများရှိနေသည်။ ထို့အပြင် ဗိုင်းရပ်စ်၏ ဇီဇသဘာဝပြောင်းလဲခြင်းကြောင့် ရောဂါလက္ခဏာမပြဘဲ ကူးစက်ခံထားရသည့်ကာလ ပိုမိုကြာမြင့်လာသည်ဟုလည်း ဆိုသည်။ မကြာမကြာ လက်ဆေးရန်၊ ပြင်ပသွားလျှင် ပါးစပ်နှာခေါင်းစည်း တပ်ဆင်ရန်၊ လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်ဟူသော အလေ့အကျင့်တို့ကို အချိန်တော်တော်ကြာအောင် ကျင့်သုံးကြရဦးမည်ဟု ယူဆမိသည်။ ရေရှည်တွင် တစ်ခါသုံး နှာခေါင်းစည်းများဝယ်ယူရန် စရိတ်စက ထောင်းလာမည်ဖြစ်ရာ နေ့စဉ် ပြန်လျှော်သုံးနိုင်သည့် ပါးစပ်နှာခေါင်းစည်းများ ချုပ်လုပ်သုံးစွဲကြရန်လည်း အကြံပြုနှိုးဆော်လိုသည်။

ချည်ထည် သို့မဟုတ် လီနင် သို့မဟုတ် ချည်ထည်နှင့် လီနင်တို့ပေါင်းစပ်ထားသည့် နှစ်လွှာပါသော အရည်အသွေးမီ အဝတ်နှာခေါင်းစည်း (Cloth mask) က ဗိုင်းရပ်စ်အကောင် ၁၀၀ လျှင် ၃၃ ကောင်သာဝင်လာစေရန် တားဆီးနိုင်ပြီး ခွဲစိတ်ခန်းသုံး နှာခေါင်းစည်းက ဗိုင်းရပ်စ်အကောင် ၁၀၀ လျှင် ၂၅ ကောင်သာ ဝင်လာစေရန် တားဆီးနိုင်သည်ဟု ဆိုထားရာ မကွာခြားလှဟု ဆိုနိုင်သည်။ စရိတ်စကသက်သာမှုက ရေရှည်တွင် ကွာသွားနိုင်သည်။ မိမိစိတ်ကြိုက်အရောင်အသွေး၊ အဆင်ဒီဇိုင်းများဖြင့် အဆင့်မီ ပါးစပ်နှာခေါင်းစည်းများ ချုပ်လုပ်တပ်ဆင်ကြခြင်းဖြင့် ကိုရိုနာဗိုင်းရပ်စ်အန္တရာယ်မှ ကာကွယ်နိုင်ကြပါစေကြောင်း။ ။

## တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၁၅/၂၀၂၀
၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၁ ရက်)

**တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဃ)တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါ်ချိုမာမြင့် ကို တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၂၁**

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေ သနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Centerအား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် မေ ၂၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့သို့ PPE ဝတ်စုံနှင့် နှာခေါင်းစည်းများ လာရောက်လှူဒါန်း

**နေပြည်တော် မေ ၂၁**



မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေသော စေတနာ့ဝန်ထမ်းများ အသုံးပြုရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့၏ အတွင်းရေးမှူးရုံးသို့ ယနေ့ နံနက်ပိုင်းတွင် PPE ဝတ်စုံ ၂၀၀ နှင့် နှာခေါင်းစည်း ၅၀၀၀ လာရောက်လှူဒါန်းသည်။

အလားတူ မွန်းလွဲပိုင်းတွင် "စု" အသက်မွေးဝမ်းကျောင်း သိပ္ပံကျောင်း(ရွှေပြည်သာ) နည်းပညာနှင့်ဘာသာစကားပညာဒါန သင်တန်းကျောင်းမှ သင်တန်းသား၊ သင်တန်းသူများနှင့် စေတနာ့ဝန်ထမ်းများက IDP စခန်းနှင့် တိုက်ပွဲရှောင်စခန်းများအတွက် အဝတ်ပိတ်နှာခေါင်းစည်း ၇၀၀၀ နှင့် Quarantine Center များရှိ စေတနာ့ဝန်ထမ်းများအတွက် ဆေးရုံသုံးဝတ်စုံ အစုံ ၁၀၀ တို့ကို လည်းကောင်း၊ ယမန်နေ့ နံနက်ပိုင်းကလည်း ပုသိမ်မြို့မှ ဦးဟုတ်ဆန်း-ဒေါ်ကြင်ကြင်ရီ၊ ဦးအုန်းကျင်၊ ဦးသန်းဌေးအောင်- မချိုချိုဝင်း၊ ကိုကျော်ကျော်အောင်- မခင်မိုးမိုး၊ ဒေါက်တာ မိုးမြတ်ထွန်း- ဒေါက်တာ လင်းလင်းခိုင်၊ ဒေါက်တာ အောင်ဇော်လင်း- ဒေါက်တာအိမွန်မွန်ကျော် (မိုးမိုးကျော်မိသားစု)က ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ နှာခေါင်းစည်းများနှင့် ဆေးတက္ကသိုလ်(မကွေး) စတုတ္ထအပတ်စဉ်ကျောင်းသားဟောင်းဆရာဝန်များအဖွဲ့က ငွေကျပ်သိန်း ၄၀ တန်ဖိုးရှိ နှာခေါင်းစည်းများကို လာရောက်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဂန့်ဂေါမြို့နယ် မျိုးစေ့ထုတ်သမဝါယမအသင်းက အသင်းသားများသို့ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိ

**နေပြည်တော် မေ ၂၁**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်တွင် အသင်းသားများ၏ဆန္ဒနှင့်အညီ ယောအားမာန် မျိုးစေ့ထုတ်လုပ်ရေးသမဝါယမအသင်းကို ဖွဲ့စည်းပြီး မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိရာ သန့်စင်ပြီး မျိုးစပါးအိတ်များကို မြို့နယ်သမဝါယမအသင်းစုကုန်စုံဆိုင်တွင် သိုလှောင်ထားရှိကာ စိုက်ပျိုးရာသီအမီ အချိန်နှင့်တစ်ပြေးညီ မျိုးစေ့ချစိုက်ပျိုးနိုင်ရန်အတွက် စံချိန်သစ် လယ်ယာနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း၊ ဂဠုန်မင်းလယ်ယာနှင့် အထွေထွေ စီးပွားရေးလုပ်ငန်းသမဝါယမအသင်းတို့၏ အသင်းသားတောင်သူများလက်ဝယ်သို့ မျိုးစပါးများ ဖြန့်ဖြူးပေးလျက်ရှိသည်။




သမဝါယမအသင်းများအပြင် အခြား တောင်သူလယ်သမားများမှ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ဝယ်ယူလိုပါက မြို့နယ်သမဝါယမအသင်းစုထံသို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျုံပျော်မြို့နယ်၌ ဂရန်အင်းများ ပြုပြင်ထိန်းသိမ်း

**ကျုံပျော် မေ ၂၁**- ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ ငါးသယံဇာတများကို ရေရှည်စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေးနှင့် ပြည်သူများ ငါးလုံလောက်စွာစားသုံးနိုင်ရေးအတွက် ဂရန်အင်းများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ဦးဆောင်၍ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်နေသည့် ဂရန်အင်းများအနက် ကြာမန်းပေါက်က မြောက်အင်းပြုပြင်နေမှုအခြေအနေများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးနှင့် မြို့နယ်နှစ်ရှည်အငှားဂရန် (ကြေးတိုင်အင်းဂရန်) စိစစ်ရေးကော်မတီမှ တာဝန်ရှိသူများက မေလတတိယပတ်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**နေဝင်းမြင့် (ပြန်/ဆက်)**

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းခွင်အတွင်း Online စနစ်ဖြင့် ကြည့်ရှုစစ်ဆေး






ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသအတွင်း ဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို Online စနစ်ဖြင့် ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၂၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသအတွင်း ဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို Online စနစ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ရေးဦးစွာ မွန်ပြည်နယ် ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ညွှန်ကြားရေးမှူး ဦးဇော်လင်းက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ကျိုက်မရောမြို့နယ် ဖားဘောင်လိုဏ်ဂူတော်အဝင်လမ်း (၁/၂ ဒသမ ၂)မိုင် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ မြေသားလမ်းပြီးစီးမှု၊ ကွန်ကရစ်တံတားသုံးစင်းပြီးစီးမှု၊ ကွန်ကရစ်ရေပြွန်ငါးစင်းပြီးစီးမှုနှင့် တာဝန်ရှိသူများ၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် ဇွန်လအတွင်း ရာနှုန်းပြည့်ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ညွှန်ကြားရေးမှူး ဦးအေးကိုက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ရှိ ရေဖြူအရှေ့စု-ရေဖြူအလယ်စု- ရေဖြူအနောက်စု-ကျောက်တောမြောက်-ကျောက်တောတောင် ကျေးရွာချင်းဆက်လမ်း (၁/၆) မိုင် ကျောက်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးနေမှုအခြေအနေများ၊ သတ်မှတ်စံချိန်စံညွှန်း လုပ်ငန်းအရည်အသွေး၊ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ Time Frame ရေးဆွဲဆောင်ရွက်နေမှု အခြေအနေများ လုပ်ငန်း တည်ဆောက်ပြီးစီးခဲ့မှုမှတ်တမ်းများ၊ တည်ဆောက်ဆဲ အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လမ်းညွှန်မှာကြားရာတွင် မိမိတို့ဝန်ကြီးဌာနသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် နယ်စပ်ဒေသ လူငယ်လူရွယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အဓိကလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ခွင့်ပြုပေးသည့် ရန်ပုံငွေဖြင့်သာမက နိုင်ငံတကာအဖွဲ့အစည်းများ၊ မိတ်ဖက်နိုင်ငံများ၏ ထောက်ပံ့ကူညီမှုများဖြင့် မိမိတို့ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကို ခွင့်ပြုချက်ရလျှင်ရချင်း နိုင်ငံတော်သမ္မတရုံး၏ တင်ဒါလုပ်ထုံးလုပ်နည်းဆိုင်ရာ လမ်းညွှန်ချက် (၁/၂၀၁၇) နှင့်အညီ ဘဏ္ဍာရေးနှစ်အစတွင် တင်ဒါခေါ်ယူလုပ်ငန်းအပ်နှံခြင်းများကို ဆောင်ရွက်နိုင်ခဲ့သဖြင့် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးများ၊ ခရိုင်မှူးများ၊ မြို့နယ်မှူးများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ တိတိကျကျလိုက်နာပြီး မိမိတို့ဒေသအတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားရန် မှာကြားသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်၊ သက်ဆိုင်ရာ ပြည်နယ်အစိုးရ၏ ညှိနှိုင်းတင်ပြချက်၊ ဒေသခံပြည်သူလူထုတို့၏ ပကတိ လိုအပ်ချက်၊ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်များအပေါ် အခြေခံပြီး နှစ်စဉ်နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လျာထားဆောင်ရွက်လျက်ရှိရာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မွန်ပြည်နယ်အတွင်း မြေလမ်းခြောက်မိုင်၊ ကျောက်လမ်း (၂၂/၂) မိုင်၊ ကတ္တရာလမ်းသုံးမိုင်၊ ကွန်ကရစ်လမ်းတစ်မိုင်၊ တံတားကြီး၊ ငယ်၊ လတ် ၁၂ စင်း၊ Box Culvert ၁၈ စင်း၊ စိုက်ပျိုးရေ/သောက်သုံးရေရရှိရေးလုပ်ငန်း ၁၀ ခု၊ တန်ဖိုးနည်းအိမ်ရာ ၁၂ လုံးတို့ကို စုစုပေါင်း ရန်ပုံငွေကျပ် ၄၃၀၆ ဒသမ ၄၉၈ သန်းဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း မြေလမ်း (၁၁/၆) မိုင်၊ ကျောက်လမ်း (၂၃/၆) မိုင်၊ ကတ္တရာလမ်းနှစ်မိုင်၊ တံတားကြီး၊ ငယ်၊ လတ်ငါးစင်း၊ Box Culvert ၃၉ စင်း၊ စွမ်းအင်မီးသွယ်တန်းခြင်းလုပ်ငန်း (၅/၄) မိုင်တို့ကို စုစုပေါင်း ခွင့်ပြုရန်ပုံငွေကျပ် ၄၄၄၀ ဒသမ ၇၀၂ သန်းဖြင့်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ချန်းဟိုင်နှင့် Video Conferencing ဖြင့် ဆွေးနွေး

**နေပြည်တော် မေ ၂၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်နှင့် ယနေ့ နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များအား Video Conferencing ဖြင့် ဆွေးနွေးသည်။

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားစဉ်ကာလအတွင်း စီးပွားရေး၊ လူမှုရေးထိခိုက်မှုများအား ပြန်လည်တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် မတ်လမှစ၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်သည့် ကော်မတီဖွဲ့စည်းပြီး အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စီးပွားရေးအပါအဝင် အခြားကဏ္ဍများတွင် တရုတ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုများ အတွက်လည်း ကျေးဇူးတင်ရှိကြောင်း၊ လက်ရှိကာလတွင် နှစ်နိုင်ငံနယ်စပ် ဝင်ထွက်ဂိတ်များတွင် ကန့်သတ်ထိန်းချုပ်ခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပွားလျက်ရှိရာ မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်တွင် ပုပ်သိုးပျက်စီးလွယ်သည့် သစ်သီးဝလံများ၊ ဆန်၊ ပဲ၊ ပြောင်းနှင့် ကျွဲနွားတိရစ္ဆာန်များ တင်ပို့မှုတွင် အခက်အခဲများ ကြုံတွေ့နေရသဖြင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့ရေးကို အလေးထား ဆောင်ရွက်သွားလိုကြောင်း ဆွေးနွေးသည်။

**ကုန်သွယ်မှုတိုးတက်ရေးဆွေးနွေး**

ယင်းနောက် နယ်စပ်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် မူဆယ် - ရွှေလီ နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် အကောင်အထည်ဖော်မှုကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားနိုင်ရေး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင် မြန်မာနိုင်ငံသို့လာရောက်သည့် ချစ်ကြည်ရေးခရီးစဉ်အတွင်း လက်မှတ်ရေးထိုးခဲ့သည့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံအောက်ရှိ နှစ်နိုင်ငံအကြား ချောမွေ့သော ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းအဖွဲ့အား ဖွဲ့စည်းပြီးဖြစ်ရာ နှစ်နိုင်ငံအကြားအစည်းအဝေးများ ကျင်းပပြီး ကုန်သွယ်မှုတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားနိုင်ရေးနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်ပြီး ညှိနှိုင်းဆောင်ရွက်သွားရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




## ချီဖွေမြို့နယ် ပြည်သူ့စာကြည့်တိုက်ပြတိုက်ငယ်တွင် ပြသရန် တိုင်းရင်းသားရိုးရာဝတ်စုံများ လှူဒါန်း

**ချီဖွေ မေ ၂၁**

မြစ်ကြီးနားခရိုင် ချီဖွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြတိုက်ငယ်၌ ပြသဆောင်ရွက်ထားရှိရန် ဒေသခံ ဦးဂျွန်ဝူဒေါင်လွမ်းက ယမန်နေ့က လော်ဝေါ်တိုင်းရင်းသားရိုးရာဝတ်စုံနှင့် နှာခေါင်းစည်းများ လာရောက်လှူဒါန်းသည်။

ပြည်သူ့စာကြည့်တိုက်သို့ စာပေချစ်မြတ်နိုးသူများ၊ စာငှား၊ စာဖတ် ဒေသခံပြည်သူများ ဝင်ရောက်လေ့လာနိုင်ရန် ပြတိုက်ငယ်အတွက် ချီဖွေမြို့နယ်အတွင်း မှီတင်းနေထိုင်သည့် လော်ဝေါ် တိုင်းရင်းသားရိုးရာဝတ်စုံ အမျိုးသားဝတ်အင်္ကျီတစ်ထည်၊ ခေါင်းပေါင်းတစ်ခု၊ အမျိုးသားဝတ်ပုဆိုး သုံးထည်နှင့် ကိုဗစ် -၁၉ ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း ရုံးဝန်ထမ်းများ ရုံးလုပ်ငန်းလုပ်ဆောင်ရာတွင် အထောက်အကူဖြစ်စေဖို့ နှာခေါင်းစည်း ၂၅ ခု တို့ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်မျိုးမြင့်ထံ လာရောက်လှူဒါန်းကြောင်း သိရသည်။

ဇင်မာဝင်း(ပြန်/ဆက်)

# လယ်ဝေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၂၁

**ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်ရှိ ရွှေကျောင်းတော်ကြီး၌ ယနေ့ နံနက် ၉ နာရီတွင် လယ်ဝေးမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော် လှူဒါန်းပွဲကျင်းပသည်။**



အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒအမှူးပြုသော ဆရာတော်ကြီးငါးပါး ကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အမြဲတမ်းအတွင်းဝန်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

**ငါးပါးသီလခံယူဆောက်တည်**

ရှေးဦးစွာ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို အမှူးပြုသော ဌာနဆိုင်ရာအကြီးအကဲများက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် မေတ္တသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုတော်မူကြသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းကြသည်။ **(ယာပုံ)**

ထို့နောက် ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက အနုမောဒနာတရား နာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေသည်။

အဆိုပါ ဆွမ်းဆန်တော်လှူဒါန်းပွဲ အခမ်းအနားတွင် Coronavirus Disease 2019 (COVID-19) ရောဂါကာကွယ်/ ထိန်းချုပ်/ တုံ့ပြန်နေစဉ်ကာလအတွင်း ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ကိုးကျောင်း၊ သီလရှင်ကျောင်း လေးကျောင်းတို့တွင် သီတင်းသုံးနေထိုင်တော်မူကြသော ရဟန်း၊ သာမဏေ ၄၁၇ ပါး၊ သီလရှင် ၂၂၆ ပါး၊ စုစုပေါင်း ၆၄၃ ပါးတို့အတွက် ဆွမ်းဆန်တော် အိတ် ၁၂၉ အိတ် လှူဒါန်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်းကွဲ့ကော်ပန်းအဝိုင်းအနီး တည်ထားကိုးကွယ်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးစေတီတော်သို့ သွားရောက်၍ ဂန္ဓကုဋိတိုက်နှင့် ရင်ပြင်တော် စကျင်တာရာဇိုခင်းကျင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်ထားရှိမှုများနှင့် သာသနာ့ဗိမာန်တော်ကြီးအတွင်း (၄"x ၁"x ၂') အတိုင်းအတာရှိသော လှျာထိုးကျွန်းပါကေးခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# မန္တလေးခရိုင်အတွင်းရှိ ရဲမှုထမ်းဟောင်းများအား ရိက္ခာအမယ်လေးမျိုး ထောက်ပံ့ပေးအပ်

**မန္တလေး မေ ၂၁**

မန္တလေးခရိုင်အတွင်းရှိ ရဲမှုထမ်းဟောင်း ၄၉ ဦးအား ရိက္ခာအမယ်လေးမျိုး ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို မေ ၁၇ ရက် မွန်းလွဲပိုင်းတွင် ကျင်းပရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုဦး တက်ရောက်ပေးအပ်ခဲ့သည်။ (ဝဲပုံ)

ရှေးဦးစွာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုဦးက ရဲမှုထမ်းဟောင်းများသို့ ဆန်၊ ဆီ၊ ဆား၊ ပဲ ရိက္ခာအမယ်လေးမျိုး ထောက်ပံ့ပေးအပ်ရခြင်းအား ရှင်းလင်းပြောကြားပြီး ရဲမှုထမ်းဟောင်း ၄၉ ဦးအတွက် ရိက္ခာလေးမျိုး ထောက်ပံ့ပေးအပ်ရာ ရဲမှုထမ်းဟောင်းတစ်ဦးက လက်ခံရယူသည်။

ရဲမှုထမ်းဟောင်းများသို့ ရိက္ခာလေးမျိုး ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနား၌ ရဲမှုထမ်းဟောင်းတစ်ဦးလျှင် ဆန်ငါးပြည်နှင့် ငါးဘူး၊ ဆီ ၃၂ ကျပ်သား၊ ဆား ၂၈ ကျပ်သား၊ ပဲ ၄၈ ကျပ်သား အမယ်လေးမျိုးအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မန်း(ကိုယ်ပွား)**

# ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အလုံဓာတ်အားပေးစက်ရုံစီမံကိန်းနှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကျွန်းချောင်းဓာတ်အားပေးစက်ရုံစီမံကိန်းတို့မှ နိုင်ငံတော်ဓာတ်အားစနစ်သို့ လျှပ်စစ်ဓာတ်အားများ စတင်ပို့လွှတ်

**နေပြည်တော် မေ ၂၁**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်အစိုးရ၏မူဝါဒဖြစ်သော ပြည်သူလူထု၏ လူနေမှုအဆင့်အတန်း မြင့်မားစေရေးအတွက် အဓိကအချက်များအနက် ကဏ္ဍတစ်ခုဖြစ်သည့် လျှပ်စစ်မီးရရှိရေးကို ဒေသအသီးသီးသို့ ဖြန့်ကြက်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ယခုနှစ်တွင် လျှပ်စစ်ကဏ္ဍကို တိုးတက်အောင် ဆောင်ရွက်နိုင်ရန် အများဆုံး ပံ့ပိုးဆောင်ရွက်ပေးမှုနှင့် အတူ နှစ်စဉ်တိုးတက်သုံးစွဲနေသော လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် ယခုနှစ်နွေရာသီတွင် တိုးတက်သုံးစွဲလာသော ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် Liquefied Natural Gas to Power စီမံကိန်းများ အပါအဝင် လျှပ်စစ်ဓာတ်အား စုစုပေါင်း ၁၁၆၆ မဂ္ဂါဝပ် ထုတ်ပေးနိုင်မည့် စီမံကိန်းသစ် ခုနစ်ခုကို ရန်ကုန်တိုင်းဒေသကြီး အလုံ၊ သန်လျင်၊ သာကေတတို့တွင်လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးနှင့် ကျွန်းချောင်းတို့တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ရွှေတောင်နှင့် ရခိုင်ပြည်နယ် ကျောက်ဖြူဒေသတို့တွင် လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဆိုပါစီမံကိန်းခုနစ်ခုအနက် မကွေးတိုင်းဒေသကြီးတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော မကွေး ၆၆ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံစီမံကိန်းသည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်မှ စတင်၍ နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ စတင်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးနိုင်ခဲ့ပြီး ကျန်စီမံကိန်းခြောက်ခုကိုလည်း လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ၎င်းစီမံကိန်းခြောက်ခုအနက် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အလုံဓာတ်အားပေးစက်ရုံဝင်းအတွင်းတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အလုံ ၁၅၁ ဒသမ ၅၄ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံစီမံကိန်းနှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကျွန်းချောင်းဓာတ်အားပေးစက်ရုံဝင်းအတွင်းတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကျွန်းချောင်း ၂၀ ဒသမ ၅၄ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ စီမံကိန်းတို့မှ လျှပ်စစ်ဓာတ်အားများ စတင်ထုတ်လုပ်နိုင်ပြီဖြစ်သည်။



ကျွန်းချောင်းဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

လက်ရှိ ဌာနပိုင်အလုံဓာတ်အားပေးစက်မှာ ယခင်တစ်ရက်လျှင် ရတနာသဘာဝဓာတ်ငွေ့ ကုဗပေ ၃၆ သန်းကို အသုံးပြု၍ ၇၀ မဂ္ဂါဝပ်ခန့်သာ ဓာတ်အားထုတ်ပေးနိုင်ခဲ့သဖြင့် စက်စွမ်းရည်ကျဆင်းနေသောကြောင့် ၎င်းဓာတ်အားပေးစက်အစား စွမ်းရည်မြင့်မားသော စက်များဖြင့် အစားထိုးရန်မြေနေရာနှင့် သဘာဝဓာတ်ငွေ့ထောက်ပံ့ပေးနိုင်သော အလုံဓာတ်အားပေး စက်ရုံဝင်းအတွင်း တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ခဲ့ပြီး စက်စွမ်းရည်မြင့်မားသည့် ဓာတ်အားပေးစက်များကို အသုံးပြုသည့်အတွက် လျှပ်စစ်ဓာတ်အား ၈၁ မဂ္ဂါဝပ် ပိုမိုထုတ်လုပ်နိုင်မည့် အကျိုးကျေးဇူးများ ရရှိခဲ့ခြင်းဖြစ်သည်။

အလားတူ ကျွန်းချောင်းဓာတ်အားပေးစက်ရုံတွင်လည်း ယခင်ဌာနပိုင် ဓာတ်အားပေးစက်မှာ တစ်ရက်လျှင် ကုန်းတွင်းဓာတ်ငွေ့ ကုဗပေ ၅ သန်းကို အသုံးပြု၍ ၅ မဂ္ဂါဝပ်ခန့်သာ ဓာတ်အားထုတ်ပေးနိုင်ခဲ့၍ စက်စွမ်းရည်ကျဆင်းနေသောကြောင့် စွမ်းရည်မြင့်မားသော ယခုလက်ရှိ ဓာတ်အားပေးစက်များဖြင့် အသုံးပြုသည့်အတွက် ၂၀ ဒသမ ၅၄ မဂ္ဂါဝပ် ဓာတ်အားထုတ်ပေးနိုင်သောကြောင့် လျှပ်စစ်ဓာတ်အား ၁၅ မဂ္ဂါဝပ် ပိုမိုထုတ်လုပ်နိုင်မည့် အကျိုးကျေးဇူးများ ရရှိခဲ့ခြင်းဖြစ်သည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ၂၀၂၀ ပြည့်နှစ် နွေရာသီကာလတွင် နိုင်ငံတော်၏ တိုးတက်သုံးစွဲလာမည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အချိန်မီဖြည့်ဆည်းပေးနိုင်ရန် မကွေး၊ ရွှေတောင်၊ ကျွန်းချောင်း၊ အလုံ၊ ကျောက်ဖြူ၊ သန်လျင်နှင့် သာကေတတို့တွင် ဓာတ်အားပေးစက်ရုံစီမံကိန်းအသစ်ခုနစ်ခုမှ စုစုပေါင်း ၁၁၆၆ မဂ္ဂါဝပ်အား တိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး အတွက် စီမံဆောင်ရွက်ခဲ့ရာ မကွေး ၆၆ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ၊ အလုံ ၁၅၁ ဒသမ ၅၄ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံနှင့် ကျွန်းချောင်း ၂၀ ဒသမ ၅၄ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံတို့မှ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ကျန်ရှိသည့် ဓာတ်အားပေးစက်ရုံစီမံကိန်းများမှလည်း လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# တစ်စိတ်တည်း တစ်ဝမ်းတည်းဖြစ်မှ တကယ့်သွေးရင်းတွေဖြစ်နိုင်

ကျွန်မတို့သွေးချင်းလို့ဆိုတဲ့အခါမှာ တူညီတဲ့သွေး၊ တူညီတဲ့သွေးဆိုတာ တကယ်တော့ ကျွန်မတို့ သွေးကြောတွေထဲမှာ စီးဆင်းနေတဲ့ သွေးတွေကိုပြောတာ မဟုတ်ပါဘူး။ ကျွန်မတို့စိတ်ထဲကနေ စီးဆင်းနေတဲ့သွေးကို ပြောတာပါ။ ဆိုလိုချင်တာဟာ စိတ်ထဲက သဘောချင်းဟာ တူညီမှ၊ ကျွန်မတို့ဟာ တစ်စိတ်တည်းတစ်ဝမ်းတည်းဖြစ်မှ တကယ့်သွေးရင်းတွေဖြစ်နိုင်မှာပါ။ အကြောထဲမှာ စီးဆင်းနေတဲ့ သွေးက ဘယ်လိုပဲတူတူ တစ်စိတ်တည်းတစ်ဝမ်းတည်းမဟုတ်ဘူးဆိုရင် ကျွန်မတို့ကို ကျွန်မတို့ သွေးချင်းလို့ခေါ်နိုင်မှာ မဟုတ်ပါဘူး။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင် ကျင်းပသော သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ သတင်းထုတ်လွှင့်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကိုဗစ်-၁၉ ကာလအတွင်း သတင်းထုတ်လွှင့်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နေမှုနှင့် ဝန်ထမ်းများ အန္တရာယ်ကင်းရှင်းစွာ တာဝန်ထမ်းဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန်နှင့် ဝန်ထမ်းများ အန္တရာယ်ကင်းရှင်းစွာ တာဝန်ထမ်းဆောင်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများအနက် အခက်အခဲများရှိပါက နည်းလမ်းရှာပြီး ဖြေရှင်းနိုင်ရေး ဆွေးနွေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။



မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**အလှည့်ကျ တာဝန်ထမ်းဆောင်နေမှု**

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ဝန်ထမ်းများ နှစ်ဖွဲ့ခွဲ၍ တစ်ဖွဲ့လျှင် သုံးဆိုင်းဖြင့် အလှည့်ကျ တာဝန်ထမ်းဆောင်နေမှု၊ ခွင့်ပြန်ဝန်ထမ်းများ ပြန်လည်ရောက်ရှိပါက ညွှန်ကြားချက်နှင့်အညီ Quarantine -၂၁ ရက် ထားရှိမှု၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စက်ရုံ၊ အလုပ်ရုံ စစ်ဆေးရေးအဖွဲ့လာရောက်စစ်ဆေးခဲ့မှုနှင့် ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် သတင်းများ ထုတ်ပြန်မှု၊ ပညာပေး အစီအစဉ်များ ထုတ်လွှင့်မှုတို့ အပြင် ကျင်းပလျက်ရှိသည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့အတွက် ရိုက်ကူး ထုတ်လွှင့်ရန် စီစဉ်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

**ဆွေးနွေး**

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် တာဝန်ရှိသူများက ဝန်ကြီးရုံးနှင့် ဌာနများအလိုက် ဆောင်ရွက်မှုအခြေအနေများကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စတူဒီယိုခန်းမတွင် ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ကြိုတင်ပြင်ဆင် ဆောင်ရွက်မှုများအနက် "ရွေးကောက်ပွဲ အကြောင်း သိကောင်းစရာ အစီအစဉ်များ"ကို ကြည့်ရှုပြီး လုပ်ငန်းဆိုင်ရာများ ဆွေးနွေး မှာကြားသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် သတင်းစုဆောင်းမှုအပါအဝင် ရုပ် / သံ လုပ်ငန်းများ ဆောင်ရွက်နေမှု၊ သတင်းထုတ်လွှင့်မှုနှင့် ရုံးလုပ်ငန်းများ ဆောင်ရွက်မှုတို့ကို လည်းကောင်း၊ စတူဒီယိုခန်းမ၌ ပိုးသတ်ဆေးဖျန်းမှုကို လည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

**သတင်းစဉ်**

## မင်းလှမြို့နယ်၌ သောက်သုံးရေများ လှူဒါန်း

**မင်းလှ မေ ၂၁**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာန တို့ပူးပေါင်း၍ ရာသီဥတုပူပြင်းသည့် နွေရာသီကာလအတွင်း ကျေးလက်နေပြည်သူများ ရေပြတ်လပ်မှုမရှိစေရေးနှင့် သန့်ရှင်းသောသောက်သုံးရေ ရရှိစေရေးအတွက် ယမန်နေ့က မင်းလှမြို့နယ် မြေခြားကျေးရွာ၌ သောက်သုံးရေ လှူဒါန်းပေးသည်။

မြေခြားကျေးရွာတွင် အိမ်ခြေ ၃၂၃ အိမ်၊ လူဦးရေ ၁၃၄၈ ဦးရှိပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့က သောက်သုံးရေဂါလန် ၁၆၀၀ ကို ကျေးရွာသို့ သွားရောက်ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

## ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်

**ကျောင်းကုန်း မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မြို့မဈေးကြီးအနီးတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် လူတိုင်းနှာခေါင်းစည်းတပ်ရေး လှုပ်ရှားမှုဆောင်ရွက်ခြင်းနှင့် အသိပညာပေးခြင်းကို ယမန်နေ့က ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်သည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် အိမ်အပြင် သို့ထွက်သည့် လူတိုင်းသည် နှာခေါင်းစည်းတပ်သည့် အလေ့အကျင့်ဖြစ်စေရေးအတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် လမ်းညွှန်ချက်များကို ပြည်သူများ သိရှိစေရေးတို့ကို နေ့စဉ်ဆောင်ရွက်ကြောင်း သိရသည်။ မေ ၂၁ ရက်မှစ၍ နှာခေါင်းစည်းမတပ်သူများအား သုံးခုလျှင် ငွေကျပ် ၃၀၀၀ ဖြင့် ဝယ်ယူစေပြီး ချက်ချင်းတပ်ဆင်ရေးအစီအစဉ် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ပြင်ဦးလွင်မြို့တွင်း အခြေစိုက်မော်တော်ယာဉ်အသင်းများ ပြန်လည်ပြေးဆွဲနေသော်လည်း ခရီးသည်နည်းပါးနေ

**ပြင်ဦးလွင် မေ ၂၁**

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဖြစ်ပွားမှုအခြေအနေကြောင့် ယာယီရပ်နားထားရသည့် ပြင်ဦးလွင်မြို့မှ မြန်မာနိုင်ငံအရပ်ရပ်သို့ ပြေးဆွဲနေသည့် မော်တော်ယာဉ်အသင်းများအနက် မေ ၁၆ ရက်က စတင်ပြီး ပြင်ဦးလွင်မြို့အတွင်း အခြေစိုက်မော်တော်ယာဉ်အသင်းများ ပြန်လည်ပြေးဆွဲပေးနေကြောင်း မြို့နယ်ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီရုံးမှ အတွင်းရေးမှူး ဦးမင်းသူထံက သိရသည်။

"အခု ပြင်ဦးလွင်မြို့တွင်း အခြေစိုက် မော်တော်ယာဉ်အသင်း ၂၂ သင်း ပြန်လည်ပြေးဆွဲနေတယ်။ ဒီအထဲမှာ မိုးကုတ်မြို့အထိ ပြေးဆွဲပေးတဲ့ မော်တော်ယာဉ်အသင်း ငါးသင်း၊ မြင်းခြံမြို့ကို တစ်သင်းနဲ့ ပုဂံ-ညောင်ဦး တစ်သင်းတို့ ပါဝင်နေပါတယ်။ ပြန်လည်ပြေးဆွဲပေးနေတဲ့ မော်တော်ယာဉ်အသင်းအားလုံးကို မန္တလေးတိုင်းဒေသကြီးအတွင်းမှာပဲ ပြေးဆွဲခွင့်ပြုနေပြီး ကျန်တဲ့တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို သွားလာဝင်ရောက်ပြေးဆွဲခွင့် မပြုသေးပါဘူး။ နောက်တစ်ချက်ကလည်း သတ်မှတ်ထားတဲ့ စည်းကမ်းအတိုင်း ယာဉ်တစ်စီးကို ခရီးသည် တစ်ဝက်လျှော့ ၅၀ ရာခိုင်နှုန်းနဲ့ပဲ ပြေးဆွဲစေပါတယ်။ မော်တော်ယာဉ်အသင်းအများစု ပြင်ဦးလွင်-မန္တလေးခရီးစဉ်တွေဖြစ်နေပြီး ခရီးသည်လိုက်ပါမှု နည်းပါးနေပါသေးတယ်"ဟု ၎င်းက ပြောသည်။



ကိုဗစ်-၁၉ ကာလအတွင်း ပြင်ဦးလွင် အဝင်အထွက်ခရီးသည်တင် မော်တော်ယာဉ်လိုင်း အားလုံးကို သတ်မှတ်ရက်မှစတင်၍ ရပ်နားထားခဲ့သော်လည်း နေ့စဉ် ကုန်စည်စီးဆင်းပို့ဆောင်မှု အဆင်ပြေစေရေးအတွက် ကုန်တင်ကားကြီးအသင်းများဖြစ်သော မလောစိမ်း၊ ထူး၊ လျှမ်းလျှမ်းတောက်၊ စုပေါင်း စသည့် ကားကြီး အသင်းလေးသင်းကို ပုံမှန်ဆက်လက် ပြေးဆွဲစေခဲ့ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

❍ *ရှေ့ဖုံးမှ*

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပခြင်းကြောင့် နိုင်ငံတော်၏ အရေးအရာကိစ္စများ၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် လွှတ်တော်များ၏ လုပ်ငန်းများအပေါ် ပြောင်းလဲအကျိုးသက်ရောက်မှု များးစွာမရှိသောကြောင့် လည်းကောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေကုန်ကျမှု အခြေအနေအရ လည်းကောင်း၊ နောင်တွင် ပေါ်ပေါက်လာနိုင်သည့် အခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာများနှင့်အတူ ဆန္ဒခံယူပွဲ ပြုလုပ်မည်ဆိုပါက ပိုမိုသင့်လျော်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပခြင်း မပြုသေးဘဲ ခေတ္တဆိုင်းငံ့ထားသင့်သည်ကို အကြံပြု ရှင်းလင်းတင်ပြအပ်ပါကြောင်း ပြောကြားသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ကို ပြင်ဆင်နိုင်ရန် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကျင်းပခြင်း မပြုသေးဘဲ ခေတ္တဆိုင်းငံ့ထားသင့်ကြောင်း တင်ပြချက်ကို လွှတ်တော်က သဘောတူ

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က နာယက အနေဖြင့်လည်း ကော်မရှင်၏ ရှင်းလင်းတင်ပြချက်သည် ကျိုးကြောင်းညီညွတ်မှုရှိသည့်အတွက် လက်ခံစဉ်းစားသင့်သည်ဟု သုံးသပ်ပါကြောင်း ပြောကြားပြီး လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ကို ပြင်ဆင်နိုင်ရန် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကျင်းပခြင်း မပြုသေးဘဲ ခေတ္တဆိုင်းငံ့ထားသင့်ကြောင်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တင်ပြချက်ကို


ဒဂုံမဲဆန္ဒနယ်မှ
ဒေါက်တာသက်သက်ခိုင်


ဖျာပုံမဲဆန္ဒနယ်မှ
ဦးဝင်းထွဋ်

လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်သမ္မတရုံးမှ ပေးပို့ထားသော မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများ ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြ၍ မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ နယ်စပ်ရေးရာဝန်ကြီးဌာနအတွက် ငွေကျပ် ၂၀၉၉ ဒသမ ၃၁ သန်း ခွဲဝေသုံးစွဲခဲ့ခြင်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ နယ်စပ်ရေးရာဝန်ကြီးဌာနအတွက် ငွေကျပ် ၂၀၉၉ ဒသမ ၃၁ သန်း ခွဲဝေသုံးစွဲခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

## ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေဖြည့်ဆည်းရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေ ကျပ် ၁၃၁၁ ဒသမ ၀၆၄ ဘီလီယံအတွင်း ရယူရေးနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြ


ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေဖြည့်ဆည်းရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေ ကျပ် ၁၃၁၁ ဒသမ ၀၆၄ ဘီလီယံ အတွင်း ရယူရေးနှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်တို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအနေဖြင့် အစိုးရ၏ ပြည်တွင်း၊ ပြည်ပ ကြွေးမြီလက်ကျန်အခြေအနေများကို ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၃၇ နှင့်အညီ ပုံမှန်အစီရင်ခံတင်ပြလျက်ရှိပါကြောင်း၊ အစိုးရအနေဖြင့် ကြွေးမြီစီမံခန့်ခွဲမှု စွမ်းဆောင်ရည်ကို တိုးမြင့်အောင် လုပ်ဆောင်လျက်ရှိပြီး နိုင်ငံ၏ ကြွေးမြီခံနိုင်ရည်ရှိမှုအခြေအနေကိုလည်း သင့်တင့်သည့် အခြေအနေတွင်သာရှိရန် ထိန်းသိမ်းဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့က မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ အစိုးရငွေတိုက်လက်မှတ်များ အာမခံပေး၍ ချေးငွေရယူရန် ငွေကျပ် ၁၃၁၁ ဒသမ ၀၆၄ ဘီလီယံလျာထားမှုအပေါ် လွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဒုတိယ ဥက္ကဋ္ဌ ဦးဘိုဘိုငယ်က ပြည်ထောင်စုအစိုးရအဖွဲ့သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဖြစ်ပေါ်လာမည့် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏


ပြည်ထောင်စုဝန်ကြီး
ဦးသိန်းဆွေ


ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း


ဒုတိယဝန်ကြီး
ဒေါက်တာကျော်လင်း


မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်

လိုငွေနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ခန့်မှန်းချက်အတိုင်း ငွေကျပ် ၁၃၁၁ ဒသမ ၀၆၄ ဘီလီယံအတွင်း မကျော်လွန်စေဘဲ လိုအပ်ပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေတိုက်စာချုပ်များ၊ အစိုးရငွေတိုက်လက်မှတ်များ ဝယ်ယူခြင်းဖြင့် ဖြည့်ဆည်းပေးရမည် ဖြစ်ပါကြောင်း၊ ယင်းသို့ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ချေးငွေထုတ်ချေးခွင့်ပြုရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဥပဒေပုဒ်မ ၈၁ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ရယူပေးပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း နှင့် မေ ၂၆ ရက်တွင် ဆွေးနွေးရန် လျာထားပါကြောင်း အသိပေးကြေညာသည်။

## COVID-19 ရောဂါကြောင့် လူမှုစီးပွားရေးထိခိုက်မှုများကို ကုစားနိုင်ရေးနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒ ပြုပြင်ပြောင်းလဲမှုတိုးတက်ရေး လွှတ်တော်သို့ ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော COVID-19 ရောဂါကြောင့် လူမှုစီးပွားရေးထိခိုက်မှုများကို ကုစားနိုင်ရေးနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒ ပြုပြင်ပြောင်းလဲမှုတိုးတက်ရေးအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ ဂျပန်ယန်း ဘီလီယံ ၃၀ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် COVID – 19 ကပ်ရောဂါဖြစ်ပွားမှုကြောင့် လူမှုစီးပွားရေးဆိုင်ရာ ထိခိုက်မှုများကို ကုစားနိုင်ရန် နိုင်ငံတော်မှ COVID – 19 Economic Relief Plan (CERP) ကို ထုတ်ပြန်ခဲ့ပါကြောင်း၊ CERP တွင် ချမှတ်ထားသော ဆောင်ရွက်ရန် လုပ်ငန်းစဉ်များ (Action Plans) ကို ရေတို၊ ရေရှည်သတ်မှတ်ပြီး အကောင်အထည်ဖော်ရမည် ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရန်အတွက် ဘဏ္ဍာငွေအရင်းအမြစ်များ သုံးစွဲရန် လိုအပ်ပါကြောင်း။

ယခုချေးငွေသည် JICA အနေဖြင့် ကနဦးချေးငွေအဖြစ် ဂျပန်ယန်း ဘီလီယံ ၃၀ ပေးအပ်ခြင်းဖြစ်ပြီး မူဝါဒပိုင်းဆိုင်ရာ တိုးတက်မှုများအပေါ် မူတည်၍ နောက်ထပ် ချေးငွေများ ဆက်လက်ရရှိနိုင်သည်ကို သိရှိရပါကြောင်း၊ JICA ၏ ချေးငွေဆိုင်ရာ စည်းကမ်းချက်များအရ ဆိုင်းငံ့ကာလ ၁၀ နှစ်၊ ပြန်ဆပ်ကာလ နှစ် ၃၀၊ စုစုပေါင်း ချေးငွေသက်တမ်းနှစ် ၄၀ ဖြစ်ပြီး အတိုးနှုန်းမှာ ၀ ဒသမ ၀၁ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ဤချေးငွေစီမံကိန်းသည် တည်ဆဲဥပဒေများ၊ နိုင်ငံတော်၏ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာ၊ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀) MSDP နှင့် ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၇ ရက်က ထုတ်ပြန်ထားသော COVID – 19 Economic Relief Plan ပါ လုပ်ငန်းစဉ်များနှင့် ကိုက်ညီမှုရှိပါကြောင်း။

သို့ဖြစ်ပါ၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက COVID-19 ကြောင့် လူမှုစီးပွားရေးဆိုင်ရာ ထိခိုက်မှုများ လိုအပ်သလို ကုစားနိုင်ရေးနှင့် စီးပွားရေးနာလန်ထူလာစေရန် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် ဘဏ္ဍာငွေအရင်းအမြစ်တစ်ခုအနေဖြင့် JICA ထံမှ ချေးငွေဂျပန်ယန်း ဘီလီယံ ၃၀ ရယူနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုချက်ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် မေ ၂၆ ရက်တွင် ဆွေးနွေးရန် လျာထားပါကြောင်း ကြေညာသည်။

## ချေးငွေ အာမခံကော်ပိုရေးရှင်း တည်ထောင်ရန် အာရှဖွံ့ဖြိုးရေးဘဏ်(ADB) ထံမှ အမေရိကန်ဒေါ်လာ သန်း ၆၀ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြ

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေအာမခံကော်ပိုရေးရှင်း တည်ထောင်ရန် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာ သန်း ၆၀ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် ချေးငွေ၏ သက်တမ်းမှာ ဆိုင်းငံ့ကာလ ရှစ်နှစ်၊ ပြန်ဆပ်ကာလ ၂၄ နှစ် စုစုပေါင်း ချေးငွေသက်တမ်း ၃၂ နှစ်ဖြစ်ပါကြောင်း၊ ဆိုင်းငံ့ကာလအတွင်း တစ်နှစ်လျှင် အတိုးနှုန်း ၁ ရာခိုင်နှုန်းဖြစ်ပြီး ပြန်ဆပ်ကာလအတွင်း တစ်နှစ်လျှင် အတိုးနှုန်း ၁ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ချေးငွေအမေရိကန်ဒေါ်လာ သန်း ၆၀ အနက် ဒေါ်လာ သုံးသန်းကို လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံချက်အကောင်အထည်ဖော်ဆောင်ရေး ဆက်စပ်လုပ်ငန်းများအတွက် သုံးစွဲနိုင်ပါကြောင်း။

ချေးငွေအာမခံကော်ပိုရေးရှင်း တည်ထောင်၍ ငွေရေးကြေးရေး လက်လှမ်းမီမှုကို တိုးမြှင့်ပေးရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် ချေးငွေအာမခံကော်ပိုရေးရှင်းအနေဖြင့် ချေးငွေအာမခံချက် လိုအပ်သော SME လုပ်ငန်းများသို့ အာမခံချက်ထုတ်ပေးနိုင်ခြင်း၊ SME လုပ်ငန်းများ၏ ဘဏ်ချေးငွေရရှိမှုကို တိုးတက်စေနိုင်ခြင်း၊ ချေးငွေအာမခံကော်ပိုရေးရှင်းမှတစ်ဆင့် ပိုမိုကြီးမားသော ရင်းနှီးမြှုပ်နှံမှုများ နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရေးကို ဖြစ်ပေါ်လာစေခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်ပါကြောင်း၊ သို့ဖြစ်ပါ၍ ချေးငွေအာမခံကော်ပိုရေးရှင်းတည်ထောင်ရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ အတိုးနှုန်းသက်သာသည့် ချေးငွေအမေရိကန်ဒေါ်လာ သန်း ၆၀ ရယူဆောင်ရွက်ခွင့်ပြုပါရန် ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်ပြီး အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် မေ ၂၆ ရက်တွင် ဆွေးနွေးရန် လျာထားပါကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အဋ္ဌမအကြော့ အာဆီယံငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေး သဘောတူညီချက် အသက်ဝင်ရေး အတည်ပြုစာချုပ်လွှာတွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးနှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် မေ ၂၆ ရက်တွင် ဆွေးနွေးရန် လျာထားပါကြောင်း ကြေညာသည်။

## မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတား တည်ဆောက်ရေးစီမံကိန်းတိုးချဲ့ရန် ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ (EDCF) ထံမှ အမေရိကန်ဒေါ်လာ သန်း ၂၀ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတား တည်ဆောက်ရေးစီမံကိန်းတိုးချဲ့ရန် ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ (EDCF) ထံမှ အမေရိကန်ဒေါ်လာ သန်း ၂၀ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ကျော်လင်းနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် မေ ၂၇ ရက်တွင် ဆွေးနွေးရန် လျာထားပါကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်မည့် အီလက်ထရောနစ်စနစ်ဖြင့် လူဦးရေမှတ်ပုံတင်ခြင်းစီမံကိန်းအတွက် ဩစတြီးယားနိုင်ငံ Unicredit Bank ထံမှ အတိုးမဲ့ချေးငွေ ယူရို ၃၃ သန်း ရယူရေးနှင့် စပ်လျဉ်း ၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် မေ ၂၇ ရက်တွင် ဆွေးနွေးရန် လျာထားပါကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကျန်းမာရေးဆိုင်ရာ တုံ့ပြန်မှုအရေးပေါ် စီမံချက်အကောင်အထည်ဖော်ရန် *စာမျက်နှာ (၇) သို့*

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ပွင့်ဖြူမြို့နယ်တွင် နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာ အဆောက်အအုံဆောက်လုပ်ရန် မြေနေရာရွေးချယ်ထားမှုအခြေအနေ ကြည့်ရှုစစ်ဆေး

**ပွင့်ဖြူ မေ ၂၁**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုသည် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ပွင့်ဖြူမြို့သို့ ရောက်ရှိပြီး ဌာနဆိုင်ရာဝန်ထမ်းများအတွက် နေထိုင်ရေး အဆင်ပြေစေရန် နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာ အဆောက်အအုံ ဆောက်လုပ်ပေးနိုင်ရေး မြေနေရာရွေးချယ်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် တာဝန်ရှိသူများသည် ပွင့်ဖြူမြို့နယ်အတွင်း နေရပ်အသီးသီးမှ တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာဝန်ထမ်းများ နေရေးထိုင်ရေး အဆင်ပြေစေရေးအတွက် နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာဆောက်လုပ်ရန် မြေနေရာရွေးချယ်ထားရှိသည့် ပွင့်ဖြူမြို့နယ် စံပြကျေးရွာအနီးရှိ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၄) ချည်မျှင်နှင့် အထည်စက်ရုံဝင်းအတွင်း မြေကွက်လပ်နှင့် ပွင့်ဖြူမြို့နယ် ကံသာကြီးကျေးရွာအနီး စိုက်ပျိုးရေးဦးစီးဌာနပိုင် မျိုးစေ့သိုလှောင်ရုံဝင်းအတွင်းရှိ မြေကွက်လပ်များကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက မြေနေရာရွေးချယ် ထားရှိမှုများနှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြကြသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာ အဆောက်အအုံ အမြန်ဆုံးဆောက်လုပ်သွားနိုင်ရေး ကြိုတင်ဆောင်ရွက်ထားရှိရန်ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပွင့်ဖြူမြို့ သက်တော်ရှည်ရပ်ကွက်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက် ငွေကျပ် ၄၈ ဒသမ ၆၁ သန်းဖြင့် ဆန်းသစ်အောင်လှိုင်ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်နေသည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးသစ် အလျား ၄၂ ပေ၊ အနံ ၅၈ ပေ၊ အမြင့် ၁၂ ပေရှိ အာရ်စီတစ်ထပ် အဆောက်အအုံ တည်ဆောက်နေမှုကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ပြီးစီးရေး ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာသို့ တိုင်းဒေသကြီး ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးတင်နွယ်ဦး၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးမြင့်အောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်း၊ မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေး၊ ပွင့်ဖြူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်နှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



## အင်းလေးကန်ဒေသ တောင်ကတုံးများတွင် သစ်စေ့မြေလုံးများ ဆူးထိုးစိုက်ပျိုး

**ညောင်ရွှေ မေ ၂၁**

အင်းလေးကန် ရေရှည်တည်တံ့ထိန်းသိမ်းရေးအတွက် အင်းလေးကန်ရေဝေရေလဲဒေသအတွင်း သစ်ပင်ပေါက်ရောက်မှုမရှိသော တောင်ကတုံးများတွင် သစ်စေ့မြေလုံးများ ဆူးထိုးစိုက်ပျိုးခြင်းကို အင်းလေးအရှေ့ သစ်တောကြိုးဝိုင်း အတွင်းရှိ ရန်အောင်မြင်တောင်ကုန်းတွင် စိုက်ပျိုးဆောင်ရွက်ထားကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

ညောင်ရွှေမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် အင်းလေးကန် မတိမ်ကောရေးအတွက် သစ်တောသစ်ပင်စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို အဓိကဆောင်ရွက်လျက်ရှိရာ ယခုနှစ် မိုးဦးပိုင်းကာလ မေလတတိယပတ်အတွင်း သစ်ပင်ပေါက်ရောက်မှုနည်းပါးသည့် တောင်ကတုံးများတွင် သစ်စေ့ ၇၂၀၀၀ ပါဝင်သည့် သစ်စေ့မြေလုံး ၂၄၀၀၀ လုံးကို ကိုးပေအကွာ ဆူးထိုးစိုက်ပျိုးခဲ့ပြီး သစ်စေ့မျိုးစုံ ၆၃၀၀၀ ကို ကြဲပက်ခဲ့ကြောင်း၊ အဆိုပါ သစ်စေ့မြေလုံးများ ဆူးထိုးစိုက်ပျိုးရာတွင် ဘောစကိုင်း ၁၂၅၀၀၊ မယ်ဇလီ ၇၅၀၀၊ ရေသင်းဝင် ၄၀၀၀ ကို ဒေသခံပြည်သူများနှင့်အတူ စိုက်ပျိုးခဲ့ကြောင်း၊ ဆက်လက်၍ အင်းလေးအနောက်ကြိုးပြင်ကာကွယ်တောရှိ သစ်ပင်ပေါက်ရောက်မှု နည်းပါးသည့် တောင်ကတုံးများတွင်လည်း သစ်စေ့မြေလုံး ၃၀၀၀၀ ခန့် ဆူးထိုးစိုက်ပျိုးပြီး သစ်တောသစ်ပင် မျိုးစေ့ ၂၀၀၀၀၀ ကျော်ကို ကြဲပက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇမ်ဆွမ်းခိုင်က ပြောသည်။

**နေမျိုးသူရိန်**

*စာမျက်နှာ (၆) မှ*

ကမ္ဘာ့ဘဏ် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ (IDA) ထံမှ အမေရိကန်ဒေါ်လာ သန်း ၅၀ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်က ယခုချေးငွေသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ COVID-19 အတွက် အလျင်အမြန် အထောက်အကူပေးမည့် သီးသန့်အစီအစဉ်ခေါင်းစဉ်အောက်တွင် ချေးယူခြင်းဖြစ်ပါကြောင်း၊ အဆိုပါ ချေးငွေအား ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ပြည်သူ့ဆေးရုံကြီးများတွင် အထူးကြပ်မတ်ကုသဆောင်များနှင့် လူနာဆောင်များ အဆင့်မြှင့်တင်ခြင်း၊ Liquid Oxygen စက် ဝယ်ယူခြင်းတို့အတွက် အသုံးပြုသွားမည်ဖြစ်သဖြင့် ရောဂါကြောင့်သေဆုံးမှုကို တတ်နိုင်သမျှ လျှော့ချနိုင်မည် ဖြစ်ပါကြောင်း။

ထို့ပြင် ရောဂါဖြစ်ပွားမှုကာလ ကျော်လွန်ပြီးပါကလည်း ယခုစီမံချက်ဖြင့် အဆင့်မြှင့်တင်ခဲ့သည့် လူနာဆောင်များနှင့် အထူးကြပ်မတ်ကုသဆောင်များသည် နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ရပ်လုံးကို အထောက်အကူပြုမည်ဖြစ်သဖြင့် ရေရှည်အကျိုးဖြစ်ထွန်းမည့် စီမံကိန်းတစ်ရပ်ဖြစ်သည်ကို သိရှိရပါကြောင်း၊ ထို့ကြောင့် ကမ္ဘာ့ဘဏ်မှ ချေးယူသည့် ဒေါ်လာ သန်း ၅၀ သည် COVID -19 ကုသရေးအတွက်သာ သုံးစွဲမည်ဖြစ်သဖြင့် ကူးစက်ပျံ့နှံ့မှုကို ထိထိရောက်ရောက် ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် လုံလောက်သည့် ဘတ်ဂျက်များ လျာထားနိုင်ပါရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

အဆိုပါ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ဝင်းမင်းထွန်း၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ဇေဖြိုး၊ ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာထွန်းလင်းမော်၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၇) မှ ဒေါ်ကျိန်ငိုက်မန်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မိုးကျော်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျော်သောင်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မျိုးဝင်းလှိုင်၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၆)မှ ဦးကျင့်ခန့်ပေါင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၁) မှ ဒေါ်ထုမေနှင့် ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီတို့က ဆက်လက်ဆွေးနွေးကြသည်။

### ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း နှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း နှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင် ဒေါ်ရွှေရွှေစိန်လတ်က အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၄/၂၀၂၀) ကို ဖတ်ကြားတင်ပြပြီး လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၄၊ နည်းဥပဒေခွဲ (ဃ)၊ (င) တို့နှင့်အညီ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ဆွေးနွေးလိုသည့် ဌာန၊ အဖွဲ့အစည်းကို ဖော်ပြပြီး ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးခင်မောင်သန်းက အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၅/၂၀၂၀) ကို ဖတ်ကြားတင်ပြပြီး လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၄၊ နည်းဥပဒေခွဲ (ဃ)၊ (င) တို့နှင့်အညီ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ဆွေးနွေးလိုသည့် ဌာန၊ အဖွဲ့အစည်းကို ဖော်ပြပြီး ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

### မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက လက်ရှိ ကမ္ဘာ့ကပ်ရောဂါဘေးကြောင့် တစ်ကမ္ဘာလုံး စီးပွားရေးလုပ်ငန်းများ၊ ဝင်ငွေများ ကျဆင်းနေသည့်အခြေအနေတွင် မိမိနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုအသစ်များ တိုးမလာနိုင်သော်လည်း ရှိပြီးသား ရင်းနှီးမြှုပ်နှံမှုများ မလျော့သွားစေရန်နှင့် မပျောက်ပျက်သွားစေရန်တို့အတွက် နည်းလမ်းများစွာဖြင့် ကြိုတင်စီမံကာကွယ်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံခြားငွေ ဈေးနှုန်းကျဆင်းနေမှုသည် ပို့ကုန်ကဏ္ဍအတွက် အခက်အခဲဖြစ်နိုင်သောကြောင့် ထိန်းညှိဆောင်ရွက်ပေးရန်လည်း လိုအပ်ပါကြောင်း။

လက်ရှိ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေဆဲကာလ ကျော်လွန်ပြီးနောက်ပိုင်းတွင် လက်ရှိရင်းနှီးမြှုပ်နှံမှုများ လျော့နည်းကျဆင်းမသွားဘဲ ပြန်လည်လည်ပတ်နိုင်ရေးနှင့် ကမ္ဘာ့နိုင်ငံများအခြေအနေအရ နိုင်ငံအတွက် အားသာချက်၊ ဈေးကွက်အလားအလာကောင်းများရရှိလာနိုင်မည့် လုပ်ငန်းကဏ္ဍ၊ ပို့ကုန်များကို ကုန်သွယ်ဖက်နိုင်ငံများအပြင် အခြားဈေးကွက်အလားအလာရှိနိုင်သည့် နိုင်ငံများ၏ အနေအထားများကို ကြိုတင်လေ့လာထားပြီး အချိန်ကိုက်ထုတ်လုပ်နိုင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ နှစ်ခု ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန် အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၂) မှ ဦးခင်မျိုးဝင်း၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး ဇော်လွင်နှင့် ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၇) မှ နော်ခရစ္စထွန်း (ခေါ်) ဒေါက်တာအားကာမိုးတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို မေ ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

# တရုတ်နိုင်ငံ နယ်စပ်ဂိတ်အသီးသီးမှ ပြန်လည်ဝင်ရောက်လာမည့် မြန်မာနိုင်ငံသားများအတွက် ရည်ရွယ်လျက် လားရှိုး-မန္တလေး အထူးရထား နေ့စဉ်ပြေးဆွဲပေးလျက်ရှိ

**ရန်ကုန် မေ ၂၁**

ကိုဗစ်-၁၉ ကာလအတွင်း ပြည်သူများ ခရီးသွားလာမှုကို ကန့်သတ်ရန် လိုအပ်သည့်အတွက် တစ်နိုင်ငံလုံးတွင်ရှိသည့် ရထားသွားလာမှုများကို ဧပြီ ၁၀ ရက်မှ စတင်၍ လျှော့ချပြေးဆွဲနေသော်လည်း အဓိကကျသည့် လမ်းပန်းဆက်သွယ်မှု ခြောက်ခုတွင် ရထားတစ်စင်းစီ စီစဉ်ပြေးဆွဲလျက်ရှိကြောင်း မြန်မာ့မီးရထား လက်ထောက်အထွေထွေမန်နေဂျာ (သွားလာရေး/တိုင်း) ဦးဇော်လွင်ထံမှ သိရသည်။

ကိုဗစ်-၁၉ ကြောင့် တစ်နိုင်ငံလုံးရှိ ရထားသွားလာမှုကို လျှော့ချထားသော်လည်း (၁) ရန်ကုန်-မန္တလေး၊ (၂) ရန်ကုန်-မော်လမြိုင်၊ (၃) ရန်ကုန်-ပြည်၊ (၄) မန္တလေး-မြစ်ကြီးနား၊ (၅)နေပြည်တော်-ချောက်၊ (၆)ပုသိမ်-ကြံခင်း(ဧရာဝတီတိုင်းဒေသကြီး) လမ်းပိုင်းတို့တွင် တစ်စင်းစီ စီစဉ်ပြေးဆွဲပေးလျက်ရှိကြောင်း ဦးဇော်လွင်က ပြောသည်။

" မြန်မာ့မီးရထားအနေနဲ့ ဧပြီ ၁၀ ရက်ကစပြီး ကျန်တဲ့လမ်းပိုင်းအသီးသီးမှာ ပြေးဆွဲနေတဲ့ ရထားတွေအားလုံးကိုတော့ ယာယီရပ်နားခဲ့ပါတယ်။ ပြေးဆွဲပေးနေတဲ့ လမ်းပိုင်းခြောက်ခုကလည်း မဖြစ်မနေ သွားလာရမယ့် ခရီးသွားပြည်သူတွေအတွက် စီစဉ်ပေးထားတာဖြစ်ပါတယ်။ ဒါ့အပြင် စားသောက်ရေးကိစ္စအဆင်ပြေစေဖို့ ရထားတွေ အားလုံးမှာ စားသောက်ကုန် တင်ဆောင်လို့ရအောင် ပါဆယ်တွဲတွေ ချိတ်ဆက်ပေးထားပါတယ်။ နောက် အဓိကကျတဲ့ ရန်ကုန်-မန္တလေး လမ်းပိုင်းမှာဆို စားသောက်ကုန် ပစ္စည်းတွေ နေ့စဉ် သယ်ယူပို့ဆောင်ပေးနိုင်အောင် ပါဆယ်အထူးရထားတွဲ တစ်စင်းကိုလည်း နေ့စဉ် ပြေးဆွဲပေးပါတယ်။ ကုန်စည်ပို့ဆောင်မှုအပိုင်းမှာလည်း ကုန်ရထားတွေကို ကုန်ရှိရင်ရှိသလို စီစဉ်ပြီး ပြေးဆွဲပေးခဲ့ပါတယ်" ဟု ၎င်းက ပြောသည်။



ရန်ကုန်ဘူတာကြီး၌ ခရီးသွားပြည်သူများ ရထားလက်မှတ်ဝယ်ယူနေကြစဉ်။

ယင်းသို့အဓိကလမ်းပိုင်းကြီး ခြောက်ခုပြေးဆွဲမှုအတွက် လက်မှတ်ရောင်းချရာတွင် အထက်တန်းတွဲ စီးနင်းလိုသူများအတွက် သုံးရက်ကြိုတင် ရောင်းချပေးပြီး ရိုးရိုးတန်းဆိုပါက တစ်ရက်ကြိုတင်၍ ရောင်းချပေးကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ရထားလက်မှတ်ရောင်းချမှုနှင့် ပတ်သက်၍ ဦးဇော်လွင်က "ရောင်းချတဲ့အခါမှာ စနစ်တကျတန်းစီစနစ်နဲ့ ရောင်းချပေးပါတယ်။ ရထားစီးဖို့ ဘူတာကိုလာပြီဆိုရင် ပထမဆုံး ဝင်ပေါက်တွေမှာ လက်ဆေးကန်တွေ ထားရှိပြီးတော့ လက်ဆေးနိုင်အောင် စီစဉ်ပေးပါတယ်။ ဒါ့အပြင် ခရီးသည်တွေ ပလက်ဖောင်းစကြံအတွင်းကိုဝင်ပြီဆိုတာနဲ့ တစ်ဦးချင်းအလိုက် အပူချိန်တိုင်းတာမှုတွေကို ဆောင်ရွက်ပေးပါတယ်။ ရထားတွဲထိုးလို့ နောက်ထပ်တစ်ခါ အပူချိန်တိုင်းတာမှုတွေ ဆောင်ရွက်ပါတယ်။ ရထားလိုက် လက်မှတ်စစ်တွေကလည်း အပူချိန်တိုင်းတာမှုတွေ ဆောင်ရွက်ပေးပါတယ်။ အဓိကပြောချင်တာက ကိုဗစ်-၁၉ နဲ့ ပတ်သက်လို့ ခရီးသည်တွေ ရောဂါကင်းရှင်းအောင် တာဝန်ရှိသူတွေက အဆင့်ဆင့်ကြပ်မတ်စစ်ဆေးပြီး ဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြောသည်။

အဓိက လမ်းပိုင်းကြီး ခြောက်ခုအတွက် ရထားပြေးဆွဲပေးရာတွင် တစ်ရက်လျှင် ခရီးသည်ပျမ်းမျှ ၆၀၀၀ ခန့် စီးနင်းလိုက်ပါလျက်ရှိကြောင်းသိရပြီး ကိုဗစ်-၁၉ မဖြစ်ပွားမီ ရထားပြေးဆွဲမှုနှင့် ခရီးသည် စီးနင်းမှုအခြေအနေသည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အမြန်ရထား၊ စာပို့ရထား၊ လူစီးကုန်တင်ရထား၊ ခရီးတိုရထား စသည်ဖြင့် တစ်ရက်ကိုပျမ်းမျှ ၁၅၂ စင်း နေ့စဉ်ပြေးဆွဲပေးခဲ့ရာ တစ်ရက်လျှင် ခရီးသည် ပျမ်းမျှ ၃၆၀၀၀ ခန့် စီးနင်းလျက်ရှိကြောင်း သိရသည်။

"လက်ရှိအနေအထားကတော့ မြန်မာ့မီးရထားအနေနဲ့ လမ်းပိုင်းကြီး ခြောက်ခုမှာ ရထားအစုန်/အဆန် ၁၂ စင်းနဲ့ နေ့စဉ်ပြေးဆွဲပေးနေတယ်။ ခရီးသည်ကတော့ တစ်ရက်ကို ပျမ်းမျှ ၆၀၀၀ လောက်ရှိပါတယ်။ ရထားတွဲဆိုင်းတွေရဲ့ သန့်ရှင်းသပ်ရပ်မှု၊ ဘူတာရုံတွေရဲ့ သန့်ရှင်းသပ်ရပ်မှုတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ရထားတွဲဆိုင်းအသုံးပြုပြီး ညပိုင်းရပ်နားပြီဆိုလည်း ရထားတွဲတွေအားလုံး ရေဆေးကြော သန့်စင်မှုတွေ ဆောင်ရွက်ပါတယ်။ တွဲဆိုင်းတွေ သန့်ရှင်းမှုအတွက် တစ်ပတ်တစ်ကြိမ် ဆေးဖျန်းခြင်းကိုလည်း ဆောင်ရွက်ပါတယ်" ဟု ဦးဇော်လွင်က ဆိုသည်။

မြန်မာ့မီးရထားသည် ကိုဗစ်-၁၉ ကာလအတွင်း နိုင်ငံရပ်ခြားမှတစ်ဆင့် နယ်စပ်ဂိတ်အသီးသီးမှ ပြန်လည်ဝင်ရောက်လာမည့် မြန်မာနိုင်ငံသားများအတွက် ရည်ရွယ်လျက် လားရှိုး-မန္တလေး အထူးရထားကို မေ ၆ ရက်မှစတင်ကာ နေ့စဉ်ပြန်လည်ပြေးဆွဲပေးလျက်ရှိသည်။

"အရင်က မန္တလေး-လားရှိုး ရထားလမ်းပိုင်းမှာ ၁၃၁(အဆန်) ၊ ၁၃၂(အစုန်) ဆိုပြီး ပြေးတယ်။ ကိုဗစ်-၁၉ ကြောင့် ရထားလျှော့ချပြေးဆွဲတဲ့အထဲမှာ ပါသွားတာ။ အဲဒီလို ယာယီရပ်ဆိုင်းထားနေရာက တရုတ်နိုင်ငံကနေ သူတို့ရဲ့ နေရပ်ဒေသအသီးသီးကို ပြန်လာကြတဲ့ နေရပ်ပြန်တွေရဲ့ သွားလာမှုအဆင်ပြေစေဖို့ မေ ၆ ရက်ကစပြီး လားရှိုးနဲ့ မန္တလေး အထူးရထားကို နေ့စဉ် ပြန်လည်ပြေးဆွဲပေးနေတာ ဖြစ်ပါတယ်။ ခရီးသည် ပျမ်းမျှ နေ့စဉ် ၄၀၀ လောက် စီးနင်းနေကြပါတယ်။ ရထားလက်မှတ်ဈေးနှုန်းကတော့ ရိုးရိုးတန်းကို ကျပ် ၂၄၀၀ နှုန်းနဲ့ တွဲ(၆)တွဲချိတ်ပြီး ပြေးဆွဲပေးနေပါတယ်" ဟု ဦးဇော်လွင်က ပြောသည်။

**သတင်း-ညွန့်ကိုကို၊ ဓာတ်ပုံ -UZL**

## မူဆယ်မြို့၌ ဟိုတယ်များပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် တာဝန်ရှိသူများ လိုက်လံစစ်ဆေး

**မူဆယ် မေ ၂၁**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေးကာလတွင် ယာယီရပ်နားထားသည့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ခွင့်ပြုလုပ်ငန်းလိုင်စင်ရရှိထားသောဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာများကို ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် မူဆယ်မြို့ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားရေးဦးစီးဌာနမှ ဦးဆောင်၍ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့က မေ ၂၁ ရက်က လိုက်လံကြည့်ရှုစစ်ဆေးသည်။**(အောက်ပုံ)**

### ကြည့်ရှုစစ်ဆေး

အဆိုပါအဖွဲ့သည် မြန်မာနိုင်ငံ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လမ်းညွှန်ချက်များ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းချက်နှင့်အညီ အလုပ်ရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေး လမ်းညွှန်ချက်များ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့် ကိုက်ညီမှုရှိ/မရှိတို့ကို မေးမြန်းကြည့်ရှုစစ်ဆေးသည်။



### ပြန်လည်ဖွင့်လှစ်

မူဆယ်မြို့၌ ဟိုတယ်များ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံသို့ တင်ပြသွားမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိမှသာလျှင် ဟိုတယ်များကို ပြန်လည်ဖွင့်လှစ်နိုင်မည်ဖြစ်သည်။ လားရှိုးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်၊ ကုသရေးကာလတွင် ယာယီရပ်နားထားသည့် ဟိုတယ်တချို့ကို မေ ၂၁ ရက်မှစတင်ပြီး ပြန်လည်ဖွင့်လှစ်နိုင်ပြီဖြစ်သည်။

မူဆယ်ခရိုင်အတွင်း၌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ခွင့်ပြုလုပ်ငန်းလိုင်စင်ရရှိထားသော ဟိုတယ်စုစုပေါင်း ၁၇ ခုရှိပြီး မူဆယ်မြို့၌ ဟိုတယ်စုစုပေါင်း ၁၄ ခုရှိကြောင်း သိရသည်။

**ဆလိုင်းဇန်ရိုးထန်(ပြန်/ဆက်)**



## တောင်ငူခရိုင်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်(အငြိမ်းစား)များအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

**တောင်ငူ မေ ၂၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်(အငြိမ်းစား)များအား တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အခြေခံစားကုန် လေးမျိုး ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို မေ ၂၀ ရက် နံနက် ၈ နာရီက တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းနှင့် အရာရှိကြီးများ၊ တောင်ငူခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်လွင်ဦးနှင့် တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင် (အငြိမ်းစား)များ တက်ရောက်ခဲ့သည်။ ရဲတပ်ဖွဲ့ဝင်(အငြိမ်းစား) ၅၀ အတွက် တစ်ဦးလျှင် ၁၆ ရက်စာ ရိက္ခာအဖြစ် ဆန် ငါးပြည် ငါးဘူး၊ ဆီ ၃၂ ကျပ်သား၊ ပဲ ၄၈ ကျပ်သား၊ ဆား ၂၈ ကျပ်သားနှုန်းကို တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းက ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

❑ *ကျောဖုံးမှ*


နံ့သာကျွန်းနှင့် မေယုမြစ်ဝသည် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်နှင့် စစ်တွေမြို့နယ်အကြား တည်ရှိပြီး ဧရိယာအားဖြင့် ဟက်တာပေါင်း ၃၆၀၈ ဟက်တာ (၈၉၁၆ ဧကခန့်) သာ ကျယ်ဝန်းသော်လည်း ငါး၊ ပုစွန်၊ ခရု၊ ကဏန်း စသည်တို့ ပေါကြွယ်ဝသော ရွှံ့နွံတော/လတာပြင်များရှိသည့်အတွက် ဇီဝမျိုးစုံမျိုးကွဲ စုံလင်ပြီး မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိနေသော ကမ္ဘာပေါ်တွင် ကောင်ရေ ၄၀၀ ခန့်သာကျန်ရှိတော့သည့် ရေညှော်င့်နှုတ်ပိုင်းငှက်ကောင်ရေ ၂၃ ကောင်မှ ၃၆ ကောင်ခန့်အထိ နှစ်စဉ်လာရောက်ဆောင်းခိုလေ့ရှိသည့်အပြင် မျိုးသုဉ်းရန် အန္တရာယ်ရှိသော ပင်လယ်လိပ်ကြီးများလည်း တက်ရောက် ဥ အု ကျက်စားလေ့ရှိသော နေရာတစ်ခုဖြစ်သည်။

နံ့သာကျွန်းနှင့် မေယုမြစ်ဝအား ရမ်ဆာကွန်ဗင်းရှင်း၏ စံသတ်မှတ်ချက် ကိုးခုအနက် စံသတ်မှတ်ချက် ငါးချက်နှင့် ကိုက်ညီသည့်အတွက် ရမ်ဆာရေဝပ်ဒေသထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ခံရခြင်း ဖြစ်သည်။ ၎င်းစံသတ်မှတ်ချက် ငါးခုမှာ ရွှံ့နွံလတာပြင်များဖြင့် ထူးခြားကောင်းမွန်သည့် သဘာဝရေဝပ်ဒေသ အမျိုးအစားဖြစ်ခြင်း၊ မျိုးသုဉ်းလုနီးပါး အန္တရာယ်ကျရောက်လျက်ရှိသော ရေညှော်င့်နှုတ်ပိုင်းငှက် နှစ်စဉ် ကောင်ရေ ၂၃ ကောင်မှ ၃၆ ကောင်ခန့် လာရောက်ကျက်စားလျက်ရှိပြီး အခြားရှားပါးမျိုးစိတ်များဖြစ်သော နေဘွဲ့၊ နှုတ်သီးရှည်မြီးမဲ၊ နှုတ်တို ရှည်ငှက်၊ ခြေစိမ်းပြောက်နှင့် တောင်နန်းခေါင်းကြား စသည့်ရွှေ့ပြောင်းငှက်များလည်း လာရောက်ဆောင်းခိုသည့်နေရာဖြစ်သည့်အပြင် ကမ္ဘာ့ရှားပါးပင်လယ်လိပ်မျိုးစိတ်များဖြစ်သည့် ပြင်သာလိပ်၊ လိပ်စောင်းလျားနှင့် လိပ်လှောင်းတို့ ဥ အု ကျက်စားသည့်နေရာဖြစ်ခြင်း၊ ယင်းသို့ ဆောင်းခိုငှက်များ ရွှေ့ပြောင်းကျက်စားခြင်းနှင့် ပင်လယ်လိပ်များ တက်ရောက်ဥအုခြင်းတို့ကြောင့် မျိုးသုဉ်းရန် ခြိမ်းခြောက်ခံနေရသည့် မျိုးစိတ်များ၏ ဇီဝစက်ဝန်းအရ အရေးပါသည့်နေရာဖြစ်ခြင်း၊ ရေညှော်င့်နှုတ်ပိုင်းငှက်၊ ခြေစိမ်းပြောက်နှင့် တောင်နန်းခေါင်းကြား စသည့်ရှားပါးငှက်များ ကမ္ဘာ့စုစုပေါင်းကောင်ရေ၏ ၁ % ကျော် လာရောက်ကျက်စားသည့်နေရာဖြစ်ခြင်းနှင့် ကမ်းရိုးတန်းတစ်လျှောက်ရှိ ဒီရေရောက်သစ်တောများသည် ငါး၊ ပုစွန်၊ ကဏန်းတို့ သားပေါက်ရှင်သန်ကျက်စားရာနေရာ ဖြစ်ခြင်းတို့ကြောင့် ရမ်ဆာရေဝပ်ဒေသထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ခံရခြင်းဖြစ်သည်။

နံ့သာကျွန်းနှင့် မေယုမြစ်ဝသည် အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်း (EAAFP) ကွန်ရက်နယ်မြေတစ်ခုလည်းဖြစ်ပြီး ထိန်းသိမ်းကာကွယ်မှုအား စနစ်တကျ ဆောင်ရွက်နိုင်ရန် သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ခြင်းကို ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ်၏ ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲနေ့ ဆောင်ပုဒ်ဖြစ်သည့် “Our solutions are in nature” အရ လူသားများလိုအပ်ချက်အတွက် ဖြေရှင်းမှုများသည် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှုအပေါ်တွင် မူတည်သည်ဖြစ်ရာ သယံဇာတအရင်းအမြစ်များကို သဘာဝပတ်ဝန်းကျင်နှင့် ဟန်ချက်ညီစွာ ထိန်းသိမ်းကာကွယ်ရန်၊ စီမံအုပ်ချုပ်ရန်နှင့် အသုံးပြုရန် လိုအပ်သည်။

မြန်မာနိုင်ငံတွင် မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၂၀၀၄)၊ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၂၀၁၆)၊ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၂၀၁၇)၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၂၀၁၈)၊ မုတ္တမပင်လယ်ကွေ့ဒေသ(၂၀၂၀) တို့အား ရမ်ဆာဒေသအဖြစ် သတ်မှတ်ထားပြီးဖြစ်၍ နံ့သာကျွန်းနှင့် မေယုမြစ်ဝသည် ဆဋ္ဌမမြောက် ရမ်ဆာဒေသဖြစ်လာသည့်အတွက် ယခုအခါ မြန်မာနိုင်ငံတွင် ကမ္ဘာ့အဆင့် အရေးပါသော ရမ်ဆာရေဝပ်ဒေသ ခြောက်ခု၊ ဧရိယာ ၂၇၈၆၆၉ ဟက်တာရှိလာပြီ ဖြစ်သည်။

မြန်မာနိုင်ငံသည် ရမ်ဆာကွန်ဗင်းရှင်းသို့ ၂၀၀၅ ခုနှစ်ကတည်းက စတင်ဝင်ရောက်ခဲ့ပြီး နိုင်ငံအတွင်းရှိ ရေဝပ်ဒေသအားလုံးကို ဒေသခံများ၏ အခြေခံစားဝတ်နေရေးနှင့် ရာသီဥတုပြောင်းလဲမှုဒဏ် လျော့နည်းစေခြင်း၊ ထိန်းညှိခြင်းတို့အတွက် အကျိုးရှိစွာအသုံးချခြင်း၊ နိုင်ငံတကာအဆင့်အရေးပါသော ရေဝပ်ဒေသများ (ရမ်ဆာဒေသ)ကို ထိန်းသိမ်းခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် ပူးတွဲပိုင်ဆိုင်သည့် ရေအရင်းအမြစ်များနှင့် မျိုးစိတ်များအပေါ် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ခြင်း စသည့်ကွန်ဗင်းရှင်းအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ရမ်ဆာဒေသအဖြစ် သတ်မှတ်ရန် အလားအလာကောင်းမွန်သည့် ရေဝပ်ဒေသအများအပြားရှိရာ ကွန်ဗင်းရှင်း၏ စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုကို ဆန်းစစ်၍ ရမ်ဆာရေဝပ်ဒေသထိန်းသိမ်းရေးနယ်မြေအဖြစ် အဆိုပြုခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




နံ့သာကျွန်းနှင့် မေယုမြစ်ဝ ရမ်ဆာဒေသ တည်နေရာပြမြေပုံ။

# မကွေးတိုင်းဒေသကြီးအတွင်း ၂၀၂၀ ပြည့်နှစ် မိုးသီးနှံစိုက်ပျိုးမည့် တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သန်းပေါင်း ၁၄၀၀၀၀ ကျော် ထုတ်ချေးမည်

**မကွေး မေ ၂၁**

မကွေးတိုင်းဒေသကြီးအတွင်း ၂၀၂၀ ပြည့်နှစ် မိုးရာသီတွင် မိုးသီးနှံစိုက်ပျိုးမည့်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သန်းပေါင်း ၁၄၀၀၀၀ ကျော်အား ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တိုင်းမန်နေဂျာ ဦးကျော်တင်ဦးထံမှ သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်ပေါင်း ၂၅ မြို့နယ်အတွက် ၂၀၂၀ ပြည့်နှစ် မိုးရာသီကာလ၌ စပါး၊ နှမ်းနှင့် အခြားသီးနှံစိုက်ပျိုးသောတောင်သူများအား ချေးငွေပေါင်း ၁၄၃၂၅၂ ဒသမ ၈၅ သန်းအား ထုတ်ချေးပေးသွားမည်ဖြစ်ပြီး စိုက်ပျိုးစရိတ်ထုတ်ချေးပေးမှုအနေဖြင့် မိုးစပါးတစ်ဧကလျှင် ချေးငွေကျပ် ၁၅၀၀၀၀ ၊ အခြားသီးနှံတစ်ဧကလျှင် ချေးငွေကျပ် ၁၀၀၀၀၀ နှုန်းတို့ဖြင့် ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ဘဏ်အတိုးနှုန်းအနေနဲ့ ပြီးခဲ့တဲ့လပိုင်းက ဗဟိုဘဏ်က ဘဏ်အတိုးနှုန်းတွေ လျှော့ချလိုက်တဲ့အတွက် တောင်သူတွေကို တစ်နှစ်မှာ အတိုးနှုန်း ရှစ်ရာခိုင်နှုန်း အတိုးနဲ့ထုတ်ချေးသွားမှာပါ။ ဒါ့အပြင် ချေးငွေထုတ်ယူတဲ့တောင်သူအနေနဲ့ ဘဏ်ချေးငွေထုတ်ချေးထားပြီး ပြန်ပေးသွင်းရမယ့် သတ်မှတ်ကာလထက် နောက်ကျခဲ့ရင် ဒဏ်ကြေးအနေနဲ့ ငွေ ၁၀၀ ကျပ်ကို(တစ်ကျပ်) တိုးနဲ့ဒဏ်ကြေးပေးဆောင်ရမှာဖြစ်ပါတယ်”ဟု မကွေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးကျော်တင်ဦးက ပြောသည်။

၂၀၂၀ ပြည့်နှစ် မကွေးတိုင်းဒေသကြီးအတွင်းရှိ ၂၅ မြို့နယ်မှ မိုးစပါးစိုက်ဧက ၄၀၆၇၆၁ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၆၁၀၁၄ ဒသမ ၁၅ သန်းနှင့် အခြားသီးနှံစိုက်ဧက ၈၂၃၈၇ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၈၂၃၈ ဒသမ ၇၀ သန်း ထုတ်ချေးမည်ဖြစ်ကြောင်းနှင့် စုစုပေါင်းမိုးသီးနှံစိုက်ဧက ၁၂၉၁၄၈ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ်ပေါင်း ၁၄၃၂၅၂ ဒသမ ၈၅ သန်းအား ထုတ်ချေးသွားမည်ဖြစ်ကြောင်းနှင့် ၂၀၂၀ ပြည့်နှစ်မြို့နယ်လေးမြို့နယ်မှ နွေစပါးသီးနှံစိုက်ဧက ၃၈၂ ဧကနှင့် ကြံစိုက်ဧက ၁၀၆၁၅ ဧကစိုက်ပျိုးသော တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေ ၁၁၁၈၈ သိန်းအား ထုတ်ချေးပေးခဲ့ကြောင်း မကွေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

**မေသူလွင်(မကွေး)**

❖ *ကျောဖုံးမှ*

ထို့အပြင် ဗီယက်နမ်နိုင်ငံတွင် အခက်အခဲဖြစ်နေသည့် မြန်မာနိုင်ငံသားကိုးဦးကိုလည်း မြန်မာနိုင်ငံရောက် ဗီယက်နမ်နိုင်ငံသားများအား လာရောက်ခေါ်ဆောင်သည့် Vietjet ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ၎င်းမြန်မာနိုင်ငံသား ကိုးဦးသည် ယနေ့မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် (၂၁)ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများ၌ အခက်အခဲတွေ့နေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်ထိ မြန်မာအစိုးရအနေဖြင့် ပြည်ပနိုင်ငံများတွင် ရောက်ရှိပိတ်မိနေသည့် မြန်မာနိုင်ငံသားစုစုပေါင်း ၂၀၃၇ ဦးအား မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တက္ကသိုလ်ဝင်တန်း စာမေးပွဲ အဖြေလွှာများကို ဇွန်လဆန်းတွင် စစ်ဆေးသွားမည်

**မန္တလေး မေ ၂၁**

တက္ကသိုလ်ဝင်တန်း စာမေးပွဲအဖြေလွှာများကို ဇွန်လဆန်းပိုင်းတွင် စစ်ဆေးသွားမည် ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

“လက်တလော ဆယ်တန်းစာစစ်အတွက်ကတော့ Code တွေကို စပြီး ဒီအပတ်ထဲမှာ ခေါက်တယ်။ နောက်ပြီး စာစစ်ဖို့အစီအစဉ်ကိုတော့ ဇွန် ၃ ရက်မှာ သတင်းပို့၊ ဇွန် ၄ ရက်မှာ အမှတ်ပေးစည်းမျဉ်းကို ရှင်းပြီး ဇွန် ၅ ရက်ကနေ ၁၆ ရက်အထိ စစ်မယ်ဆိုတဲ့ ယေဘုယျ အချိန်ဇယားလေးကို သိထားရပါတယ်။ စာစစ်ပြီးတာနဲ့ အောင်စာရင်းထုတ်နိုင်မယ့်ကိစ္စကို အမြန်ဆုံး ဆောင်ရွက်ပေးမှာပါ။ ဆယ်တန်းအောင်စာရင်းပြီးမှပဲ ကျောင်းတွေဖွင့်မယ့် ကိစ္စတွေက စမ်းသပ်ကာလကို ရောက်မှာပါ။ ကျောင်းဖွင့်ဖို့ကိစ္စနဲ့ ပတ်သက်ပြီးတော့လည်း ဒီနှစ်ကတော့ နွေရာသီကျောင်းပိတ်ရက်နဲ့ ကိုဗစ်ကာလနဲ့က တိုက်ဆိုင်နေတာပေါ့။ တကယ်အမှန်တိုင်း ပြန်ဖွင့်ရမှာက ဇွန် ၁ ရက်ပေါ့။ ကိုဗစ်-၁၉ ရောဂါကြောင့် ကျောင်းဖွင့်မယ့်ရက်တွေက တဖြည်းဖြည်းနောက်ဆုတ်ထားတယ်။ ဘယ်အချိန်မှာ ဖွင့်ရမယ်ဆိုတဲ့ ညွှန်ကြားချက်ကို စောင့်နေတယ် ”ဟု မန္တလေးတိုင်း ဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး(ပညာ)ဦးစိုးလွင်က ပြောသည်။

တက္ကသိုလ်ဝင်တန်း စာမေးပွဲများကို မတ် ၁၁ ရက်မှ မတ် ၂၀ ရက်အထိကျင်းပခဲ့ရာ မြန်မာတစ်နိုင်ငံလုံးအနေဖြင့် တက္ကသိုလ်ဝင်တန်းဖြေဆို သူဦးရေ ၉၁၀၂၇၃ ဦး ဖြေဆိုခဲ့ကြောင်း အခြေခံပညာဦးစီးဌာန၏ ထုတ်ပြန်ချက်များမှ သိရသည်။ **ထိပ်ထားနိုင်**

# မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် မေ ၂၁**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်တော်မြို့တွင် ၂ ဒသမ ၇၂လက်မ၊ မောင်တောမြို့နှင့် စစ်တွေမြို့တို့တွင် ၂ ဒသမ ၃၆လက်မစီ၊ မော်လိုက်မြို့တွင် ၂ ဒသမ ၀၁ လက်မ၊ ဖောင်းပြင်မြို့တွင် ၁ ဒသမ ၈၅လက်မ၊ မာန်အောင်မြို့တွင် ၁ ဒသမ ၈၀ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၁ ဒသမ ၇၇ လက်မ၊ ပလက်ဝမြို့တွင် ၁ ဒသမ ၇၃လက်မ၊ မြိတ်မြို့နှင့် လောင်းလုံးမြို့တို့တွင် ၁ ဒသမ ၆၉ လက်မစီ၊ ကျောက်ပန်းတောင်း(စိုက်ပျိုးရေး)တွင် ၁ ဒသမ ၆၅လက်မ၊ ဇေါင်းတူမြို့တွင် ၁ ဒသမ ၆၁ လက်မနှင့် မအူပင်မြို့တွင် ၁ ဒသမ ၄၂ လက်မတို့ဖြစ်ကြသည်။ **မိုး/ဇလ**

## နိုင်ငံတော်အစိုးရ၏ ၄ နှစ်တာကာလအတွင်း ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၂၀ ပြည့်နှစ် မတ်လအထိ နိုင်ငံခြားပညာတော်သင် ၁၈၅၅၃ ဦး စေလွှတ်ထားပြီးဖြစ်

နေပြည်တော် မေ ၂၁

ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီတို့၏ခွင့်ပြုချက်ဖြင့် ၂၀၁၆ခုနှစ် ဧပြီလမှ ၂၀၂၀ပြည့်နှစ် မတ်လအထိ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ နှစ်အလိုက် နိုင်ငံခြားပညာတော်သင် စေလွှတ်ပေးနိုင်မှုမှာ အောက်ပါအတိုင်း ဖြစ်သည်-

**ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်အလိုက်ပညာသင်စေလွှတ်မှု အခြေပြဇယား**

| စဉ် | ပညာသင်နှစ် | သင်တန်းအမျိုးအစား | | | | ပေါင်း |
|---|---|---|---|---|---|---|
| | | ဘွဲ့မယူသည့် သင်တန်း | ဘွဲ့/ဒီပလိုမာ သင်တန်း | မဟာဘွဲ့ သင်တန်း | ပါရဂူဘွဲ့ သင်တန်း | |
| ၁ | ၂၀၁၆ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ | ၂၅၆၃ | ၃၉ | ၂၀၂ | ၁၈၁ | ၂၉၈၅ |
| ၂ | ၂၀၁၇ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ | ၃၇၁၄ | ၄၃ | ၄၉၈ | ၁၉၆ | ၄၄၅၁ |
| ၃ | ၂၀၁၈ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ | ၄၂၁၂ | ၅၁ | ၃၉၈ | ၁၇၃ | ၄၈၃၄ |
| ၄ | ၂၀၁၉ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ | ၄၉၈၃ | ၁၈ | ၄၆၀ | ၁၉၁ | ၅၆၅၂ |
| ၅ | ၂၀၂၀ပြည့်နှစ် ဇန်နဝါရီလမှ မတ်လအထိ | ၆၀၆ | - | ၁၆ | ၉ | ၆၃၁ |
| | **စုစုပေါင်း** | **၁၆၀၇၈** | **၁၅၁** | **၁၅၇၄** | **၇၅၀** | **၁၈၅၅၃** |

၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၂၀ ပြည့်နှစ် မတ်လအထိ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ စုစုပေါင်း ၅၅ ဌာနမှ နိုင်ငံပေါင်း ၇၅ နိုင်ငံသို့ နိုင်ငံခြား ပညာတော်သင် ၁၈၅၅၃ဦး စေလွှတ်ပေးခဲ့ရာ ရိုးရိုးသင်တန်းများသို့ ၁၆၀၇၈ဦး၊ ဘွဲ့ဒီပလိုမာသင်တန်းများသို့ ၁၅၁ ဦး၊ မဟာဘွဲ့သင်တန်းများသို့ ၁၅၇၄ ဦး၊ ပါရဂူဘွဲ့သင်တန်းများသို့ ၇၅၀ စေလွှတ်ပေးခဲ့ပြီးဖြစ်သည်။ အများဆုံးစေလွှတ်သည့် နိုင်ငံများမှာ အိန္ဒိယသမ္မတနိုင်ငံသို့ ၄၀၃၂ ဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ၃၅၅၆ ဦး၊ ဂျပန်နိုင်ငံသို့ ၂၇၂၇ဦး၊ ထိုင်းနိုင်ငံ သို့ ၂၁၆၁ ဦးနှင့် ကိုရီးယားသမ္မတနိုင်ငံသို့ ၁၃၀၀ အသီးသီးစေလွှတ်ခဲ့ပြီးဖြစ်သည်။

သတင်းစဉ်




## ကချင်ပြည်နယ်အတွင်းရှိ အခြေခံပြည်သူများအတွက် ကမ္ဘောဇဘဏ်က ဆန်အိတ် ၁၀၀၀ လှူဒါန်း

မြစ်ကြီးနား မေ ၂၁

**ကမ္ဘောဇဘဏ်သည် ကချင်ပြည်နယ်အတွင်းရှိ အခြေခံပြည်သူများအတွက် ဆန်အိတ် ၁၀၀၀ ကို မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရရုံး၌ မေ ၁၉ ရက်က လှူဒါန်းခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် လက်ခံရယူခဲ့သည်။** (အပေါ်ပုံ)

ကမ္ဘောဇဘဏ်သည် ၂၀၁၆ ခုနှစ်က ကချင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ်သိန်း ၁၀၀၀ မတည်လှူဒါန်းခဲ့ပြီး လာနီညာရာသီဥတုကြောင့် အအေးလွန်ကဲနိုင်သဖြင့် နေရပ်စွန့်ခွာပြည်သူများအတွက် ခေါင်းစွပ်ပါ အနွေးထည် ၃၀၀၀၀ ကိုလည်း ပေးအပ်လှူဒါန်းခဲ့သည်။

ထို့ပြင် နေပြည်တော် အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ အခြေခံ ပြည်သူများကို ပေးဝေလှူဒါန်းရန်အတွက် ရည်ရွယ်၍ ငွေကျပ်သိန်း ၆၀၀၀ ကျော် တန်ဖိုးရှိ ဆန်အိတ်များကို ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ကော်မတီသို့ လှူဒါန်းပေးအပ်ထားကာ စနစ်တကျ ဖြန့်ဝေလှူဒါန်းနေခြင်း ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဇဘဏ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက် ဆေးပေးခန်းများအတွက် ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ ရောဂါကာကွယ်ရေးပစ္စည်း ခြောက်မျိုးကို နေရာအရောက် နေ့စဉ်လှူဒါန်းခြင်းနှင့် National Health Laboratory အတွက် ငွေကျပ်သိန်း ၁၂၅၀ တန်ဖိုးရှိ အမေရိကန်နိုင်ငံထုတ် CAT အမျိုးအစား ၅၀၀ KVA မီးစက်ကြီးနှင့် ဆက်စပ်ပစ္စည်းများအား လှူဒါန်းခဲ့ပြီး ကိုဗစ်-၁၉ ကာကွယ်၊ ကုသရေးအတွက် KBZ MS General Insurance၊ KBZ Life၊ Myanmar Airways International (MAI) နှင့် Air KBZ တို့နှင့် လက်တွဲ၍ ကျပ်သိန်းပေါင်း ၃၅၂၂၄ သိန်း လှူဒါန်းထားသည်။ **ကိုကျော်**

## ထူးခြားသည့် နေ့ အပူချိန်များ

နေပြည်တော် မေ ၂၁

ထူးခြားသည့်နေ့အပူချိန်များမှာ မြဝတီမြို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်၊ ရမည်းသင်းမြို့၊ လွန်ကျော်မြို့နှင့် ချောက်မြို့တို့တွင် ၃၈ ဒီဂရီစင်တီဂရိတ်စီနှင့် ဗန်းမော်မြို့၊ မော်လိုက်မြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ မန္တလေးမြို့၊ ကျောက်ဆည်မြို့၊ လှိုင်းတက်မြို့နှင့် တံတားဦးမြို့တို့တွင် ၃၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မိုး/ဇလ

## ဒီးမော့ဆိုမြို့နယ်အတွင်း ဆည်၊ ကန်၊ ချောင်း၊ မြောင်းများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု ကယားပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

ဒီးမော့ဆို မေ ၂၁

**ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်ဆောင်ရွက်နေသော မြို့နယ်တစ်မြို့နယ်ဖြစ်ပြီး အဆိုပါစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်အတွက် လယ်ယာမြေများသို့ စိုက်ပျိုးရေ ပေးဝေနေသော ဆည်၊ ကန်၊ ချောင်း၊ မြောင်းများ ပြန်လည်ပြုပြင်ဖော်ထုတ်ခြင်းလုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**

ဆည်၊ ကန်၊ ချောင်း၊ မြောင်းများ ပြန်လည်ပြုပြင်ဖော်ထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မေ ၂၀ ရက်က ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်အတူ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူ၊ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘောစ်ကို၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့ လိုက်ပါ၍ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဒီးမော့ဆိုမြို့နယ်အတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ဆည်၊ ကန်၊ ချောင်း၊ မြောင်းများ ပြန်လည်ပြုပြင်ဖော်ထုတ်ခြင်းလုပ်ငန်းများကို လုပ်ငန်းတစ်ခုချင်းအလိုက် လိုက်လံကြည့်ရှုစစ်ဆေးပြီး ဒီးမော့ဆိုမြို့နယ်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အဓိက လုပ်ကိုင်ဆောင်ရွက်နေသော မြို့နယ်ဖြစ်ကာ ပြည်သူများ လယ်ယာစိုက်ပျိုးချိန်တွင် စိုက်ပျိုးရေ လုံလောက်စွာ ပေးဝေနိုင်ရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေ ပေးဝေရာတွင်လည်း ရေများ လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေး ရေတံခါးများ အဆင့်မြှင့်တင်ခြင်း၊ မြောင်းလက်တံများ ရေစီးရေလာ ကောင်းမွန်စေရေး ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပြီး အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများအကျိုးကို မျှော်မှန်းကာ လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒီးမော့ဆိုမြို့နယ် သေးဆူလဲကျေးရွာ စာသင်ကျောင်းမှ ရေနီချောင်းတံတားအထိ လမ်းအရှည် ပေ ၈၃၀၀၊ လမ်းအကျယ် ၁၂ ပေ ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် ကွန်ကရစ် တံတား အရှည် ပေ ၃၀၊ အကျယ် ၁၈ ပေ တည်ဆောက်ခြင်းလုပ်ငန်း၊ ဘုရားဖြူကျေးရွာ ကွင်းအမှတ်(၆၈)အတွင်း ၁၀ ဒသမ ၆၆ ဧက ကျယ်ဝန်းပြီး တိမ်ကောနေသော အင်းအမှတ် (၁) နှင့် (၂) တို့အား ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဆက်လက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်တွင်း၊ ပြည်ပ ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများ အပန်းဖြေအနားယူသည့် အထင်ကရ ငွေတောင်ဆည်သို့ ရောက်ရှိပြီး ငွေတောင်ဆည် ပတ်ဝန်းကျင်တွင် ဆောင်ရွက်နေသောလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်အပေါ် မှာကြားခဲ့ကြောင်း သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒီးမော့ဆိုမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ဆည်၊ ကန်၊ ချောင်း၊ မြောင်းများ ပြန်လည်တူးဖော်ပြုပြင်ခြင်းလုပ်ငန်းများသည် လုပ်ငန်းအားလုံး ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်းနှင့် အဆိုပါလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် လယ်မြေဧက ၂၀၀၀ ခန့်အား ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်မည့်အပြင် လယ်မြေဧက ၅၀၀၀ ခန့်ကို စိုက်ပျိုးရေလုံလောက်စွာပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**



## မန္တလေးဈေးချိုတော် မေ ၂၂ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်

မန္တလေး မေ ၂၁

ကိုဗစ်-၁၉ ကြောင့် ယာယီပိတ်ထားခဲ့သော မန္တလေးမြို့ရှိ အဆင့်မြင့်ဈေးချိုတော်နှင့် တိုက်တန်းကြီးကို မေ ၂၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ရန် ခွင့်ပြုသွားမည်ဖြစ်ကြောင်း မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

"ကျန်းမာရေးရဲ့ညွှန်ကြားချက်တွေနဲ့အညီ စစ်ဆေးမှုတွေ ပြီးစီးသွားလို့ မနက်ဖြန်မှာပဲ ပြန်ဖွင့်ပေးတော့မှာပါ။ ရောဂါထိန်းချုပ်နိုင်မှု အနေအထားလည်းရှိလာတဲ့အတွက် ရောဂါကူးစက်မှု ကာကွယ်ရေးအစီအမံတွေနဲ့ပြန်ဖွင့်ပေးတာပါ" ဟု အဆင့်မြင့်ဈေးချိုတော်နှင့် တိုက်တန်းကြီး ဈေးအကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးမျိုးမင်းထွန်းက ပြောသည်။

မန္တလေးမြို့ရှိ အဆင့်မြင့်ဈေးချိုတော်နှင့် တိုက်တန်းကြီးကို မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ နှစ်ပတ်ခန့်ကြိုတင် ပြင်ဆင်ကာ စစ်ဆေးမှုများ ဆောင်ရွက်ပြီး ပြန်လည်ဖွင့်လှစ်ခွင့်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ခွင့်ပြုလိုက်တာပါ၊ မနက်ဖြန်ကစလို့ ပုံမှန်အတိုင်းပဲ မနက် ၈ နာရီကနေ ၄ နာရီအထိ ပုံမှန်အတိုင်း ဖွင့်ပေးသွားမှာပါ။ ဥပုသ်ရက်တွေလည်း ပုံမှန်အတိုင်းပဲ ပိတ်ပါတယ်" ဟု ဦးမျိုးမင်းထွန်းက ပြောသည်။

အဆင့်မြင့်ဈေးချိုတော်နှင့်တိုက်တန်းကြီးကို ကိုဗစ်-၁၉ ရောဂါကြောင့် ပြီးခဲ့သည့် မတ် ၂၉ ရက်က စတင်ကာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အမိန့်ညွှန်ကြားချက်ဖြင့် ယာယီပိတ်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# မြန်မာအမျိုးသမီးတစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် မေ ၂၁**

မြန်မာအမျိုးသမီးတစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအရ အလုပ်နှင့် ထောင်ဒဏ် (၁၀)နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ် လားရှိုးမြို့နယ် ခိုက်တွေကျေးရွာနေ မအေးနေ (ဘ) ဦးပူကျောင်းနှင့် မအေးလွတ် (ခ)မအေးခို(ခ)မယ်အိုက်ဆင်း (ဘ)ဦးပေါ်အိုက်ဖက်တို့သည် မိုင်းရယ်မြို့နယ်၊ မိုက်ဟုန်းကျေးရွာနေ မ---- ၂၅ နှစ်အား တရုတ်နိုင်ငံရှိ ဈေးဆိုင်တွင် သွားရောက်အလုပ်လုပ်ကိုင်ပါက တစ်လလျှင် ကျပ် ၁၅၀၀၀၀ ရမည်ဟု လိမ်လည်စည်းရုံး၍ တရုတ်နိုင်ငံ၊ မိန်းတိန်မြို့ရှိ တရုတ်အမျိုးသားတစ်ဦးထံသို့ ယွမ် ၄၀၀၀၀ ဖြင့် ရောင်းစားခဲ့ပြီး အကျိုးအမြတ်ရယူခဲ့ကြသဖြင့် မိုင်းရယ်မြို့မရဲစခန်း (ပ)၂၈/၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ-၂၄/၃၂ ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး လားရှိုးခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မေ ၁၉ ရက်တွင် တရားခံ မအေးနေနှင့် မအေးလွတ် (ခ) မအေးခို (ခ) မယ်အိုက်ဆင်းတို့ နှစ်ဦးအား လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေပုဒ်မ-၂၄/၃၂ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ သိရသည်။ **သတင်းစဉ်**

● *ကျောဖုံးမှ*

ပြီးခဲ့သည့် ရက်သတ္တပတ်တွေ အတွင်းမှာ ဘွန်ဒက်စ်လီဂါဘောလုံးပွဲစဉ်တွေ ပြန်စမလား မည်သူမျှ သေချာမသိသေးခင်အချိန်တုန်းက ဆုံးဖြတ်ချက် မချချင်ခဲ့ဘူး။ အခုတော့ ကျွန်တော် စိတ်ပိုင်းဖြတ်လိုက်ပါပြီ၊ ဘိုင်ယန်မြူးနစ် အသင်းနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိုက်နိုင်ခြင်းကြောင့် ကျွန်တော် ပျော်ပါတယ်”ဟု အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုပြီးနောက် ယခုလို ပြောကြား လိုက်ခြင်းဖြစ်သည်။

ဂျာမန်ဘွန်ဒက်စ်လီဂါသည် ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပွဲစဉ်များ ရပ်နားထားရာမှ ပြီးခဲ့သည့် မေ ၁၆ ရက်တွင် ဘောလုံးပွဲစဉ်များ ပြန်လည်ကျင်းပလာခဲ့ရာ နျူအာ၏ ဘိုင်ယန်မြူးနစ်အသင်းက ယူနီယံ ဘာလင်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး လီဝမ်ဒေါ့စကီးနှင့် ပါဗက်တို့၏ သွင်းဂိုးများဖြင့် နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ထို့အပြင် ဂိုးသမား နျူအာလည်း ကိုဗစ်-၁၉ ကြောင့် ပြန်လည်စတင်သည့် ပထမဆုံးပွဲတွင် ဘိုင်ယန်မြူးနစ် အသင်းအတွက် ဂိုးမပေးရအောင် စွမ်းဆောင်ပေးထားနိုင်သည့် မှတ်တမ်း ပိုင်ဆိုင်ခဲ့သည်။ ၎င်းသည် ဂျာမနီအသင်းအတွက် ၉၂ ပွဲ ပါဝင်ကစားထားပြီး ၂၀၁၄ ခုနှစ် ဂျာမနီအသင်း ကမ္ဘာ့ဖလားရရှိခဲ့စဉ်က ဂျာမနီအသင်းအတွက် အဓိက အခန်းကဏ္ဍမှ ပါဝင်ကစားခဲ့သူဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်း အမှုဆောင် အရာရှိချုပ် ကားလ် ဟိန့်ဇ် ရူမင်နစ်ဂီကလည်း “နျူအာရဲ့အသင်းမှာ ဆက်နေဖို့ ဆုံးဖြတ်ချက်နှင့် ပတ်သက်ပြီး ပျော်ပါတယ်၊ ကျေနပ်ပါတယ်။ နောက်ပြီး သူဟာ ကမ္ဘာမှာ အကောင်းဆုံး ဂိုးသမားပါပဲ”ဟု ပြောကြားခဲ့သည်။

ရှော်ကေးအသင်းမှ အသက် ၂၃ နှစ်အရွယ် ဂိုးသမား အလက်ဇန္ဒြား နျူဘဲလ်သည် လာမည့်ရာသီတွင် နျူအာနှင့် ပူးပေါင်းဖွယ်ရှိနေကြောင်း သိရသည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ဂျာမနီ ယူ-၂၁ ဂိုးသမားဟောင်း နျူဘဲလ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ငါးနှစ် စာချုပ်ချုပ်ဆိုရန် သဘောတူညီမှု ရရှိထားကြောင်း ပြီးခဲ့သည့် ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့သည်။ **အောင်ဇော်**

# ကျောက်တံခါးမြို့နယ်၌ ယာဉ်နှစ်စီးတိုက် တစ်ဦးသေဆုံး

**ကျောက်တံခါး မေ ၂၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါး မြို့နယ် အောင်မြင်မြို့ တောကျွဲအင်းနယ်မြေရဲစခန်းအပိုင် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်အမှတ် ၁၁၃/၁ နှင့် ၂ အကြား အောင်မင်္ဂလာကျေးရွာအနီး၌ မေ ၂၁ ရက် နံနက် ၄ နာရီခန့်က ၁၈ ဘီးယာဉ်နှင့် လောင်စာဆီတင်ယာဉ်တို့ တိုက်မိ၍ ယာဉ်ဦးခေါင်းပိုင်း နှစ်ခုလုံး မီးလောင်ခဲ့ပြီး(**အောက်ပုံ**) ယာဉ်မောင်း တစ်ဦး မီးလောင်သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ဇော်မျိုးထက် (၃၅ နှစ်) မြင်းခြံမြို့နေ မောင်းနှင်သော ယာဉ်အမှတ် MGN-9K/----- ၂၂ ဘီး လောင်စာဆီတင်ယာဉ်သည် ဆီဂါလန် ၉၀၀၀ ကျော် တင်ဆောင် လာပြီး ယာဉ်ပေါ်တွင် အောင်စိုး ဝင်း(၄၆ နှစ်) မြင်းခြံမြို့နေ လိုက်ပါကာ ရှေ့မှလားရာတူ ယာဉ်မောင်း ခိုင်မိုးဆွေ (၃၉ နှစ်) ရွာမုန်းကြီးရွာ မြစ်သားမြို့နယ်နေသူ မောင်းနှင်လာ သည့် ယာဉ်အမှတ် MDY-6L/----- ၁၈ ဘီးယာဉ်သည် ယာဉ်ပေါ်တွင် ရော်ဘာသစ်ပါးလွှာ ၂၄ ထုပ် အလေး ချိန် တန် ၃၀ ခန့် တင်ဆောင်လာပြီး ယာဉ်နောက်လိုက် ဇော်ထက်ရှိန်(ခ)လူပေါ (၂၃ နှစ်) မြစ်သားမြို့နယ်နေသူ လိုက်ပါလာသောယာဉ်အား ကျော်တက်စဉ် အရှိန် မထိန်းနိုင်ဘဲ ၁၈ ဘီးယာဉ်၏ ဆီတိုင်ကီကို ဝင်တိုက်မိသဖြင့် မီးထလောင်ခဲ့ရာ ယာဉ်မောင်း ခိုင်မိုးဆွေ၊ ဇော်ရှိန်းထက်(ခ)လူပေါနှင့်အတူ ဆီဘောက်ဆာယာဉ်ပေါ်ပါ အောင်စိုးဝင်းတို့မှာ ယာဉ်ပေါ်မှ ခုန်ချထွက်ပြေးသဖြင့် ဒဏ်ရာများ ရရှိခဲ့ သည်။ လောင်စာဆီတင် ယာဉ်မောင်းဇော်မျိုးထက်မှာ ကားခေါင်းနှစ်ခုကြားတွင် ညှပ်လျက် မီးလောင်ကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။



မီးလောင်ရာသို့ ကျောက်တံခါး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးမိုးအောင် ဦးစီး၍ မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးနှင့်အတူ တောကျွဲအင်း မီးသတ်စခန်းမှ မီးသတ်ယာဉ်လေးစီး၊ ကျောက်တံခါး၊ ပဲနွယ်ကုန်း၊ ကညွတ်ကွင်းမြို့မှ မီးသတ်ယာဉ်တစ်စီးဖြင့် ဝိုင်းဝန်း မီးငြိမ်းသတ်ခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ကျောက်တံခါးမြို့နယ် တောကျွဲအင်းနယ်မြေရဲစခန်းမှ ယာဉ်အား ပေါ့လျော့စွာ မောင်းနှင်သူ ယာဉ်မောင်း ဇော်မျိုးထက်ကို အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# တာမွေမြို့နယ်၌ တိုက်ခန်းပြိုကျ၍ တစ်ဦးဒဏ်ရာရ

**ရန်ကုန် မေ ၂၁**

ရန်ကုန်မြို့ တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် အရိုးကုန်းလမ်းနှင့် ဦးလွန်းလမ်းထောင့်ရှိ ဟောင်ကောင်အမျိုးအစား နှစ်ခန်းတွဲနှစ်ထပ် အပေါ်ဆုံးအထပ်မှ မီးဖိုခန်းအကျယ်အဝန်း ၅ ပေx ၁၀ ပေခန့်သည် မေ ၂၁ ရက် နံနက် ၂ နာရီ မိနစ် ၂၀ ခန့်က ပြိုကျမှုဖြစ်ခဲ့ကြောင်း သိရသည်။

ပြိုကျစဉ်တွင် မြေညီထပ်၌ ရှိနေသည့် ကျော်စွာထွန်း (၂၈ နှစ်)ပေါ်သို့ အင်္ဂတေနှင့် အုတ်များ ပိကျမှုဖြစ်ခဲ့သည်။

တိုက်ပြိုကျရာသို့ တာမွေမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး အုတ်ပုံများအကြားမှ ကျော်စွာထွန်း ကို ရှာဖွေကယ်ထုတ်ပေးနိုင်ခဲ့ပြီး ဒဏ်ရာအနည်းငယ်သာ ရရှိခဲ့ကြောင်း သိရသည်။

**ကိုကြီးတင်**



# ၂၀၂၀ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲကို ပုံမှန်အတိုင်းကျင်းပနိုင်ရန် အာဆီယံဘောလုံးအဖွဲ့ချုပ် ကြိုးပမ်းနေ

**ရန်ကုန် မေ ၂၁**

အာဆီယံဘောလုံး အဖွဲ့ချုပ်သည် ၂၀၂၀ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲကို ယခင်သတ်မှတ်ထားသည့်အတိုင်း ပုံမှန်အတိုင်း ကျင်းပနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၀ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲကို နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ယင်းပြိုင်ပွဲကို ဆူဇူကီးက ဆက်လက် စပွန်ဆာပေးမည် ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အတွင်း ကျင်းပမည့် အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲ အပါအဝင် နှစ်ကုန်ပိုင်းတွင် ကျင်းပမည့် ပြိုင်ပွဲအားလုံးအတွက် ယခုလအတွင်း ကျင်းပမည့် အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီ အစည်းအဝေးတွင် အတည်ပြုမည်ဖြစ်သည်။ ယင်းကောင်စီအစည်းအဝေးကို ကိုရိုနာ



၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် မြန်မာအသင်း ယှဉ်ပြိုင်နေစဉ်။

ဗိုင်းရပ်စ်အခြေအနေကြောင့် Video Conferencing ဖြင့် ပြုလုပ်မည်ဖြစ်ပြီး ပြိုင်ပွဲများနှင့် ပတ်သက်၍ ကျင်းပမည့်ကာလ၊ အိမ်ရှင်နိုင်ငံအခြေအနေ၊ ပြိုင်ပွဲဝင်အသင်းများ၏ ဆန္ဒသဘောထားများကို မေးမြန်းကာ ပြိုင်ပွဲများနှင့်ပတ်သက်၍ အတည်ပြုသွားမည် ဖြစ် သည်။ အာဆီယံဆူဇူကီးဖလား ပြိုင်ပွဲကို ပြီးခဲ့သည့် ၂၀၁၈ ပြိုင်ပွဲပုံစံအတိုင်း ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်နိုင်ငံ သတ်မှတ်ခြင်းမရှိဘဲ ပြိုင်ပွဲဝင်အသင်း တစ်သင်းသည် အုပ်စုလေးပွဲကို အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်း နှစ်ပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကိုလည်း ယခင်နှစ်အတိုင်း အိမ်ကွင်း၊ အဝေးကွင်း ပုံစံအတိုင်း ကျင်းပမည်ဖြစ်သည်။

ယခုနှစ် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုပွဲများကို နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၈ ရက်၊ ဆီမီးဖိုင်နယ် ပထမအကျော့ကို ဒီဇင်ဘာ ၁၃၊ ၁၄ ရက်၊ ဒုတိယအကျော့ကို ဒီဇင်ဘာ ၁၇၊ ၁၈ ရက်၊ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၂၃ ရက်နှင့် ၂၇ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ယခုနှစ်ပြိုင်ပွဲကို အသင်း ၁၀ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး ငါးသင်း နှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။

မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် အကြိမ်တိုင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ၂၀၀၄ နှင့် ၂၀၁၆ ပြိုင်ပွဲ နှစ်ကြိမ်သာ ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

# ကြို့ပင်ကောက်မြို့တွင် ရထားနှင့် ကားတိုက်မှုဖြစ်

**ကြို့ပင်ကောက် မေ ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့ ဈေးချိုတောင်ရပ်ကွက် ကသည်းတန်းလမ်းနှင့် ရန်ကုန်ပြည်ကားလမ်းသို့ ဖြတ်ကူးရာ တရားမဝင်ရထားလမ်းကူးနေရာတွင် မေ ၂၁ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်က ရထားနှင့် ကားတိုက်မှု ဖြစ်ပွားခဲ့သည်။

ကြို့ပင်ကောက်ဘူတာမှ အုတ်ဖိုဘူတာသို့ ထွက်ခွာလာသော အမှတ်(၆၄) အစုန် ပြည်-ကြည်မြင်တိုင် စာပို့ရထားနှင့် ယာဉ်မောင်း တင်မောင်ဝင်း(၂၉ နှစ်) မောင်းနှင်လာသောယာဉ်နှင့် စာပို့ရထားစက်ခေါင်း အရှေ့ဘက်ခြမ်း ပွတ်တိုက်မှု ဖြစ်ပွားခဲ့ရာ ခရီးသည်နှင့် ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း၊ ယာဉ်မောင်း တင်မောင်ဝင်းကို ကြို့ပင်ကောက်ဘူတာ ရုံပိုင်တာဝန်ခံ ဦးမျိုးမင်းဦးက ကြို့ပင်ကောက် မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇေယျာထွန်း (ကြို့ပင်ကောက်)**

Don’t Use Cell Phone While Driving
အသက်အန္တရာယ်ကင်းစေဖို့ ယာဉ်မောင်းနှင်စဉ်
ဖုန်းသုံးစွဲမှုရှောင်ရှားစို့

# အင်အားပြင်း ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်ဝင်ရောက်မှုကြောင့် ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံ၌ ၈၈ ဦး သေဆုံး



ဆိုင်ကလုန်းမုန်တိုင်းအမ်ဖန်ကြောင့် ပျက်စီးကျိုးပေါက်သွားသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခူနာဒေသရှိ ဘူရီဂိုအာလီနီ ဆည်ကို ကူညီကယ်ဆယ်ရေးအဖွဲ့နှင့် ဒေသခံများ မေ ၂၁ ရက်က ဝိုင်းဝန်းပြုပြင်နေကြစဉ်။

**နယူးဒေလီ၊ ဒါကာ မေ ၂၁**

၁၉၉၉ ခုနှစ်နောက်ပိုင်း အင်အားအပြင်းဆုံးဟု ဆိုနိုင်သည့် ဆိုင်ကလုန်းမုန်တိုင်းအမ်ဖန် မေ ၂၁ ရက်က ဝင်ရောက်တိုက်ခတ်မှုကြောင့် ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့တွင် သေဆုံးသူ ၈၈ ဦးအထိမြင့်တက်ခဲ့ပြီး မုန်တိုင်းဖြတ်သန်းရာလမ်းကြောင်းတစ်လျှောက် ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားခဲ့ကြောင်း မေ ၂၁ ရက် ဒေသစံတော်ချိန် ည ၉ နာရီထုတ်ပြန်ခဲ့သော နိုင်ငံတကာ သတင်းတစ်ရပ်အရ သိရသည်။

အင်အားပြင်း ဆိုင်ကလုန်းမုန်တိုင်းအမ်ဖန် ဘင်္ဂလားဒေ့ရှ်ရှိ နေရာဒေသအချို့နှင့် အိန္ဒိယနိုင်ငံအရှေ့ပိုင်းသို့ ဝင်ရောက်ခဲ့ရာ သစ်ပင်များအမြစ်မှ ကျိုးပြတ်ထွက်ခဲ့ပြီး နေအိမ်များပြိုလဲပျက်စီးခဲ့ကာ သန်းနှင့်ချီသည့် ပြည်သူများမှာ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားနိုင်သည့် အန္တရာယ်ရှိနေသော်လည်း မုန်တိုင်းရှောင်အဆောက်အအုံများ အောက်သို့ရွှေ့ပြောင်းခိုလှုံခဲ့ကြရကြောင်း သိရသည်။

ဆိုင်ကလုန်းအမ်ဖန် ဝင်ရောက်ရာတွင် တစ်နာရီလျှင် ၁၅၀ ကီလိုမီတာ (၉၅ မိုင်)နှုန်းဖြင့် လေပြင်းများ တိုက်ခတ်မှုကြောင့် ဓာတ်တိုင်များ၊ နံရံများနှင့် အမိုးများ ကျိုးပဲ့ပျက်စီးမှုဖြစ်ပေါ်ခဲ့ကာ အိမ်ထောင်စုပေါင်းသန်းချီ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု ဖြစ်ပွားကြောင်း အာဏာပိုင်များက မေ ၂၁ ရက်တွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားမြို့ရှိ အချို့လမ်းများပေါ်တွင် ကားပြတင်းပေါက်များအထိ ရေထဲနစ်မြုပ်ခဲ့မှုကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သည့် ပုံရိပ်များတွင် တွေ့ရသည်။ အမ်ဖန်မုန်တိုင်းကြောင့် နောက်ဆက်တွဲ ထိခိုက်ပျက်စီးဆုံးရှုံးမှုသည် ကိုဗစ်- ၁၉ ထက်ပင် ပိုဆိုးကြောင်း အနောက်ဘင်္ဂလားပြည်နယ်ဝန်ကြီးချုပ် မာမာတာ ဘနာဂျီ က ဒေသမီဒီယာသို့ ပြောကြားခဲ့သည်။ အဆိုပါပြည်နယ်အတွင်း အမ်ဖန်မုန်တိုင်းကြောင့် သေဆုံးသူ ၇၂ ဦးရှိကြောင်း ၎င်းက ပြောသည်။

သစ်ပင်များ ကျွတ်ထွက်ပျက်စီးခဲ့ပြီး လမ်းများ ရေနစ်မြုပ်ခဲ့သည့်အပြင် ကောက်ပဲသီးနှံများ ပျက်စီးခဲ့ကြောင်း သိရသည်။ ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များက ငါးနှစ်အရွယ်ကလေးတစ်ဦးနှင့် အသက် ၇၅ နှစ်အရွယ် အမျိုးသားတစ်ဦးအပါအဝင် သေဆုံးသူ ၁၆ ဦးရှိကြောင်း ပြောသည်။ ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်သည် အင်အားပျော့လာပြီဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်မှ မြောက်ဘက်ဆီ ဆက်လက်ရွေ့လျားနေကြောင်း၊ သို့ရာတွင် ကော့ဘဇားခ၌ မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများ ဆက်လက်ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ကိုဗစ်-၁၉ ကာကွယ်ဆေးကို ယခုနှစ်တွင် ထုတ်လုပ်နိုင်ဖွယ်မရှိကြောင်း ဂျပန်ကျွမ်းကျင်ပညာရှင်တစ်ဦးပြော

**တိုကျို မေ ၂၁**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို တားဆီးပေးနိုင်မည့် ကာကွယ်ဆေးကို ယခုနှစ်ကုန်တွင် ထုတ်လုပ်နိုင်ဖွယ်မရှိသေးကြောင်း ဂျပန်အစိုးရ ကျွမ်းကျင်ပညာရှင်များအဖွဲ့အကြီးအကဲ တာကာဂျီဝါကီတာက မေ ၂၀ ရက်တွင် ပြောကြားလိုက်ကြောင်း သိရသည်။

ကပ်ရောဂါကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် တစ်ကမ္ဘာလုံးရှိ အစိုးရအဖွဲ့များနှင့် ကုမ္ပဏီများက ကာကွယ်ဆေးထုတ်လုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ထိရောက်ပြီး ဘေးကင်းစိတ်ချရမှုကို အာမခံနိုင်မည့် ကာကွယ်ဆေးထုတ်လုပ်နိုင်ရေးမှာ အသက်တမျှအရေးကြီးလှကြောင်းနှင့် ကာကွယ်ဆေး၏ ဘေးထွက်ဆိုးကျိုး ရှိ မရှိကိုပါ သေချာအောင်လေ့လာစိစစ်ရန် လိုအပ်ကြောင်း မစ္စတာ တာကာဂျီက ပြောကြားခဲ့သည်။

ကာကွယ်ဆေး ထုတ်လုပ်မှုဖြစ်စဉ်သည် နှစ်ကုန်ချိန်ကို ကျော်လွန်သွားနိုင်ပြီး မည်သည့်အချိန်လောက်တွင် ကာကွယ်ဆေးရနိုင်မည်ဟု ခန့်မှန်းပြောဆိုရန် မလွယ်ကူကြောင်း ကူးစက်ရောဂါဖြစ်ပွားမှုဆိုင်ရာ အမျိုးသားအင်စတီကျူ ဒါရိုက်တာ မစ္စတာတာကာဂျီဝါကီတာက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံဖြစ်စေ၊ မည်သည့်နိုင်ငံဖြစ်စေ၊ မည်သည့်အဖွဲ့အစည်းက ပန်းတိုင်ကို ဦးစွာရောက်ရှိမည်ဟု သေချာစွာပြောနိုင်ခြင်းမရှိကြောင်း ၎င်းက ပြောကြားလိုက်သည်။

**ကျိုဒိုနယူးစ်**



ကူးစက်ရောဂါဖြစ်ပွားမှုဆိုင်ရာ အမျိုးသားအင်စတီကျူ ဒါရိုက်တာ မစ္စတာတာကာဂျီဝါကီတာ

# ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်မှုမရှိသည့်နေရာများတွင် ကျောင်းများပြန်ဖွင့်ရေး အာဏာပိုင်များဆွေးနွေး



ထိုင်းနိုင်ငံရှိ ကျောင်းတစ်ကျောင်းတွင် နှာခေါင်းစည်းတပ်ဆင်တက်ရောက်နေသည့် ကျောင်းသားများကို တွေ့ရစဉ်။

**ဘန်ကောက် မေ ၂၁**

ထိုင်းနိုင်ငံရှိ ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်မှု မရှိသည့် နေရာများ ၌ ဇူလိုင်လတွင် ကျောင်းများ ပြန်ဖွင့်ခွင့်ပေးရန်နှင့်ပတ်သက်၍ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အခြေအနေဆိုင်ရာဌာနက ဆွေးနွေးတိုင်ပင်လျက်ရှိကြောင်း သိရသည်။

ပညာရေးနှင့်စပ်လျဉ်း၍ ဆီးနိတ်လွှတ်တော်၏ အဆိုပြုချက်ကို ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာထံသို့ ဆုံးဖြတ်ချက် တစ်ရပ်ချမှတ်နိုင်ရန် ပေးပို့ခဲ့ကြောင်း ထိုင်းပညာရေးဝန်ကြီး နာတာဖိုလ်တီပစူက မေ ၂၀ ရက်က ပြောကြားခဲ့သည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းများကို ပြန်လည် ဖွင့်လှစ်နိုင်ခြင်း ရှိ မရှိ ဆုံးဖြတ်ရန် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို တားဆီးနိုင်မည့် စီမံဆောင်ရွက်ချက်များကို အတည်ပြုပြဋ္ဌာန်းရန် မဖြစ်မနေလိုအပ်ကြောင်း ပညာရေးဝန်ကြီးဌာနက ပြောသည်။ ကျောင်းများသည် ရောဂါကူးစက်ဖြစ်ပွားနိုင်မှု အမြင့်ဆုံးနေရာများစာရင်းတွင် ပါဝင်သည်။

**ဘန်ကောက်ပို့စ်**

## အိန္ဒိယနိုင်ငံရှိ ဒေသအချို့တွင် ကန့်သတ်ချက်များ ဖြေလျှော့

**နယူးဒေလီ မေ ၂၁**- အိန္ဒိယနိုင်ငံရှိ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုလျော့နည်းသွားသည့် ဒေသများတွင် ကပ်ရောဂါဆိုင်ရာ ကန့်သတ်ချက်များကို ဖြေလျှော့ပေးရန်နှင့် စီးပွားရေးလုပ်ငန်းများ ပြန်ဖွင့်ရန် အစိုးရက ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။ အစိုးရက ထိုသို့ကြေညာခဲ့ပြီးနောက် နယူးဒေလီမြို့လယ်ကောင်ရှိ နေရာအချို့တွင် တိတ်ဆိတ်ခြောက်ကပ်သည့်အနေအထားမှ ပြန်လည်သက်ဝင်လှုပ်ရှားလာခဲ့သည်။ လုပ်ငန်းခွင်သို့ ပြန်သွားနေကြသူများကိုတွေ့ရပြီး နယူးဒေလီမြို့၏ အမှတ်အသားတစ်ခုဖြစ်သည့် သုံးဘီးဆိုင်ကယ်များ၊ လန်ချားများနှင့် အငှားယာဉ်များကိုလည်း ပြန်တွေ့နေရပြီဖြစ်ကြောင်း သိရသည်။

အိန္ဒိယအစိုးရက မတ် ၂၅ ရက်မှစတင်ကာ အပြင်မထွက်ရအမိန့်ထုတ်ပြန်ခဲ့ပြီး အဆိုပါအမိန့်ကို မေ ၃၁ ရက်အထိ အချိန်ထပ်တိုးထားသော်လည်း ရောဂါဖြစ်ပွားမှုနှုန်းနည်းပါးသည့်နေရာများတွင် ဖြေလျှော့မှု အချို့လုပ်ဆောင်ပေးခဲ့ခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## Avigan ဆေးကို ကိုဗစ်လူနာများ ကုသရန် သုတေသနပြုလုပ်ရန် လိုအပ်

**တိုကျို မေ ၂၁**

Avigan ဆေးကို ကိုဗစ်-၁၉ လူနာများအား ကုသရာတွင် ထိရောက်မှုရှိသည့် ဆေးဝါးအဖြစ် သတ်မှတ်ရန် စောသေးကြောင်း ယင်းဆေးဖြင့် လက်တွေ့ ကုသမှုများကို အကဲဖြတ်နေသည့် ဂျပန်နိုင်ငံရှိ လွတ်လပ်သည့်ကြားခံကော်မတီက ပြောကြားခဲ့မှုကို သတင်းမီဒီယာများက ဖော်ပြသည်။

Avigan ဆေးသည် ဂျပန်ကုမ္ပဏီတစ်ခုက တီထွင်ထုတ်လုပ်ခဲ့သည့် တုပ်ကွေးရောဂါကုသဆေးတစ်မျိုး ဖြစ်သည်။ ကိုဗစ်- ၁၉ ကူးစက်ခံထားရသည့် ရောဂါလက္ခဏာ မပြင်းထန်သူ ၈၆ ဦးကို အုပ်စုနှစ်ခုခွဲကာ အဆိုပါဆေးဖြင့် လက်တွေ့စမ်းသပ်ကုသမှုများ ပြုလုပ်ပြီး အုပ်စုနှစ်စုကို နှိုင်းယှဉ်လေ့လာမှုများ ပြုလုပ်လျက်ရှိသည်။

လူ ၄၀ ကို ကာလဝက်အထိ ကုသမှုပေးကာ စောင့်ကြည့်ခဲ့ပြီး ထွက်ပေါ်လာ သည့်ရလဒ်များကို ကော်မတီက ဆန်းစစ်ခဲ့ပြီးနောက်တွင် အဗီဂန်ဆေး၏ ထိရောက်စွာ ကုသနိုင်မှုကို ဆုံးဖြတ်ရန် သုတေသနပြုလေ့လာမှုများ ဆက်လက်လုပ်ဆောင်ရန် လိုအပ်နေသေးကြောင်း ကောက်ချက်ချခဲ့သည်။ အဗီဂန်ဆေးကို ယခုလအတွင်း ကိုဗစ်- ၁၉ ကုသဆေးအဖြစ် အတည်ပြုနိုင်ရေး လုပ်ငန်းစဉ်များကို ကျန်းမာရေးဝန်ကြီးဌာနက အရှိန်မြှင့် လုပ်ဆောင်နေကြောင်း သိရသည်။ အဗီဂန်ဆေးကို တရုတ်နိုင်ငံကလည်း ကိုဗစ်- ၁၉ အတွက် ထိရောက်မှုရှိကြောင်း ထောက်ခံထားသည်။

**အင်န်အိတ်ချ်ကေ**

# တူရကီနှင့် ရုရှားတပ်ဖွဲ့များ အီဒလစ်အဝေးပြေးလမ်းမကြီးတစ်လျှောက် ပူးတွဲကင်းလှည့်

**အင်ကာရာ မေ ၂၁**

တူရကီနှင့် ရုရှားတပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ (၁၂) ကြိမ်မြောက် ပူးတွဲကင်းလှည့်ခြင်းကို ဆီးရီးယား အနောက်မြောက်ပိုင်းရှိ အီဒလစ်၏ အဓိကလမ်းမကြီး တစ်လျှောက်ဆောင်ရွက်ခဲ့ကြောင်း တူရကီကာကွယ်ရေး ဝန်ကြီးဌာနက မေ ၂၀ ရက်တွင် ပြောကြားလိုက်သည်။

တူရကီ- ရုရှား သဘောတူညီချက်မူဘောင်အတွင်း (၁၂)ကြိမ်မြောက် တူရကီ- ရုရှား မြေပြင်ပူးပေါင်း ကင်းလှည့်ခြင်းကို အီဒလစ်ပြည်နယ်အတွင်း အဝေးပြေးအမှတ်(၄) လမ်းမကြီးတစ်လျှောက် ဆောင်ရွက်ခဲ့ကြပြီး မြေပြင်ဝေဟင်ကာကွယ်ရေးအင်အားစုများလည်း ပါဝင်ကြောင်း အဆိုပါဝန်ကြီးဌာနက ဆက်လက်ပြောကြားသည်။

အဆိုပါဒေသတွင် တူရကီ- ရုရှား နှစ်နိုင်ငံသည် ကင်းလှည့်ခြင်းများကို မကြာခဏ အရှိန်မြှင့်တင် ပြုလုပ်လျက်ရှိပြီး သူပုန်များ၏ နောက်ဆုံးခြေကုပ်ယူရာ အီဒလစ်တွင် အနည်းဆုံး တစ်ပတ်လျှင်တစ်ကြိမ် ပြုလုပ်လေ့ရှိကြောင်း သိရသည်။ (၁၁) ကြိမ်မြောက် နှစ်နိုင်ငံ မြေပြင်ကင်းလှည့်ခြင်းကို မေ ၁၄ ရက်က ပြုလုပ်ခဲ့သည်။

အဓိကအဝေးပြေး အမှတ်(၄)လမ်းမကြီးသည် တူရကီ တောင်ပိုင်းနယ်စပ်မှ ကီလိုမီတာ ၃၀ အကွာတွင် တည်ရှိပြီး ဆီးရီးယားနိုင်ငံ အလက်ပိုမြို့နှင့် လက်တာကီယာမြို့တို့ကို ဆက်သွယ်ထားသည်။

မတ် ၅ ရက်က တူရကီနှင့် ရုရှားနိုင်ငံတို့သည် အီဒလစ် စစ်မဲ့ဇုန်ဒေသတစ်လျှောက်တွင် စစ်ရေးဆိုင်ရာ ဆောင်ရွက်မှုအားလုံးအတွက် ယာယီအပစ်ရပ်စဲရေးကို ထိန်းသိမ်းရန် သဘောတူညီချက်ရရှိခဲ့ပြီး အမှတ် (၄) အဝေးပြေးလမ်းမကြီး မြောက်ဘက်ခြောက်ကီလိုမီတာနှင့် တောင်ဘက်ခြောက် ကီလိုမီတာအထိ လုံခြုံရေးစင်္ကြံလမ်း တစ်ခု တည်ဆောက်ရန်လည်း မျှော်မှန်းချက်တစ်ရပ် ချမှတ်ခဲ့သည်။

သဘောတူညီမှု၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် တူရကီ- ရုရှား ကင်းလှည့်ခြင်းကို မတ် ၁၅ ရက်တွင် အမှတ် (၄)အဝေးပြေးလမ်းမကြီးတစ်လျှောက် စတင်ဆောင်ရွက်ခဲ့သည်။

ဆင်ဟွာ



မေ ၂၀ ရက်က အီဒလစ်အဝေးပြေးလမ်းမကြီးတစ်လျှောက် ပူးတွဲလှည့်ကင်းဆောင်ရွက်နေသော တူရကီနှင့် ရုရှားတပ်ဖွဲ့များကိုတွေ့ရစဉ်။

# တရုတ်ပြည်သူ့နိုင်ငံရေး ဆွေးနွေးညှိနှိုင်းမှုညီလာခံ(စီပီပီစီစီ) အမျိုးသားကော်မတီ၏ နှစ်ပတ်လည် အစည်းအဝေးကျင်းပ

**ပေကျင်း မေ ၂၁**

တရုတ်နိုင်ငံ၏ ထိပ်တန်းနိုင်ငံရေး အတိုင်ပင်ခံ အဖွဲ့ဖြစ်သော တရုတ်ပြည်သူ့နိုင်ငံရေး ဆွေးနွေးညှိနှိုင်းမှုညီလာခံ (စီပီပီစီစီ) အမျိုးသားကော်မတီ၏ နှစ်ပတ်လည်အစည်းအဝေးကို မြို့တော်ပေကျင်း၌ မေ ၂၁ ရက် မွန်းလွဲပိုင်းက စတင်ကျင်းပခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

အဆိုပါအစည်းအဝေးသည် မေ ၂၇ ရက်တွင် ပြီးဆုံးမည်ဖြစ်ကြောင်း (၁၃) ကြိမ်မြောက် စီပီပီစီစီ၏ တတိယအကြိမ်မြောက် အစည်းအဝေး ပြောခွင့်ရ ပုဂ္ဂိုလ် ကောဝေ့မင်က ပြောကြားခဲ့သည်။

ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေး ပုံမှန်ဆောင်ရွက်မှုများကြားတွင် ယခုနှစ် အစည်းအဝေးကို ယခင်စီစဉ်ထားသည်ထက် အချိန်တိုတိုဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးအတွင်း မျက်နှာစုံညီအစည်းအဝေးများနှင့် အဖွဲ့လိုက် ဆွေးနွေးပွဲများကိုလည်း လျှော့ချသွားမည်ဖြစ်ပြီး မျက်နှာစုံညီအစည်းအဝေး တစ်ရပ်ကို ဗီဒီယိုကွန်ဖရင့်စ်မှတစ်ဆင့် ပြုလုပ်မည်ဖြစ်သည်။ တရုတ်နိုင်ငံဆိုင်ရာ ပြည်ပသံတမန်များကို အစည်းအဝေးဖွင့်ပွဲနှင့် ပိတ်ပွဲ အစည်းအဝေးများသို့ လာရောက်လေ့လာရန် ဖိတ်ကြားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ပြည်သူ့ခန်းမကြီးတွင် ပြုလုပ်မည့်အစည်းအဝေးသို့ တက်ရောက်သတင်းရယူရန် ပေကျင်းမြို့အခြေစိုက် ပြည်တွင်း၊ ပြည်ပ သတင်းစာဆရာများကိုလည်း ဖိတ်ကြားမည်ဖြစ်ကြောင်း၊ အစည်းအဝေးတွင် စီပီပီစီစီအမျိုးသားကော်မတီ၏ အမြဲတမ်းကော်မတီ လုပ်ငန်းအစီရင်ခံစာနှင့် နိုင်ငံရေးအကြံပေးများ ဆွေးနွေးထားပြီးသော အဆိုပြုချက်များကို ကြားနာဆွေးနွေးမည်ဖြစ်သည်။

ဆင်ဟွာ




စီပီပီစီစီအစည်းအဝေးကျင်းပနေစဉ်။

# ကိုဗစ် - ၁၉ ကြောင့် ဂျပန်နိုင်ငံ၏ ကုန်သွယ်ရေးအပေါ် ကြီးစွာရိုက်ခတ်မှုဖြစ်ပြီး နိုင်ငံခြားတင်ပို့မှုကျဆင်း

**တိုကျို မေ ၂၁**

ကိုဗစ် -၁၉ ကပ်ရောဂါ ဆက်လက်ဖြစ်ပွားနေသောကြောင့် ဂျပန်နိုင်ငံ၏ ကုန်သွယ်ရေးအပေါ် ကြီးစွာရိုက်ခတ်မှုဖြစ်စေကြောင်း နိုင်ငံတကာသတင်း တစ်ရပ်တွင် မေ ၂၁ ရက်က ဖော်ပြလိုက်သည်။

ဧပြီလတွင် ဂျပန်နိုင်ငံ၏ နိုင်ငံခြားတင်ပို့မှုသည် လွန်ခဲ့သောနှစ် အလားတူကာလထက် ၂၁ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်းနှင့် ၁၀ နှစ်အတွင်း အလွန်ဆိုးရွားစွာ ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဂျပန်ဘဏ္ဍာရေး ဝန်ကြီးဌာန၏ ထုတ်ပြန်လိုက်သော စာရင်းဇယားများအရ ဂျပန်နိုင်ငံ၏ ဧပြီလနိုင်ငံခြား တင်ပို့မှုမှ ယန်း ၅ ဒသမ ၂ ထရီလီယံ သို့မဟုတ် အမေရိကန်ဒေါ်လာ ၄၈ ဘီလီယံ ရရှိခဲ့သည်။

ကမ္ဘာ့ဘဏ္ဍာရေး ကပ်ရောဂါ ဖြစ်ပွားပြီးနောက်ပိုင်း ၂၀၁၉ ခုနှစ် အောက်တိုဘာလမှစပြီး ဂျပန်နိုင်ငံ၏တင်ပို့မှုသည် အကြီးမားဆုံး ကျဆင်းခဲ့ခြင်း ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုသို့ တင်ပို့မှုသည် ၃၇ ဒသမ ၈ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။ ကားဈေးများလည်း ၆၅ ရာခိုင်နှုန်း ထိုးကျခဲ့ပြီး၊ အင်ဂျင်အပါအဝင် စွမ်းအင်ထုတ်လုပ်ပေးသောစက်ပစ္စည်းများလည်း ၄၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ဥရောပသမဂ္ဂသို့ တင်ပို့မှုများသည်လည်း ၂၈ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ သတ္တုလုပ်ငန်း အသုံးပြုစက်ပစ္စည်းများနှင့် မော်တော်ကားများမှာလည်း ၅၀ ရာခိုင်နှုန်းထက် ကျဆင်းခဲ့သည်။

ထို့အတူ ဧပြီလအတွင်း ဂျပန်နိုင်ငံသို့ တင်သွင်းသော ပစ္စည်းများ (သွင်းကုန်)များမှာလည်း လွန်ခဲ့သောနှစ်အစောပိုင်းနှင့် နှိုင်းယှဉ်လျှင် ၇ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

သို့သော်လည်း တရုတ်နိုင်ငံမှ တင်သွင်းမှုသည် ကိုးလအတွင်း ပထမဆုံးအကြိမ် ၁၁ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ အားလုံးကို ခြုံကြည့်လျှင် ဧပြီလအတွင်း ဂျပန်နိုင်ငံ၏ ကုန်သွယ်ရေးလိုငွေပြမှုသည် ယန်း ၉၃၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၈ ဒသမ ၆ ဘီလီယံ) ထက် အနည်းငယ် ကျော်လွန်ခဲ့ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောသည်။

အင်န်အိတ်ချ်ကေ




ဂျပန်နိုင်ငံ၏ ကုန်သွယ်မှုစာရင်းအတက်အကျကို ဖော်ပြနေသောပုံ။

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ငါးသန်းကျော် ရှိလာ

**ဝါရှင်တန် မေ ၂၁**

ကမ္ဘာတစ်ဝန်း ကိုဗစ်- ၁၉ ကူးစက်ခံရသူအရေအတွက်သည် မေ ၂၁ ရက်က ငါးသန်းကျော်လာပြီဖြစ်ကြောင်း အေအက်ဖ်ပီစာရင်းများအရ သိရသည်။ ကိုဗစ်- ၁၉ ကူးစက်ခံရသူပေါင်း အနည်းဆုံး ၅၀၀၆၇၃၀ ရှိလာသည့် အချိန်တွင် သေဆုံးသူအရေအတွက်သည်လည်း ၃၂၈၀၄၇ ဦးအထိ ရှိလာကြောင်း သိရသည်။

ဥရောပသည် ကိုဗစ် - ၁၉ ဒဏ်ကို အဆိုးရွားဆုံး ခံစားခဲ့ရပြီး စုစုပေါင်း ကိုဗစ် – ၁၉ ကူးစက်ခံရသူပေါင်း ၁၉၅၄၅၁၉ဦး ရှိကြောင်း သိရကာ ၁၆၉၈၈၀ ဦးမှာ ယင်းဗိုင်းရပ်စ်ကြောင့် သေဆုံးခဲ့သည်။ ထို့အတူ အမေရိကန်ပြည်ထောင်စုတွင်လည်း ကိုဗစ် –၁၉ ကူးစက် ခံရသူပေါင်း ၁၅၅၁၈၅၉ ဦးအထိရှိပြီး သေဆုံးသူ ၉၃၄၃၉ ရှိကြောင်း သိရသည်။

အဆိုပါ ကိုဗစ်– ၁၉ စာရင်းသည် နိုင်ငံပေါင်းများစွာ၏ တကယ့်ကိုဗစ်– ၁၉ ဖြစ်ပွားသူများကို စမ်းသပ်ထားသော တိကျသည့် စုစုပေါင်း ကိုဗစ်– ၁၉ ဖြစ်စဉ်များကို ကိုယ်စားပြုထားခြင်းဖြစ်သည်။

အေအက်ဖ်ပီ

## အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်မှု မြင့်တက်လာသည့်အတွက် အသွားအလာကန့်သတ်ခြင်း နှစ်ပတ်အထိ ထပ်မံတိုးမြှင့်

**ဂျကာတာ မေ ၂၁**

အင်ဒိုနီးရှားနိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်– ၁၉ ဖြစ်ပွားသူ ဦးရေသည် ၆၉၃ ဦးအထိမြင့်တက်လာခဲ့ပြီး စုစုပေါင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားသူပေါင်း ၁၉၁၈၉ ဦးအထိ ရောက်ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အက်ကမက်ယူရီယန်တို ကပြောသည်။

နိုင်ငံတွင် ကိုဗစ်– ၁၉ ကြောင့် သေဆုံးသူဦးရေမှာလည်း ၂၁ ဦး အထိထပ်တိုးလာပြီး စုစုပေါင်းသေဆုံးသူဦးရေမှာ ၁၂၄၂ ဦးအထိ ရောက်ရှိလာကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နိုင်ငံတွင် ကိုဗစ်– ၁၉ ကူးစက်မှု မြင့်တက်လာသည့်အတွက် ကိုဗစ်– ၁၉ ဖြစ်ပွားမှုဒဏ်ကို အဆိုးရွားဆုံးခံစားခဲ့ရသော မြို့တော် ဂျကာတာတွင် လူမှုရေးဆိုင်ရာ ကန့်သတ်ခြင်းများကို အချိန်အတော်ကြာသည်အထိ ဆက်လက်ကျင့်သုံးရန် ဆုံးဖြတ်လိုက်ကြောင်း သိရသည်။

ဂျကာတာမြို့တော်ဝန် အန်နီးဘက်စ်ဝီဒန်က တစ်စိတ်တစ်ပိုင်း အသွားအလာကန့်သတ်ခြင်းကို ဇွန် ၄ ရက်အထိ နောက်ထပ် ၁၄ ရက် ထပ်မံတိုးမြှင့်လိုက်ကြောင်း သိရသည်။

မြို့တော်ဝန်က နိုင်ငံသားများကို စည်းမျဉ်းစည်းကမ်းများ လိုက်နာရန် တိုက်တွန်းဆော်ဩထားကြောင်း သိရသည်။

ဆင်ဟွာ

# ဖွဲ့မလျှော့ခဲ့သော မိခင်နှင့် ၃၂ နှစ်ကြာ ရှာဖွေခဲ့ရသည့် သား

ခြူးစန္ဒီနွေး

စိတ်ချမ်းမြေ့ဖွယ်လည်းဖြစ်သလို အံ့ဩစရာလည်းကောင်းတဲ့ သတင်းတစ်ပုဒ်ကို ဆင်ဟွာ သတင်းကနေ ဖတ်လိုက်ရပါတယ်။ အဲဒီသတင်းကတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၂ နှစ်က ပြန်ပေးဆွဲခံရပြီး မိဘအရင်းတွေနဲ့ ကွဲကွာခဲ့ရတဲ့ကလေးဟာ ယနေ့အချိန်မှာတော့ မိဘအရင်းတွေနဲ့ ပြန်လည်ပေါင်းစည်းခွင့်ရသွားပြီဆိုတဲ့ သတင်းပါပဲ။

## နှစ်နှစ်ကျော်အရွယ်မှာ ပြန်ပေးဆွဲခံရ

အံ့ဩဖို့ကောင်းတာက ဆယ်စုနှစ် သုံးစုနီးပါးကြာအောင် ရှာမတွေ့ခဲ့တဲ့ ကလေးကို ယနေ့နည်းပညာတွေ တိုးတက်လာတဲ့ခေတ်ကြီးမှာ မျက်နှာအသွင်အပြင်ကိုမှတ်မိတဲ့ ဆော့ဖ်ဝဲကနေတစ်ဆင့် ရှာဖွေတွေ့ရှိခဲ့တယ်ဆိုတဲ့ အချက်ကြောင့်ပါပဲ။ မော်ရင်လို့ခေါ်တဲ့ ကလေးတစ်ယောက်ဟာ ၁၉၈၈ ခုနှစ်တုန်းက နှစ်နှစ်ကျော်အရွယ်မှာ ပြန်ပေးဆွဲခံလိုက်ရပါတယ်။ တရုတ်နိုင်ငံ ရှန်စီပြည်နယ် ရှီအန်းမြို့ ဟိုတယ်အပြင်ဘက်မှာ ရှိနေစဉ် ခေါ်ဆောင်သွားခြင်းခံလိုက်ရတာပါ။ အဲဒီနောက်မှာတော့ ပြန်ပေးသမားတွေဟာ ကလေးငယ်ကို အိမ်နီးချင်းပြည်နယ်တစ်ခုဖြစ်တဲ့ စီချွမ်းပြည်နယ်က ကလေးမရတဲ့ စုံတွဲတစ်တွဲဆီမှာ ရောင်းချလိုက်ပါတယ်။ အာဏာပိုင်တွေကတော့ အဲဒီကလေးကို ပထမဆုံး ပြန်ပေးဆွဲသွားသူတွေကို ဆက်လက်စုံစမ်းမှုတွေ ပြုလုပ်နေပါတယ်။

## ဆော့ဖ်ဝဲအသုံးပြုရှာဖွေ

မော်ရဲ့ မွေးစားမိဘတွေအကြောင်းကိုတော့ သတင်းထုတ်ပြန်ခဲ့ခြင်း မရှိပါဘူး။ မွေးစားမိဘတွေ လက်ထဲရောက်တဲ့အခါမှာတော့ အဲဒီကလေးကို ဂူနင်နင်လို့ ပြောင်းလဲအမည်ပေးခဲ့ပါတယ်။ ဒီကလေးဟာ ဆယ်စုနှစ်သုံးစုကြာ မိဘအရင်းတွေက သူ့ကိုရှာဖွေနေတယ်ဆိုတာကို မသိရဘဲ ရှင်သန်နေထိုင်ခဲ့ရပါတယ်။ ဧပြီလနှောင်းပိုင်းမှာတော့ ရှီအန်းမြို့က ရဲတွေက ၁၉၈၀ ပြည့်နှစ်တွေက လူတစ်ယောက်ဟာ ရှန်စီပြည်နယ်က ကလေးတစ်ယောက်ကို စီချွမ်းပြည်နယ်ဆီ ခေါ်ဆောင်လာခဲ့ဖူးတယ်ဆိုတဲ့သတင်း ရရှိခဲ့တယ်လို့ ဆင်ဟွာသတင်းမှာ ဖော်ပြထားပါတယ်။ ရဲတွေဟာ မျက်နှာပုံပန်းသွင်ပြင်ကို မှတ်မိတဲ့ ဆော့ဖ်ဝဲကို အသုံးပြုပြီးတော့ မော်ရဲ့ကလေးဘဝက ဓာတ်ပုံကို ခွဲခြမ်းစိတ်ဖြာမှုတွေ၊ ရှာဖွေမှုတွေ ပြုလုပ်ခဲ့ပါတယ်။

## နောက်ဆုံးတော့ရှာတွေ့ပြီ

အဲဒီနောက်မှာတော့ မော်ရဲ့အရွယ်ရောက်ပြီးသားပုံရိပ်ကို ဖန်တီးရယူခဲ့ပါတယ်။ နောက်ပြီး အမျိုးသားအဆင့် သိမ်းဆည်းထားတဲ့အချက်အလက်တွေထဲက ပုံတွေနဲ့ နှိုင်းယှဉ်ကြည့်ခဲ့ပါတယ်။ စုံစမ်းစစ်ဆေးမှု အဆင့်ဆင့်နဲ့ နှိုင်းယှဉ်မှုတွေ ပြုလုပ်ပြီးတဲ့နောက်မှာတော့ ရဲတွေဟာ မြန်ယောင်းမြို့က လူတစ်ယောက်ဟာ မော်နဲ့ရုပ်ချင်းဆင်နေတာကို တွေ့ရှိခဲ့ပါတယ်။ ဒါကြောင့် ရဲတွေဟာ အလွတ်မပေးဘဲ ဆက်လက်ခြေရာခံလိုက်ရာမှာ သူဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ ကျော်က ပျောက်သွားတဲ့ကလေးဆိုတာ စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ ဒီအင်န်အေစစ်ဆေးမှုတွေလည်း ပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။

## မိခင်ဖြစ်သူရဲ့အပြော

ဒါတွေအားလုံး ပြုလုပ်ပြီးသွားတဲ့နောက်မှာတော့ မော်ဟာ မိရင်းဖရင်းတွေနဲ့ ပြန်လည်တွေ့ဆုံခွင့် ရသွားပါပြီ။ ရှီအန်းရဲဌာနက မေ ၁၈ ရက်မှာ ပြုလုပ်ပေးတဲ့ သတင်းစာရှင်းလင်းပွဲမှာတော့ အသက် ၃၄ နှစ်ရှိနေပြီဖြစ်တဲ့ မော်ဟာ သူ့ကို မွေးထုတ်ပေးထားတဲ့ မိဘအရင်းတွေနဲ့အတူ တွေ့ဆုံခွင့်ရခဲ့ပါတယ်။ မိသားစုသုံးဦး ပြန်လည်တွေ့ဆုံတဲ့အခါမှာတော့ အချင်းချင်းပွေ့ဖက်ငိုယိုနေခဲ့ကြတာကို စီစီတီဗွီသတင်းဌာနက တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ပါတယ်။ မော်ရဲ့မိဘအရင်းတွေအတွက်ကတော့ ဒီတစ်ခါကျရတဲ့ မျက်ရည်ကတော့ ပျော်လွန်းလို့ကျရတဲ့ မျက်ရည်ဖြစ်မှာ အသေအချာပါပဲ။ မိခင်အရင်းဖြစ်သူ လီကျင်းဇီကတော့ သားဖြစ်သူကို နောက်တစ်ခါ သူ့ရှေ့ကနေ ပျောက်သွားတာမျိုး မလိုချင်တော့ဘူးလို့ ပြောပါတယ်။ အမေတို့ ဒီထက်ပိုပြီး ခွဲမနေနိုင်တော့ဘူးလို့ သားဖြစ်သူကို တင်းတင်းပွေ့ဖက်ရင်း ပြောတဲ့စကားဟာ ကြည့်ရှုသူအပေါင်းကို မျက်ရည်လည်စေခဲ့ပါတယ်။

## ဖွဲ့မလျှော့ခဲ့တဲ့မိခင်

မော်ဟာလည်း ယခုအချိန်မှာ စီချွမ်းပြည်နယ်မှာ အိမ်အလှပြင်ဆင်ရေး




မော်နှင့်မိခင်ဖြစ်သူ လီတို့ ပြန်လည်တွေ့ဆုံကြစဉ်။

လုပ်ငန်း လုပ်ကိုင်ပါတယ်။ အခုအခါမှာတော့ မိဘအရင်းတွေနဲ့အတူ နေနိုင်ဖို့ရာ ရှီအန်းမြို့မှာပဲ ပြောင်းရွှေ့နေထိုင်တော့မယ်လို့ သိရပါတယ်။ မိခင်ဖြစ်သူလီဟာ သားပျောက်သွားတဲ့အချိန်တုန်းက ဘယ်လောက်တောင်ခံစားရမလဲဆိုတာ ကလေးရှိတဲ့ မိဘတိုင်း ကိုယ်ချင်းစာနိုင်ကြမှာပါပဲ။ လီဟာ သူ့ရဲ့သားပျောက်ဆုံးသွားတဲ့နောက် အလုပ်ကနေထွက်လိုက်ပါတယ်။ အဲဒီနောက်သားဖြစ်သူကို ရှာဖွေတဲ့အလုပ်ကိုပဲ တစိုက်မတ်မတ် လုပ်ဆောင်ခဲ့ပါတယ်။ အချိန်ကာလတွေ ကြာမြင့်ခဲ့ပေမယ့် မိခင်ဖြစ်သူဟာ ဖွဲ့မလျှော့ခဲ့ပါဘူး။ လူပျောက်ကြေညာတွေ ၁၀၀၀၀၀ ကျော် ဖြန့်ဝေခဲ့ပြီး ပျောက်ဆုံးနေသူကို ရှာဖွေတဲ့ ရုပ်သံအစီအစဉ်ပေါင်းများစွာမှာလည်း လီဟာ ပါဝင်ခဲ့ပါတယ်။

## စေတနာ့ဝန်ထမ်းဖြစ်လာ

ဒီလိုနဲ့လီဟာ အခြားသော ပျောက်ဆုံးနေတဲ့ကလေးတွေကို ကူညီရှာဖွေပေးရေးမှာ စေတနာ့ဝန်ထမ်းတစ်ဦးအဖြစ် ပါဝင်လာပါတယ်။ ဘာလို့လဲဆိုတော့ သူ့လိုပဲ ခံစားနေရတဲ့မိဘတွေကို ကိုယ်ချင်းစာလို့ပါပဲ။ သူဟာ ပျောက်နေတဲ့ ကလေးငယ်တွေရဲ့သတင်းအချက်အလက်တွေကို ကူညီရှာဖွေပေးတယ်။ လီရဲ့ ကူညီပေးမှုကြောင့် ပြန်လည်ပေါင်းစည်းခွင့်ရသွားတဲ့ မိသားစုအရေအတွက်ဟာ ၂၉ စုအထိ ရှိပါတယ်။ နောက်ထပ်ထူးဆန်းတဲ့အချက်လည်း ရှိပါသေးတယ်။

## တီဗွီမှာမြင်ခဲ့ရသော်လည်းမမှတ်မိ

လီဟာ သားဖြစ်သူကိုရှာဖွေရေးအတွက် လူပျောက်ရှာတဲ့ ရုပ်သံအစီအစဉ်တွေမှာ ပါဝင်ခဲ့ဖူးပါတယ်။ သူပျောက်သွားတဲ့ကလေးဟာ ယောကျ်ားလေးဖြစ်တယ်လို့ တီဗွီမှာပြောနေတာကို သူ့ရဲ့သားအရင်းဖြစ်တဲ့ မော်က ကြည့်လိုက်ရဖူးပါတယ်။ ဒါပေမယ့် အဲဒီအချိန်တုန်းက တီဗွီမှာ ပြောနေတဲ့သူဟာ သူ့အမေပါလားလို့ မှတ်မိခဲ့ခြင်း မရှိပါဘူး။ အခုသားဖြစ်သူနဲ့ ပြန်တွေ့ခွင့်ရတဲ့အခါမှာတော့ မိခင်ဖြစ်သူလီဟာ သူ့ကိုကူညီခဲ့သူတစ်ယောက်ချင်းစီတိုင်းကို ကျေးဇူးတင်ပါတယ်လို့ ပြောကြားခဲ့ပါတယ်။ တကယ်ဆိုရင် နှစ်နှစ်ခွဲအရွယ်ကတည်းက ပျောက်သွားတဲ့ကလေးကို ပြန်တွေ့ဖို့ဆိုတာ တကယ့်ကို မလွယ်ကူတဲ့ကိစ္စပါပဲ။

## ရဲတွေရဲ့ကြိုးပမ်းပေးမှု

လီရဲ့သားဖြစ်သူကို ရှာဖွေပေးဖို့ ရဲတွေလည်း တော်တော်လေး အားစိုက်ထုတ်ခဲ့ကြတာပါ။ ဒီနှစ်ပိုင်းတွေအတွင်းမှာ ရဲတွေဟာ ပြည်နယ်ပေါင်း ၁၀ ခုကျော်ကို သွားပြီးတော့ ပျောက်ဆုံးနေတဲ့ကလေးကို ရှာဖွေပေးခဲ့ကြပါတယ်။

> **“ဆယ်စုနှစ် သုံးစုနီးပါးကြာအောင် ရှာမတွေ့ခဲ့တဲ့ကလေးကို ယနေ့နည်းပညာတွေ တိုးတက်လာတဲ့ခေတ်ကြီးမှာ မျက်နှာအသွင်အပြင်ကိုမှတ်မိတဲ့ ဆော့ဖ်ဝဲကနေ တစ်ဆင့် ရှာဖွေတွေ့ရှိခဲ့”**

## ကလေးပျောက်သူတွေအတွက်အားထားရာ ဝက်ဘ်ဆိုက်

နှစ်စဉ်နှစ်တိုင်း တရုတ်နိုင်ငံမှာ ကလေးတွေ ဘယ်လောက်များများ ပျောက်နေသလဲဆိုတာ တရားဝင်အချက်အလက်တွေ မရှိသေးပါဘူး။ Baby Come Home လို့ အမည်ပေးထားတဲ့ဝက်ဘ်ဆိုက်ဟာ ကလေးပျောက်သွားတဲ့ မိဘတွေအတွက် အားထားရာ၊ လူပျောက်ရှာဖွေရာ ဝက်ဘ်ဆိုက်တစ်ခုဖြစ်လာခဲ့ပါတယ်။ ကလေးပျောက်နေတဲ့မိဘတွေဟာ အဲဒီဝက်ဘ်ဆိုက်ကနေတစ်ဆင့် လူပျောက်ကြေညာကြပါတယ်။ တရုတ်နိုင်ငံဟာ ၂၀၀၉ ခုနှစ်မှာတော့ ဒီအင်န်အေ အချက်အလက် စုဆောင်းမှုပြုလုပ်ခဲ့ပြီး ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနကနေ တစ်တိုင်းပြည်လုံးအနှံ့ ဒီအင်န်အေအချက်အလက်စုဆောင်းမှုဌာနတွေ ထူထောင်ပေးခဲ့တယ်။ အဲဒီလိုလုပ်ပေးပြီးတဲ့ နောက်ပိုင်း ပြန်ပေးဆွဲခံရတဲ့ ကလေးပေါင်း ၆၃၀၀ ဟာ မိသားစုနဲ့ ပြန်လည်ပေါင်းစည်းခွင့်ရခဲ့တယ်ဆိုတာကို ဆင်ဟွာသတင်းမှာ ဖော်ပြထားပါတယ်။

## ကြည်နူးဖွယ်ရာသတင်း

မော်ကို ပြန်ပေးဆွဲခဲ့သူတွေကိုတော့ ရဲတွေက ဆက်လက်စုံစမ်းဆဲပါပဲ။ ကိုဗစ်– ၁၉ကြောင့် လူတွေ စိတ်ဓာတ်ကျနေရတဲ့အချိန် လီတစ်ယောက် သူနှစ်ပေါင်းများစွာ ရှာဖွေနေတဲ့သားကို ပြန်တွေ့ခွင့်ရတဲ့ သတင်းဟာ ကြည်နူးဖွယ်ရာသတင်းတစ်ပုဒ် ဖြစ်ခဲ့ပါတယ်။ ။ **ကိုးကား – ဆင်ဟွာ**

# နိုင်ငံတကာသတင်းတိုတွာ

## ဩစတြေးလျ၌ ပြည်တွင်း နယ်စပ်ဂိတ်များ ပြန်ဖွင့်ရေးနှင့် ပတ်သက်၍ ပြည်နယ်များအကြား သဘောထားကွဲလွဲ

ကင်ဘာရာ မေ ၂၁

ဩစတြေးလျနိုင်ငံ၌ ကပ်ရောဂါကူးစက်ဖြစ်ပွားမှု အရှိန်လျော့ကျလာပြီဖြစ်သော်လည်း ပြည်ပမှဝင်ရောက်လာသူများအတွက် ပြည်တွင်းရှိ နယ်စပ်ဂိတ်များ ပြန်ဖွင့်ရေးကို အချို့က ကန့်ကွက်ခဲ့ကြသည့်အတွက် နိုင်ငံအတွင်းရှိ ပြည်နယ်များအကြား သဘောထားကွဲလွဲမှုများဖြစ်ပေါ်နေကြောင်း သိရသည်။

ပြီးခဲ့သည့်လနှောင်းပိုင်းက ဆစ်ဒနီနှင့် မဲလ်ဘုန်းမြို့ကဲ့သို့နေရာများမှ ဩစတြေးလျနိုင်ငံသားများ မဝင်ရောက်နိုင်စေရန် ဩစတြေးလျရှိ ပြည်နယ်များ၏ သုံးပုံနှစ်ပုံကျော်လောက်အထိ ၎င်းတို့၏ ဂိတ်ဝင်ပေါက်များကို ပိတ်ဆို့ထားခဲ့ကြပြီး ယခုအခါအဆိုပါဂိတ်ဝင်ပေါက်များကို ပြန်ဖွင့်ပေးရန်ငြင်းဆန်လျက်ရှိကြောင်း သိရသည်။ **အေအက်ဖ်ပီ**

## နယူးဇီလန်၌ လေးရက်ဆက်တိုက် ကိုဗစ်- ၁၉ ကူးစက်ခံရသူ မရှိ

ဝယ်လင်တန် မေ ၂၁

နယူးဇီလန်နိုင်ငံ၌ လေးရက်ဆက်တိုက် ကိုဗစ်– ၁၉ ထပ်မံကူးစက်ခံရသူ မရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မေ ၂၁ ရက်တွင် ကြေညာခဲ့သည်။ လက်ရှိတွင် နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူ အရေအတွက်မှာ ၁၅၀၃ ဦး ရှိကြောင်း သိရသည်။

ကိုဗစ် – ၁၉ ကူးစက်ခံရမှုကြောင့် သေဆုံးသူအရေအတွက်မှာ ၂၁ ဦးအထိရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ ပြီးခဲ့သည့် လေးလကျော်သည်အထိ လူထုအဖွဲ့အစည်းအတွင်း ရုတ်တရက်သေဆုံးမှု သို့မဟုတ် အကြောင်းအရင်း မသိရသည့် သေဆုံးမှုဖြစ်ပွားရာနေရာများတွင် ကိုဗစ်– ၁၉ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီး စစ်ဆေးမှုခံယူခဲ့သူများအားလုံး ကိုဗစ် – ၁၉ ကူးစက်ခံရမှု မရှိဟု ရလဒ်ထွက်ပေါ်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန အထွေထွေညွှန်ကြားရေးမှူး အက်ရှလေဘလွမ်ဖီးလ်က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။ ကိုဗစ်– ၁၉ ကူးစက်ခံရသူ တစ်ဦးတည်းသာ ဆေးရုံတက်ရောက်ကုသမှုခံယူခဲ့ပြီး ၎င်းမှာလည်း အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူခဲ့ရခြင်း မရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၁-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၁-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၆၀) ခုနှင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ပထမအသုတ်စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၈၈) ခု၊ စုစုပေါင်း (၃၄၈) ခုတွင် –

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ (၂၁-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၉၉) ဦး ရှိပါသည်။

၃။ (၂၁-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း (၁၀၈) ဦးရှိပြီး ၎င်းတို့အနက် (၁၀၁) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက် ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆) ဦး ရှိပါသည်။

၅။ (၂၀-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၁-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၃၈) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

(၂၁-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၂၁-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၆၀) ခု |
| (၂၁-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ပထမအသုတ်ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

(၂၁-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၁၉၉) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၁၀၈) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

# တောင်ကြီးမြို့ပေါ် ရပ်ကွက်များရှိ အခြေခံပြည်သူများအား စားနပ်ရိက္ခာထောက်ပံ့

**တောင်ကြီး မေ ၂၁**

ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီသည် ကမ္ဘောဇဘဏ်မှ ငွေကျပ်သိန်း ၅၀၀၀ ပံ့ပိုး မတည်ငွေ၊ အများပြည်သူလူထု လှူဒါန်းထည့်ဝင်ငွေများဖြင့် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း အခြေခံပြည်သူများအား ထောက်ပံ့ပေးနိုင်ရန် အရန်ရိက္ခာ၊ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ အထုပ်ရေ တစ်သိန်းအားလည်းကောင်း၊ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများအားလည်းကောင်း လှူဒါန်းပေးလျက်ရှိသည်။



မေ ၂၁ ရက်က ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာ အောင်သန်းမောင် ဦးစီး၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကမ္ဘောဇဘဏ်လီမိတက် နာယကနှင့် အရာထမ်း၊ အမှုထမ်းများ၊ ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီဝင်များ၊ ပရဟိတအဖွဲ့ဝင်များက ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးမြို့ စိန်ပန်းရပ်ကွက်နှင့် ရွှေတောင်ရပ်ကွက်ရှိ အခြေခံပြည်သူလူထု အိမ်ထောင်စု ၁၂၂၄ စုကို လက်ဝယ်အရောက် စားနပ်ရိက္ခာထုပ်များ၊ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲတို့ကို ဖြန့်ဝေထောက်ပံ့ပေးခဲ့သည်။ **(ယာပုံ)**

ပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီမှ စားနပ်ရိက္ခာကို ယနေ့တွင် စတင်ဖြန့်ဝေပြီး ကမ္ဘောဇဘဏ်နှင့် အလှူရှင်များက စုပေါင်း၍ လှူဒါန်းပေးထားသော ငွေများဖြင့် စားနပ်ရိက္ခာများ စုဆောင်းကာ စားဝတ်နေရေး အခက်အခဲရှိသည့် အခြေခံပြည်သူများအား စတင်ဖြန့်ဝေပေးကြောင်း၊ တောင်ကြီးမြို့ပေါ်ရှိ စိန်ပန်း နှင့် ရွှေတောင်ရပ်ကွက်တို့ရှိ အိမ်ထောင်စု ၁၂၂၄ စုကို ယနေ့တွင် စတင်ကာ တစ်အိမ်လျှင် မိသားစုဝင် လေးယောက်ရှိပါက ရိက္ခာ တစ်စုံနှင့်၊ ငါးဦးအထက်ရှိပါက နှစ်စုံတို့ကို ဆန် သုံးပြည်၊ ဆီ ၁၈ ကျပ်သား၊ ကုလားပဲ ၅၀ သား၊ ဆား၂၅ ကျပ်သား၊ ကော်ဖီမှုန့် တစ်ထုပ် ပစ္စည်း ငါးမျိုး ဖြန့်ဝေပေးကြောင်း၊ ကျန်ရှိနေသေးသော တောင်ကြီးမြို့ပေါ်ရပ်ကွက်နှင့် အေးသာယာမြို့များကိုလည်း ရာသီဥတုအခြေအနေကောင်းပါက ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ ဖြန့်ဝေပေးရန်အတွက် စာရင်းဇယားများ ပြုစုထားပြီးဖြစ်ကြောင်း၊ တောင်ကြီးမြို့ပေါ် ရပ်ကွက်နှင့် အေးသာယာမြို့များအပြင် တိုင်းရင်းသားများ ဖြစ်ကြသော ရှမ်း၊ ပအိုဝ်း၊ အင်းသား၊ ဓနု၊ ပလောင်၊ တောင်ရိုးနှင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ တိုက်ပွဲရှောင်စခန်းများ၊ ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ တိုင်းရင်းသားများကိုလည်း ဖြန့်ဝေပေးရန် အစီအစဉ်ရှိကြောင်း၊ ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသူရစောသိန်း (ခ) ကိုတူးငယ်က ပြောသည်။

ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီ၊ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ စီမံခန့်ခွဲရေးဆပ်ကော်မတီသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ပြည်ပမှ ပြန်လည်ဝင်ရောက်လာကြသည့် နိုင်ငံသားများနှင့် ၎င်းတို့ နေထိုင်ရာ နေရာဒေသများရှိ ပြည်သူ့ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများမှ ကျန်းမာရေးဝန်ထမ်းများနှင့် စောင့်ကြည့်လူနာများအတွက် ရောဂါကာကွယ်သည့်ပစ္စည်း ခြောက်မျိုး၊ တစ်ကိုယ်ရေကာကွယ်ရေး ဝတ်စုံများ၊ နှာခေါင်းစည်းများ၊ ကိုယ်အပူချိန်တိုင်း ကိရိယာများ၊ ဆေးရုံသုံးလက်အိတ်များ၊ မျက်မှန်နှင့် လက်သန့်ဆေးရည်ဘူးများအား နေရာအရောက် နေ့စဉ်အဆက်မပြတ် သွားရောက်လှူဒါန်းလျက်ရှိသည်။

ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီသည် ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ အခြားမြို့နယ်များနှင့် တိုင်းရင်းသားလူမျိုးစုများ နေထိုင်ရာဒေသများ၊ တိုက်ပွဲရှောင်စခန်းများသို့ ရိက္ခာထုပ်များ ဆက်လက်၍ ထောက်ပံ့လှူဒါန်းပေးသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## မောက်မယ်မြို့၌ ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး နှာခေါင်းစည်းများ ဖြန့်ဝေ

**မောက်မယ် မေ ၂၁**

ရှမ်းပြည်နယ် တောင်ပိုင်း လင်းခေးခရိုင် မောက်မယ်မြို့နယ်၌ ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ယာယီပျံကျဈေးတွင် ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ကိုယ်တိုင်ချုပ် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် အမျိုးသမီးရေးရာကော်မတီ ဥက္ကဋ္ဌ ဒေါ်ယမင်းတင် ဦးဆောင်၍ အဖွဲ့ဝင်များနှင့် မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များက ယာယီပျံကျဈေးတွင် ဈေးရောင်းဈေးဝယ်သူများအား နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်အသုံးပြုရေး အသိပညာပေးပြီး အမျိုးသမီးရေးရာ အဖွဲ့ဝင်များမှ ချုပ်လုပ်ထားသော နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်း၊ လက်ကမ်းစာစောင်များနှင့် ပညာပေးပိုစတာများ ဖြန့်ဝေခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်( မောက်မယ်)**

# ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပွင့်ဖြူမြို့နယ်၌ နှာခေါင်းစည်းတပ်ရေး လှုပ်ရှားမှုဆောင်ရွက်

**ပွင့်ဖြူ မေ ၂၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပြည်သူများ အပြင်သွားလာရာတွင် နှာခေါင်းစည်းတပ်ဆင်၍ သွားလာသည့် အလေ့အကျင့်များ ရရှိစေရေးအတွက် မြို့နယ် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ စုပေါင်း၍ ပွင့်ဖြူ – စလင်းသွားကားလမ်း ဖြတ်သန်းသွားလာသော ပြည်သူများအား နှာခေါင်းစည်းတပ်ရေးလှုပ်ရှားမှု အသွင်ဖြင့် အသိပညာပေးလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ကိုဗစ် – ၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ပြည်သူများ အပြင်သွားလာရာ၌ နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်၍ သွားလာစေရန် အသိပညာပေးလုပ်ငန်း ဆောင်ရွက်ရာသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ပွင့်ဖြူ – စလင်းသွားကားလမ်း တစ်လျှောက် နှာခေါင်းစည်းမပါဘဲ ဖြတ်သန်းသွားလာသည့် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေတပ်ဆင်ပေးပြီး ကိုဗစ် – ၁၉ ရောဂါကင်းဝေးစေရေး ကြိုတင်ကာကွယ်ရေးနည်းလမ်းများအား အလေးထားလိုက်နာဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။

မြို့နယ်အတွင်း ကိုဗစ် – ၁၉ ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရန်နှင့် ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် လူတိုင်း အပြင်သွားလာမည်ဆိုပါက နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်သွားလာစေရန်အတွက် နှာခေါင်းစည်းတပ်ရေး လှုပ်ရှားမှု အသိပညာပေးလုပ်ငန်းကို မေ ၂၀ ရက်မှ ၂၂ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ၁၀ နာရီအထိ သုံးရက်ကြာ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရပြီး ပညာပေးကာလ ပြီးဆုံးပါက နှာခေါင်းစည်းမတပ်ဘဲ အပြင်သွားလာသူများကို နှာခေါင်းစည်း တစ်ခုလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ရောင်းချပြီး အရေးယူတပ်ဆင်သွားလာစေမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင် ထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**




## တန့်ယန်းမြို့နယ်၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ လှူဒါန်း

**တန့်ယန်း မေ ၂၁**

တန့်ယန်းမြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနသို့ မေ ၂၁ ရက် ညနေပိုင်းက ACCESS ဖွံ့ဖြိုးရေးရန်ပုံငွေ၏ ကူညီမှုဖြင့် Save the Children အဖွဲ့မှ တစ်ကိုယ်ရေ ကာကွယ်ရေးဝတ်စုံများ၊ နှာခေါင်းစည်းများ၊ အပူချိန်တိုင်း ကိရိယာများ၊ လက်အိတ်များ၊ လက်ဆေးဆပ်ပြာနှင့် အသိပညာပေး ဗီနိုင်းများ၊ ပိုစတာများ အပါအဝင် ပစ္စည်းအမျိုးအစားပေါင်း ၂၀အား ကိုဗစ် – ၁၉ ရောဂါကာကွယ် တားဆီးနိုင်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် လာရောက်လှူဒါန်းခဲ့ရာ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အောင်ဇော်ဦးက လက်ခံရယူသည်။ **(အပေါ်ပုံ)**

ကိုဗစ် – ၁၉ ကာကွယ်တားဆီးနိုင်ရေးအတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့တွင် မြို့နယ်မှ တာဝန်ရှိဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် စေတနာရှင် ပြည်သူများက ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ **မင်းလွင်ဦး (ပြန်/ဆက်)**

# ကချင်၊ ရှမ်းနှင့် ရခိုင်ပြည်နယ်အတွင်းရှိ IDP စခန်းများတွင် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင် စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် ဗန်းမော်မြို့နယ်ရှိ ရောဘတ်ကျောင်း IDP စခန်းနှင့် နှစ်ခြင်း IDP စခန်းများသို့ သွားရောက်၍ လက်သန့်ဆေးရည် ၁၂၇၈ ဘူး၊ ဆပ်ပြာ ၄၀၀၅ ခဲ၊ ထုံးအိတ် ၂၀နှင့် အပူချိန်တိုင်းကိရိယာ တစ်ခု၊ လက်ဆေးစင် ၁၆ ခု၊ အဝတ် နှာခေါင်းစည်း ၈၀၁၀၊ Hand Speaker နှစ်ခုနှင့် ကိုဗစ်–၁၉ အသိပညာပေးအသံဖိုင် ထည့်သွင်းထားသော Memory Stick နှစ်ခုတို့ကို ထောက်ပံ့ခဲ့သည်။

အလားတူ ရှမ်းပြည်နယ်၊ ကွတ်ခိုင်မြို့နယ်ရှိ မုံးစီးကာသိုလိပ်ဘုရားကျောင်း IDP စခန်းသို့ သွားရောက်၍ အဝတ် နှာခေါင်းစည်း ၉၅၂ ခု၊ လက်သန့်ဆေးရည် (Hand gel) ၁၃၆ ဘူးနှင့် ဗီနိုင်း နှစ်ချပ်တို့ကို ထောက်ပံ့ခဲ့သည်။

ထို့အပြင် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်ရှိ အောက်သင်ပုန်းတန်း၊ ဖားကြွယ်ဝ ဘုန်းတော်ကြီးကျောင်း၊ အထက်မြက်လှဲဘုန်းတော်ကြီးကျောင်း၊ ဗန်းဗွီးကျေးရွာ စာသင်ကျောင်း၊ ကွမ်းတောင်ကျေးရွာ၊ ခွေးသေကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ ခေမာရာမဘုန်းတော်ကြီးကျောင်း၊ အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်း၊ အောင်သိဒ္ဓိ ဘုန်းတော်ကြီးကျောင်း၊ စက်မှုဇုန်တိုက်ပွဲရှောင်စခန်း၊ အ.မ.က (မူလွန်–၂) စာသင်ကျောင်း၊ အ.မ.က (မူလွန်–၃) စာသင်ကျောင်း၊ စေတီပြင်ကျေးရွာ တိုက်ပွဲရှောင်စခန်းများနှင့် ရသေ့တောင်မြို့နယ်ရှိ တောင်ရင်းတန်း၊ အရှေ့မြောက်၊ အရှေ့တောင်၊ ချောင်းဝ တိုက်ပွဲရှောင်စခန်းများ စုစုပေါင်း တိုက်ပွဲရှောင်စခန်း ၁၇ ခုတို့တွင် လက်သန့်ဆေးရည် ၃၁၇၀ ဘူး၊ ထုံးအိတ် ၁၃၀ နှင့် အပူချိန်တိုင်းကိရိယာ ၁၇ ခု၊ လက်ဆေးစင် ၁၇ ခု၊ Surgical Mask ၄၅၂၄ ခု၊ အဝတ် နှာခေါင်းစည်း ၈၇၄၆ ခု၊ Hand Speaker ၁၇ ခုနှင့် ကိုဗစ်–၁၉ အသိပညာပေး အသံဖိုင်ထည့်သွင်းထားသော Memory Stick ၁၇ ခုတို့ ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေး လုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်း လုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် အားလုံးတွင် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဟသ်ာတ၌ နှာခေါင်းစည်းမတပ်ဆင်ဘဲ နေအိမ်ပြင်ပ သွားလာသူများကို နှာခေါင်းစည်း ယခုဝယ်၊ ယခုတပ် စနစ် စတင်ဆောင်ရွက်

**ဟသ်ာတ မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် နှာခေါင်းစည်း မတပ်ဆင်ဘဲ နေအိမ်ပြင်ပသွားလာသူများကို စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က နှာခေါင်းစည်း ယခုဝယ်၊ ယခုတပ် စနစ်ကို ယနေ့နံနက်ပိုင်းက စတင်ဆောင်ရွက်ကြောင်း သိရသည်။ **(ယာပုံ)**

တိုင်းဒေသကြီး ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ထုတ်ပြန်သတ်မှတ်ထားသည့် နှာခေါင်းစည်း သုံးခုလျှင် ကျပ် ၃၀၀၀ နှုန်းဖြင့် ယခုဝယ်၊ ယခုတပ် စနစ်ကို ဆောင်ရွက်နေပြီး လျှပ်တစ်ပြက် အရေးယူဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ အသိပေးနှိုးဆော်မှုများ ပြုလုပ်ပြီးမှ ယခုကဲ့သို့ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နှာခေါင်းစည်း တပ်ဆင်ရေး စိစစ်ဆောင်ရွက်ခြင်းဖြစ်၍ တစ်နေရာတည်းလုပ်ဆောင်ခြင်းမျိုး မဟုတ်ဘဲ ရွှေ့လျားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝယ်ယူလိုက်ရသည့် ပြည်သူများတွင် ကျေနပ်မှုရှိသည်ကို တွေ့ရကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က ပြောသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် စေတနာ့ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များပါဝင်သည့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က နှာခေါင်းစည်းမတပ်ဆင်ဘဲ နေအိမ်ပြင်ပသွားလာသူများကို နေ့စဉ်နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ "ယခုဝယ်၊ ယခုတပ်" စနစ်ဖြင့် အသိပေး ရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော် (ပြန်/ဆက်)**



## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၆၅၅၀ | ၁၉၉ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၁၀၈ | ၆ |

**စောင့်ကြည့်လူနာ စုစုပေါင်း - ၄၅၂၅**

**ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၀၁ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)**

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၅၅ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | |
| ၄ | ချင်း | ၇ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၃ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | ကရင် | ၂ | |
| ၁၁ | ရခိုင် | ၂ | |
| ၁၂ | မကွေး | ၂ | |
| ၁၃ | ကချင် | ၁ | |
| ၁၄ | တနင်္သာရီ | ၁ | |
| ၁၅ | မွန် | ၁ | |
| ၁၆ | ဧရာဝတီ | ၁ | |
| | **စုစုပေါင်း** | **၁၉၉** | **၆** |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၁-၅-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၂၁-၅-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၅၉၆၈၃၂ | ၃၇၀၉၇၃ | ၉၅၀၅၈ |
| ၂။ | ရုရှား | ၃၁၇၅၅၄ | ၉၂၆၈၁ | ၃၀၉၉ |
| ၃။ | ဘရာဇီး | ၂၉၄၁၅၂ | ၁၁၆၆၈၃ | ၁၉၀၃၈ |
| ၄။ | စပိန် | ၂၇၉၅၂၄ | ၁၉၆၉၅၈ | ၂၇၈၈၈ |
| ၅။ | ဗြိတိန် | ၂၅၀၉၀၈ | ဝိစစ်ဆဲ | ၃၆၀၄၂ |
| ၆။ | အီတလီ | ၂၂၇၃၆၄ | ၁၃၂၂၈၂ | ၃၂၃၃၀ |
| ၇။ | ပြင်သစ် | ၁၈၁၅၇၅ | ၆၃၃၅၄ | ၂၈၁၃၂ |
| ၈။ | ဂျာမနီ | ၁၇၈၆၇၁ | ၁၅၈၀၀၀ | ၈၂၇၁ |
| ၉။ | တူရကီ | ၁၅၂၅၈၇ | ၁၁၃၉၈၇ | ၄၂၂၂ |
| ၁၀။ | အီရန် | ၁၂၉၃၄၁ | ၁၀၀၅၆၄ | ၇၂၄၉ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၁ - ၅ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၂၉၈၁၂ | ၁၂၁၁၇ | ၂၃ |
| အင်ဒိုနီးရှား | ၂၀၁၆၂ | ၄၈၃၈ | ၁၂၇၈ |
| ဖိလစ်ပိုင် | ၁၃၄၃၄ | ၃၀၀၀ | ၈၄၆ |
| မလေးရှား | ၇၀၅၉ | ၅၇၉၆ | ၁၁၄ |
| ထိုင်း | ၃၀၃၇ | ၂၈၉၇ | ၅၆ |
| ဗီယက်နမ် | ၃၂၄ | ၂၆၄ | ၀ |
| မြန်မာ | ၁၉၉ | ၁၀၈ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၆ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၂၂ | ၀ |
| လာအို | ၁၉ | ၁၄ | ၀ |

# ချောင်းဦးမြို့တွင် နေအိမ်ပြင်ပထွက်လျှင် နှာခေါင်းစည်း မတပ်ဆင်ပါက အရေးယူဆောင်ရွက်မည်ဖြစ်


ချောင်းဦး မေ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့တွင် မေ ၂၂ ရက်မှစတင်ကာ အပြင်ထွက်လျှင် နှာခေါင်းစည်း မတပ်ဆင်ပါက အရေးယူမည်ဖြစ်ကြောင်း မြို့နယ်အဆင့် ကိုဗစ် – ၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၌ နေအိမ်ပြင်ပထွက်ခွာရာ၌ နှာခေါင်းစည်း တပ်ဆင်ကြရန် အသိပညာပေးအနေဖြင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းများကို မြို့မစည်ပင်သာယာဈေး၊ ယာယီပုံကျဈေး၊ ပြည်သူ့အားကစားကွင်းရှေ့၊ ချောင်းဦး – ပခုက္ကူလမ်းဆုံ၊ ပြည်သူ့စာကြည့်တိုက်ရှေ့များတွင် ဆောင်ရွက်ခဲ့ပြီး **(အောက်ပုံ)** နှာခေါင်းစည်း ၃၀၀၀နီးပါး အခမဲ့ဖြန့်ဝေ၍ အသိပညာပေးဆောင်ရွက်ခဲ့ပါကြောင်း၊ လမ်းမကြီးများပေါ်မှာလည်း ဗီနိုင်းများ ချိတ်ဆွဲ၍ ကြော်ငြာထားပြီးဖြစ်ကြောင်း၊ နေအိမ်ပြင်ပထွက်လျှင် နှာခေါင်းစည်းမတပ်ဆင်ပါက မြို့နယ်အဆင့် ကော်မတီက ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ (၁၅) အရ တရားစွဲဆိုခြင်းဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် လက်ကိုင်စပီကာများ၊ အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးကြော်ငြာသွားမည် ဖြစ်ကြောင်း မြို့နယ်အဆင့် ကိုဗစ် – ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်က ပြောသည်။

ချောင်းဦးမြို့နယ်တွင် အကြောင်းအမျိုးမျိုးကြောင့် နေအိမ်ပြင်ပသို့ ထွက်ခွာသွားလာလျှင် နှာခေါင်းစည်း မတပ်ဆင်ပါက မေ ၂၂ ရက်မှစတင်ကာ တရားစွဲဆို အရေးယူဆောင်ရွက်မည်ဖြစ်ပြီး တရားရုံးမှ မည်သူမဆို ကျန်းမာရေးဦးစီးဌာန၏ ညွှန်ကြားချက်တစ်စုံတစ်ရာကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား ကျပ်ငါးထောင်ထက် မပိုသော ငွေဒဏ် ချမှတ်နိုင်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**






**စောစောရှာ အက်ပလီကေးရှင်းကို အသုံးပြုခြင်းဖြင့် မိမိအနီးအနားတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူ ရှိ၊ မရှိ သိရှိနိုင်ပြီး မိမိကိုယ်တိုင်၊ မိမိ၏ မိသားစုနှင့် မိမိနိုင်ငံကို ကာကွယ်ပါ။**

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ COVID-19 ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်

နေပြည်တော် မေ ၂၁

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မေ ၁၆ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ မြို့နယ် ၄၈ မြို့နယ်ရှိ နေရာ ၁၀၃ နေရာများတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၂၆၈ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၂၂ ကီလိုဂရမ်၊ ရေဂါလန် ၁၇၄၀၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။

သတင်းစဉ်



မေ ၁၆ ရက်က နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပြည်သူ့လွှတ်တော်တွင် COVID-19 ကာကွယ်ဆေးဖျန်းစဉ်။



မေ ၁၆ ရက်က နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပြည်ထောင်စုလွှတ်တော်ဝင်းအတွင်း COVID-19 ကာကွယ်ဆေးဖျန်းစဉ်။




မေ ၁၆ ရက်က ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်အတွင်း COVID-19 ကာကွယ်ဆေးဖျန်းစဉ်။



မေ ၁၆ ရက်က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်း COVID-19 ကာကွယ်ဆေးဖျန်းစဉ်။



မေ ၁၆ ရက်က မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျောင်ရပ်ကွက် မဟာဓမ္မိကာရာမ ရွှေကျောင်တိုက်မကြီးတွင် COVID-19 ကာကွယ်ဆေးဖျန်းစဉ်။



မေ ၁၆ ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဝဋ္ဋုဝန်ကျောင်းတိုက်တွင် COVID-19 ကာကွယ်ဆေးဖျန်းစဉ်။

# ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀)ပြည့်အထိမ်းအမှတ် တံဆိပ်ခေါင်းကို တစ်နိုင်ငံလုံးရှိ လုပ်ငန်းပြည့်စာတိုက်များတွင် ငွေကျပ် ၂၀၀ ဖြင့် စတင်ရောင်းချ

**ရန်ကုန် မေ ၂၁**

ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် တံဆိပ်ခေါင်းနှင့် စာအိတ်တို့ကို ဈေးနှုန်း ငွေကျပ် ၂၀၀ စီဖြင့် ယမန်နေ့က စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ လုပ်ငန်းပြည့် စာတိုက်များ၌ ရောင်းချသည်။

"ဒီနေ့ထုတ်တဲ့ တံဆိပ်ခေါင်းက ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ထုတ်ဝေတဲ့ ၂၀၀ ကျပ်တန် တံဆိပ်ခေါင်း ဖြစ်ပါတယ်။ ဘွဲ့နှင်းသဘင်ခန်းမကို နောက်ခံထားပြီးတော့ ရှေ့က သစ်ပုပ်ပင်၊ အောက်ထောင့်က တက္ကသိုလ် သင်္ကေတ ကံ့ကော်ပန်းလေး၊ ဆရာ မောင်စိန်ဝင်း (ပုတီးကုန်း) ရဲ့ ထာဝရ ကဗျာလေးကို ထည့်သွင်းရိုက်နှိပ်ထားပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တံဆိပ်ခေါင်း သုံးသိန်းထုတ်ပြီး လုပ်ငန်းပြည့် စာတိုက်တွေမှာ ဒီနေ့ စတင်ရောင်းချနေပါတယ်။ ပထမနေ့ ကာဘာစာအိတ်ကိုလည်း ငွေကျပ် ၂၀၀ နဲ့ ရောင်းချပေးနေပါတယ်။ ဒါက ဒုတိယအကြိမ်ထုတ်တာပါ။ ပထမအကြိမ်ကို ၁၉၉၅ ခုနှစ် နိုဝင်ဘာ ၁ ရက်မှာ ရန်ကုန်တက္ကသိုလ် စိန်ရတု တံဆိပ်ခေါင်း နှစ်မျိုးက ပြား ၅၀တန်နဲ့ ၂ ကျပ်တန်ပါ။ ရန်ကုန်စာတိုက်ကြီး အများဆုံးရောင်းဖို့ ခွဲတမ်းက ၁၆၆ ထုပ် တန်ဖိုး ၄၉၈၀၀၀၀ ဖိုးပါ။ ညနေ ၄ နာရီခွဲအထိ ရောင်းပေးပါတယ်။ တံဆိပ်ခေါင်းက ငွေကဲ့သို့ တန်ဖိုးရှိတယ်။ စာထည့်လို့လည်းရတယ်။ မနှစ်က ဆယ့်နှစ်လရာသီပွဲတော်နှင့် ပန်းများ အထိမ်းအမှတ်တွေဆို တံဆိပ်ခေါင်းစုဆောင်းသူ ဝါသနာရှင်တွေက အလွန်တန်ဖိုးထားတယ်။ မသိသေးတဲ့သူတွေအတွက် ဘယ်ရာသီမှာ ဘယ်ပန်းတွေ ပွင့်တယ်။ နှစ်တစ်ရာ ဘယ်တုန်းက ပြည့်တယ်။ ရန်ကုန်တက္ကသိုလ်ဆို ၁၉၂၀မှ၂၀၂၀ ဆို ရာပြည့်ပေါ့။ မသိတဲ့ လူတွေအတွက် ဗဟုသုတတိုးပွားစေပါတယ်" ဟု မြန်မာ့စာတိုက်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဒေါ်စီစီဟန်က ပြောသည်။



"တံဆိပ်ခေါင်းတစ်လုံးပေါ်မှာ လေးနက်တဲ့ အကြောင်းအရာတွေ အများကြီးရှိပါတယ်။ ကျွန်တော်တော့ တန်ဖိုးထားတယ်။ ကိုလိုနီခေတ်က ဘားမားပေါ့။ သူတို့နိုင်ငံက ဂျော့ဘုရင်တို့၊ လူကြီးတွေပုံ တံဆိပ်ခေါင်းနဲ့ စာပို့ခဲ့ရတာ။ လွတ်လပ်ရေးရတဲ့နေ့ကစလို့ ဗိုလ်ချုပ်ခေါင်းနဲ့ တစ်ရက်တည်းမှာ ငါးလုံးထွက်တာ။ အဲဒီကစပြီး မြန်မာဖြစ်သွားတာ။ ကျွန်တော် စုဆောင်းတဲ့ တံဆိပ်ခေါင်း မြေးကို အမွေပေးမယ်။ သူလည်း ထိန်းသိမ်းပြီး သူ့ရဲ့မြေးကို ဆက်အမွေပေး ထိန်းသိမ်းပေါ့"ဟု တံဆိပ်ခေါင်းစုဆောင်းသူ ဦးအေးငွေက ပြောသည်။

ယနေ့ခေတ် စာပို့ခမှာ ငွေကျပ် ၂၀၀ ဖြစ်၍ ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် တံဆိပ်ခေါင်းကို ငွေကျပ် ၂၀၀ ဖြင့် ရောင်းချခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံတံဆိပ်ခေါင်းစုဆောင်းသူ ဝါသနာရှင်များ အသင်းထံမှ သိရသည်။ **သန့်ဇင်ဝင်း**

# ကနီမြို့နယ်တို့ရှိ သစ်တောကြိုးဝိုင်းအတွင်း ဝါးမျိုးစုံ ဧက ၂၀၀ စိုက်ပျိုးသွားရန် စီစဉ်လျက်ရှိ

**ကနီ မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် မျှိုင်းကြိုးဝိုင်းအတွင်း ဝါးမျိုးစုံ ဧက ၂၀၀ ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ပုဂ္ဂလိက စက်မှုကုန်ကြမ်း စိုက်ခင်းအမျိုးအစားအဖြစ် စိုက်ပျိုးသွားရန် စီစဉ်လျက်ရှိကြောင်း တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကျော့ကျော့အောင်ထံက သိရသည်။

" စိုက်ပျိုးမှုအနေနဲ့က အခု ဘဏ္ဍာနှစ်မှာ ဧက ၂၀၀ ကို အရင်စိုက်မယ်။ လာမယ့် ဘဏ္ဍာနှစ်မှာ ဧက ၂၀၀ ကို တောင်သူ လေးဦးက စိုက်ပျိုးကြမှာဖြစ်တယ်။ ကုန်ကျမှုအနေနဲ့ ဝါးစိုက်ပျိုးစဉ်ကာလအတွင်း တစ်ဧကကို ငွေကျပ် ၃၀၀၀၀ နှုန်း အာမခံထားရမယ်။ ဝါးစိုက်ပျိုးမှု အောင်မြင်တယ်ဆိုရင် အာမခံထားတဲ့ ငွေပြန်ပေးမယ်။ တကယ်လို့ ဝါးစိုက်တာ မအောင်မြင်ရင်တော့ ပြန်မပေးဘူး။ မြေငှားခအနေနဲ့ကတော့ တစ်နှစ်ကို တစ်ဧက ငွေကျပ် ၂၀၀၀နှုန်း ပေးဆောင်ရမှာဖြစ်တယ်။ စိုက်တဲ့ဝါးတွေ အောင်မြင်ဖြစ်ထွန်းလို့ ခုတ်ယူသုံးစွဲရင်လည်း ချမှတ်ထားတဲ့ စည်းကမ်းချက်တွေအတိုင်း ခုတ်ယူသုံးစွဲရမှာ ဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

ကနီမြို့နယ် မျှိုင်းကြိုးဝိုင်းအတွင်း ဝါးစိုက်တောင်သူ ဦးစိန်လင်း၊ ဦးအောင်နိုင်ဝင်း၊ ဒေါ်သက်ထားဦးနှင့် ဒေါ်ယုယုတို့က ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဧက၂၀၀ နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဧက၂၀၀ စုစုပေါင်း ဧက၄၀၀ တွင် ဝါးပိုးဝါး၊ မျှစ်ချိုဝါး၊ မျှင်ဝါးနှင့် ကြသောင်းဝါး စသည့် ဝါးအမျိုးအစားများကို စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီ တောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁- ၅ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၆၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၄၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၃၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၇၀/၅၀၀ | ကျပ် | ၅၀၀/၅၂၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၈၀/၅၁၀ | ကျပ် | ၅၁၅/၅၃၅ | ကျပ် |
| အောက်တိန်း ၉၂ | ၃၈၀/၄၂၀ | ကျပ် | ၄၄၀/၄၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၀၀/၅၃၀ | ကျပ် | ၅၇၅/၆၀၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၀၇ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၄၄ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၄ . ၇၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၂၁ . ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၅ . ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၂၄ . ၈၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၈ . ၂၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၆၅၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၄၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၃ . ၈၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၁၉၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၈၈၃ | ၉၄၈၉၀၀၀ |
| MTSH | ၃၇၅၀ | ၃၇၅၀ | ၁၀၇၁ | ၃၉၅၉၅၅၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၆ | ၄၉၂၀၀ |
| FPB | ၂၃၅၀၀ | ၂၃၅၀၀ | ၃ | ၇၁၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၅ | ၁၃၇၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)



# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၂၁)
# ပြည်သူ့လွှတ်တော်နှင့် လွှတ်တော်မဲဆန္ဒနယ်များ သတ်မှတ်ခြင်း

မောင်စာဂ

**မြန်မာနိုင်ငံတွင် ပြည်ထောင်စုအဆင့်၌ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူ၍ ရှိသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်တွင် တိုင်းဒေသကြီး လွှတ်တော်တစ်ရပ်စီ သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်စီ ရှိသည်။ ယင်းလွှတ်တော်များကို မည်သို့ ဖွဲ့စည်းထားသနည်း။ ယင်းလွှတ်တော် အသီးသီး၏ မဲဆန္ဒနယ်များကို မည်သို့သတ်မှတ်သနည်း။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆိုင်ရာ လွှတ်တော်ဥပဒေများမှ ကောက်နုတ်ပြီး လွှတ်တော်တစ်ရပ်ချင်းစီ အလိုက် အနှစ်ချုပ်မျှဝေပါရစေ။**

### ပြည်ထောင်စုလွှတ်တော်ဖွဲ့စည်းခြင်း

ပြည်ထောင်စုလွှတ်တော်ကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်ပေါင်း၍ ပြည်ထောင်စုလွှတ်တော်ဟု ဖွဲ့စည်းသည်။ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအဖြစ်နှင့် သီးခြားရွေးကောက်တင်မြှောက်ပေးခြင်း မရှိပါ။

**[ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၇၄ ]**

### ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်း

ပြည်သူ့လွှတ်တော်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေအများဆုံး ၄၄၀ ဖြင့် ဖွဲ့စည်းသည်။ ယင်းသို့ဖွဲ့စည်းရာတွင် ပထမအချက်အနေဖြင့် မြို့နယ်ကိုအခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း၊ မြို့နယ် ၃၃၀ ထက်ပိုမိုလာပါက အသစ်ဖွဲ့စည်းသည့်မြို့နယ်ကို တစ်ဆက်တစ်စပ်တည်းဖြစ်သော မြို့နယ်တစ်ခုခုနှင့်ပူးပေါင်း၍လည်းကောင်း မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ထက်မပိုသော လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည်။ ဒုတိယအချက်အနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် ၁၁၀ ထက်မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည်။

**[ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၉ ]**

### မဲဆန္ဒနယ်သတ်မှတ်ခြင်း

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်နိုင်ရန် မဲဆန္ဒနယ်များ သတ်မှတ်ခြင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်သည်။ ထိုသို့သတ်မှတ်ရာ၌ အောက်ပါအချက်များကို လိုက်နာ၍ ဆောင်ရွက်သည်-

ပထမအချက်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေများ အပါအဝင် ပြည်ထောင်စုတစ်ဝန်းလုံးတွင် လွှတ်တော်မဲဆန္ဒနယ် ၃၃၀ ထက်ပို၍ သတ်မှတ်ခြင်း မပြုပါ။

ဒုတိယအချက်မှာ မဲဆန္ဒနယ်အရေအတွက် ၃၃၀ ထက် ကျော်လွန်ခြင်းမရှိသေးပါက တစ်မြို့နယ်လျှင် အနည်းဆုံး မဲဆန္ဒနယ်တစ်နယ် သတ်မှတ်သည်။ မဲဆန္ဒနယ်အရေအတွက်သည် ၃၃၀ မပြည့်မီပါက လိုအပ်နေသော မဲဆန္ဒနယ်အရေအတွက်ကို ပြည်ထောင်စုတစ်ဝန်းလုံးရှိ မြို့နယ်များ၏ လူဦးရေ အများအနည်းအလိုက် တန်းစီဇယားပြုစုသည်။ လူဦးရေအများဆုံး မြို့နယ်မှစပြီး တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ်စီကို လိုအပ်နေသော မဲဆန္ဒနယ်အရေအတွက် ပြည့်သည်အထိ ထပ်ဆောင်းသတ်မှတ်ပေးသည်။

တတိယအချက်မှာ မြို့နယ်အသစ်များ ဖွဲ့စည်းခြင်းကြောင့် စုစုပေါင်းမြို့နယ်အရေအတွက်သည် ၃၃၀ ထက် ကျော်လွန်ပါက မြို့နယ်အသစ်ဖွဲ့စည်းခြင်းအပေါ် မူတည်၍ သတ်မှတ်သည်။ ဥပမာ မြို့နယ်တစ်ခုအား နှစ်ပိုင်းခွဲခြား၍ မြို့နယ်အသစ်ဖွဲ့စည်းခြင်းဖြစ်လျှင် ယင်းမြို့နယ်အသစ်ကို မူလမြို့နယ်၏ မဲဆန္ဒနယ်အဖြစ် ပူးပေါင်းသတ်မှတ်သည်။ အကယ်၍ တစ်ခုထက်ပိုသော မြို့နယ်များမှ နယ်မြေများကို ထုတ်နုတ်၍ မြို့နယ်အသစ်ဖွဲ့စည်းခြင်းဖြစ်လျှင် ယင်းမြို့နယ်များအနက် တစ်ဆက်တစ်စပ်တည်းရှိပြီး လူဦးရေ အနည်းဆုံးရှိသည့် မြို့နယ်နှင့် ပူးပေါင်း၍ မဲဆန္ဒနယ်တစ်ခုအဖြစ် သတ်မှတ်သည်။

ယခုအချိန်အခါတွင် မြန်မာနိုင်ငံ၌ မြို့နယ်ပေါင်း ၃၃၀ ရှိသည့်အတွက် ၃၃၀ ဖြစ်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် တစ်မြို့နယ်ကို မဲဆန္ဒနယ် တစ်နယ်အဖြစ် သတ်မှတ်ခြင်းဖြင့် ရွေးကောက်တင်မြှောက်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် ၁၁၀ ထက်မပိုသော တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် မဲဆန္ဒနယ်သတ်မှတ်ပေးခြင်း မရှိပါ။

### ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများ

နိုင်ငံသားမိဘနှစ်ပါးမှမွေးဖွားသော နိုင်ငံသားဖြစ်သူများ၊ ရွေးကောက်တင်မြှောက်ခံနိုင်ရေးအတွက် အမည်စာရင်းတင်သွင်းသည့်အချိန်တွင် အသက် ၂၅ နှစ်ပြည့်ပြီးသူများ၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့်အချိန်နှင့် တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနည်းဆုံး ၁၀ နှစ် အခြေချနေထိုင်သူများ၊ (နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ တရားဝင်သွားရောက်သည့်ကာလများကို နိုင်ငံတော်တွင်အခြေချနေထိုင်ခဲ့သည့်ကာလအဖြစ် ထည့်သွင်းရေတွက်သည်)၊ မဲစာရင်းတွင် ပါဝင်သူများဖြစ်လျှင် အမျိုးသား၊ အမျိုးသမီး မရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူတစ်ဦးသည် တစ်သီးပုဂ္ဂလအဖြစ်ဖြစ်စေ၊ နိုင်ငံရေးပါတီတစ်ခုခုကို ကိုယ်စားပြု၍ဖြစ်စေ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်။

### ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲကျင်းပခြင်း

လွှတ်တော်ရွေးကောက်ပွဲများကိုဖြစ်နိုင်သရွေ့ တစ်နေ့တည်းတွင် တစ်ပြိုင်နက်ကျင်းပရမည်ဟု ဥပဒေကပြဋ္ဌာန်းထားသဖြင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲများကို အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲများနှင့်အတူ တစ်နေ့တည်းတွင် တစ်ပြိုင်နက်တည်းကျင်းပခဲ့သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပထမအကြိမ် လွှတ်တော် အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင်လည်းကောင်း၊ ဒုတိယအကြိမ် လွှတ်တော် အထွေထွေရွေးကောက်ပွဲများကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင်လည်းကောင်း ကျင်းပခဲ့သည်။

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပသော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် မဲဆန္ဒနယ်စုစုပေါင်း ၃၃၀ သတ်မှတ်ခဲ့သော်လည်း မဲဆန္ဒနယ် ငါးနယ်တွင် လုံခြုံရေး အခြေအနေအရ ရွေးကောက်ပွဲကျင်းပနိုင်ခြင်း မရှိခဲ့ပါ။ မဲဆန္ဒနယ် ၃၂၅ နယ်အတွက်သာ ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့သည်။ ရွေးကောက်ပွဲတွင် ပါတီ ၃၇ ခုမှ ပါတီကိုယ်စားပြု ၂၉၈၇ ဦးနှင့် တစ်သီးပုဂ္ဂလ ၈၂ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ ပါတီ ၂၂ ခုမှ လွှတ်တော်ကိုယ်စားလှယ် ၁၁၄၈ ဦးနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးတို့ ရွေးကောက်တင်မြှောက်ခံရသည်။ အမျိုးသမီး ကိုယ်စားလှယ် ၄၅ ဦး ပါဝင်ရွေးကောက်ခံရသည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပသော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် မဲဆန္ဒနယ်စုစုပေါင်း ၃၃၀ သတ်မှတ်ခဲ့သော်လည်း မဲဆန္ဒနယ် ခုနစ်နယ်တွင် လုံခြုံရေးအခြေအနေအရ ရွေးကောက်ပွဲကျင်းပနိုင်ခြင်း မရှိခဲ့ပါ။ မဲဆန္ဒနယ် ၃၂၃ ခုအတွက်သာ ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့သည်။ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၉၁ ခုမှ ပါတီကိုယ်စားပြု ၅၇၂၈ ဦးနှင့် တစ်သီးပုဂ္ဂလ ၃၁၀ တို့ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ပါတီ ၂၂ ခုမှ လွှတ်တော်ကိုယ်စားလှယ် ၁၁၄၅ ဦးနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ် ငါးဦးတို့ ရွေးကောက်တင်မြှောက်ခံရသည်။ အမျိုးသမီး ကိုယ်စားလှယ် ၁၅၁ ဦး ပါဝင်ရွေးကောက်ခံရသည်။

> **“ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် သတ်မှတ်ထားသောအရည်အချင်းနှင့် ပြည့်စုံကြရပါမည်။ အထူးသဖြင့် မဲစာရင်းတွင် ပါဝင်သူဖြစ်ရမည်။ မဲစာရင်းတွင် ပါဝင်သူဟုဆိုရာတွင် မိမိရွေးကောက်တင်မြှောက်ခံမည့် မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်ရန်မလိုပါ။ မဲဆန္ဒနယ်တစ်ခုခု၏ မဲစာရင်းတွင် ပါဝင်နေဖို့လိုသည်။ ဤသည်မှာ အရေးကြီး”**

### နည်းလမ်းနှစ်သွယ်

ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၃၀ ကို သတ်မှတ်ရာတွင် မြို့နယ်ကိုအခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း သတ်မှတ်ခြင်း နည်းလမ်းနှစ်သွယ်ရှိသည်။ သို့ရာတွင် မြို့နယ်စုစုပေါင်း ၃၃၀ ရှိသည့်အတွက် တစ်မြို့နယ်လျှင် မဲဆန္ဒနယ် တစ်နယ် သတ်မှတ်ခြင်းဖြင့် ပြည့်စုံသွားသည်။ လူဦးရေကို အခြေခံရန် လိုအပ်မည် မဟုတ်ပါ။ အကယ်၍ မြို့နယ်အရေအတွက် ၃၃၀ ထက် လျော့နည်းသွားလျှင် သို့မဟုတ် ၃၃၀ ထက် ပိုမိုလာလျှင် ထိုအခါမျိုးတွင် လူဦးရေအများအနည်းကို အခြေခံရန် လိုအပ်လာမည်ဖြစ်သည်။

မြို့နယ်ကိုအခြေခံ၍ မဲဆန္ဒနယ်သတ်မှတ်ထားခြင်းဖြစ်သဖြင့် မဲဆန္ဒနယ် တစ်နယ်နှင့်တစ်နယ် လူဦးရေကွာခြားမှုရှိသည်။ လူဦးရေကွာခြားလျှင် မဲဆန္ဒရှင်လည်း ကွာခြားသည်။ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်အများဆုံးဖြစ်သော ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်သည် လှိုင်သာယာမြို့နယ်ဖြစ်ပြီး မဲဆန္ဒရှင်စုစုပေါင်း လေးသိန်းခွဲကျော် ရှိသည်။ မဲဆန္ဒရှင်အနည်းဆုံးဖြစ်သော ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်သည် ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ်ဖြစ်ပြီး မဲဆန္ဒရှင် စုစုပေါင်း နှစ်ထောင်နီးပါး ရှိသည်။

ယခုအခါ ဆိပ်ကမ်းမြို့နယ်ကို ပယ်ဖျက်၍ ဗိုလ်တထောင်မြို့နယ်နှင့် လမ်းမတော်မြို့နယ်များတွင် ထည့်သွင်းခဲ့သည်။ မဲဆန္ဒရှင်အရေအတွက်များသော လှိုင်သာယာမြို့နယ်ကို အရှေ့ပိုင်းနှင့် အနောက်ပိုင်းဟူ၍ မြို့နယ်နှစ်မြို့နယ်ခွဲ၍ သတ်မှတ်ခဲ့သည်။

### အသင့်ပြင်ဆင်ပါဝင်ယှဉ်ပြိုင်နိုင်ကြပါစေ

ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် သတ်မှတ်ထားသောအရည်အချင်းနှင့် ပြည့်စုံကြရပါမည်။ အထူးသဖြင့် မဲစာရင်းတွင်ပါဝင်သူဖြစ်ရမည်။ မဲစာရင်းတွင်ပါဝင်သူဟုဆိုရာတွင် မိမိရွေးကောက်တင်မြှောက်ခံမည့် မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်ရန်မလိုပါ။ မဲဆန္ဒနယ်တစ်ခုခု၏ မဲစာရင်းတွင် ပါဝင်နေဖို့လိုသည်။ ဤသည်မှာ အရေးကြီးသည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးက နီး၍နီး၍ လာချေပြီ။ ယခင် အစဉ်အလာများအရ ပုံမှန်အားဖြင့် နိုဝင်ဘာလထဲတွင် ကျင်းပသွားဖွယ် ရှိပါသည်။ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများသည် မိမိတို့၏ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများအား မည်သည့် မဲဆန္ဒနယ်တွင် ပါဝင်ယှဉ်ပြိုင်ကြမည်ဆိုသည်ကို ကြိုတင်ရွေးချယ်မှုတွေ ပြုကြရပါမည်။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများကို ကြိုတင်လေ့လာ ဖတ်ရှုထားကြရပါမည်။ သို့မှသာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲကျင်းပမည့်ရက်၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများအမည်စာရင်းတင်သွင်းရမည့် နေ့ရက်နှင့် မဲဆွယ်စည်းရုံးရေးကာလများကို ထုတ်ပြန်ကြေညာသည့်အခါ မိမိတို့အနေဖြင့် အဆင်သင့်ရှိနေကြမည်ဖြစ်ကြောင်းပါဗျာ။

- **ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ လွတ်လပ်၍ တရားမျှတမှုရှိပါစေ၊**
- **လွှတ်တော်ကိုယ်စားလှယ်လောင်းများ ကြိုတင်စီမံဆောင်ရွက်နိုင်ကြပါစေ၊**
- **အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းများပါဝင်ယှဉ်ပြိုင်မှု ပိုမိုများပြား လာပါစေ။**

## တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ဘက်စုံပြုပြင်မွမ်းမံရေး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဘက်စုံပြုပြင် မွမ်းမံရေးအတွက် ယမန်နေ့က စေတီတော် ဂေါပက အဖွဲ့များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စေတီတော်ရင်ပြင်ဆိပ်ကမ်း ဓမ္မာရုံတွင် တွေ့ဆုံဆွေးနွေးသည်။ (ယာပုံ)



ရှေးဦးစွာ ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။ ထို့နောက် စေတီတော်ဂေါပက အဖွဲ့ဝင် ဦးမျိုးမြင့်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက Led မီးများဖြင့် ရင်ပြင်တစ်ခုလုံး ထွန်းညှိပူဇော်ရေး၊ အစ်မတော် မြနန်းနွယ်အား ယာယီ ကျောင်းဆောင်သို့ ပင်ဆောင့်ရေး၊ နန်းဆောင်အသစ် ပြန်လည် တည်ဆောက်ရန်အတွက် လုပ်ငန်း ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်း တင်ပြသည်။

ဝန်ကြီးချုပ်က ရှင်းလင်း တင်ပြချက်များအပေါ် ပြန်လည် ဆွေးနွေးခဲ့ပြီး စေတီတော် ရင်ပြင်တော်အတွင်း တည်ဆောက်နေမှုများ၊ ရင်ပြင်တော် လျှောက်လမ်း နေပူခံ ကျောက်ပြားခင်းကျင်းနေမှုများနှင့် အစ်မတော် မြနန်းနွယ် ယာယီ ကျောင်းဆောင်တို့အား ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှု စစ်ဆေးသည်။

**ဆန်းကျော်ဦး (ပြန် /ဆက်)**

## မုဒုံမြို့၌ ဆံတော်ရှင်ကန်ကြီးစေတီတော်ဘုရားရှိ မင်္ဂလာကန်တော်ကြီးအား အမှိုက်ကင်းမဲ့ဇုန်ဖြစ်စေရန် ဆွေးနွေး

**မုဒုံ မေ ၂၁**

မွန်ပြည်နယ် မုဒုံမြို့ရှိ ဆံတော်ရှင်ကန်ကြီးစေတီတော်မင်္ဂလာကန်တော်ကြီးကို အမှိုက်ကင်းစင်ဇုန် ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ယမန်နေ့က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ဆွေးနွေးသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းအောင်၊ မုဒုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းလွင်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ကန်ကြီးစေတီတော် အတွင်းရေးမှူး ဦးဇော်ဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးသူရနှင့် ဂေါပကအဖွဲ့ဝင်များ၊ ( K.P.L ) ကန်ပတ်လမ်း အားကစားအဖွဲ့ဝင်များက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထို့နောက် ယင်းစေတီတော် အတွင်းရေးမှူးက ကန်ကြီးစေတီတော်နှင့် ကန်ကြီးမင်္ဂလာကန်သည် မုဒုံမြို့၏ ကျက်သရေဆောင် ဖြစ်သကဲ့သို့ မြို့သူ မြို့သားများ အားလုံးနှင့်ဆိုင်တဲ့ အထင်ကရ နေရာလည်းဖြစ်ကြောင်း၊ ထို့ကြောင့် ဂေါပကအဖွဲ့အပြင် ကန်ပတ်လမ်း အားကစားအဖွဲ့မှပါဝင်ပြီး လုပ်အားဒါန ကုသိုလ်များ၊ ပစ္စည်းအလှူများ ပြုလုပ်သည့်အတွက် မြို့သူမြို့သားများ အားလုံးကိုယ်စား ကျေးဇူးတင်ကြောင်း ပြောသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက ဌာနဆိုင်ရာများနှင့် ပရဟိတ အသင်းအဖွဲ့များ၊ မြို့သူ မြို့သားများတို့ ဝိုင်းဝန်း၍ ပူးပေါင်းဆောင်ရွက် သွားလျှင် အောင်မြင်နိုင်ကြောင်း ပြောသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

## တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် ပုသိမ်မြို့ စေတနာ့ဝန်ထမ်း ဆင့်ပွားသင်တန်းဖွင့်ပွဲတက်ရောက်

**ပုသိမ် မေ ၂၁**

အမျိုးသားအဆင့်စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့၏ အစီအစဉ်ဖြင့် စေတနာ့ဝန်ထမ်း ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယမန်နေ့က ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ ကျင်းပရာ ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တိုင်းဒေသ ကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ရောဂါသည် မြန်မာနိုင်ငံ တစ်ခုတည်းဖြစ်ပွားခြင်း မဟုတ်ဘဲ တစ်ကမ္ဘာလုံး ရင်ဆိုင်နေရကြောင်း၊ ဧရာဝတီတိုင်းဒေသ ကြီးအနေဖြင့် နာဂစ်ကဲ့သို့ သဘာဝဘေးဒဏ်ခံခဲ့ရသော အတွေ့အကြုံများရှိခဲ့သည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ စေတနာ့ဝန်ထမ်းများအနေဖြင့် စေတနာနှင့် ပညာကို ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်မှ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ဖြစ်လေ့ဖြစ်ထမရှိသော လုပ်ငန်းကို လုပ်ဆောင်ရသည့်အတွက် အချင်းချင်း စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုစေတနာ့ လုပ်ငန်းလုပ်ဆောင်ရာတွင် မိမိကိုယ်မိမိ မကူးစက်အောင် ကာကွယ်ရင်း ပြည်သူများသို့လည်း မကူးစက်အောင် စိတ်အားထက်သန်စွာ ကူညီသည့်အတွက် ဝမ်းမြောက် ဂုဏ်ယူကြောင်း၊ သင်တန်းတွင် မိမိတို့ကိုယ်တိုင်လည်း သေချာလေ့လာသင်ယူပြီး နီးစပ်ရာပတ်ဝန်းကျင် ပြည်သူများကိုလည်း အသိပညာလက်ဆင့်ကမ်း ဖြန့်ဝေပေးကြရန် လိုကြောင်း ပြောကြားပြီး သင်တန်းသားများအား တွေ့ဆုံ အားပေးစကားပြောကြားသည်။

တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူး ဒေါ်နေဉ်သဝါးက အဆိုပါ သင်တန်းများကို ပုသိမ်၊ ဖျာပုံ၊ ဝါးခယ်မ၊ လပွတ္တာ နှင့် ဟင်္သာတမြို့တို့တွင် တစ်ပြိုင်တည်း ကျင်းပလျက် ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း မြို့နယ် အားလုံးတွင်လည်း ဆင့်ပွားသင်တန်းများ ဆက်လက်ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့်သင်တန်းကို မေ ၂၀ ရက် မှ ၂၄ ရက်အထိ ရှစ်ကြိမ်ဖြစ်ပြီး တစ်ကြိမ်လျှင် သင်တန်းသား ၃၀ ဖြင့် ဖွင့်လှစ်မည်ဖြစ်ကြောင်း ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း သွားလာကန့်သတ်မှု စောင့်ကြည့်နေရာများတွင် တာဝန်ထမ်းဆောင်နေသော စေတနာ့ ဝန်ထမ်း အမျိုးသား ၆၀၀၀၊ အမျိုးသမီး ၁၀၉၇ ဦး ရှိကြောင်း သိရသည်။

**ကိုတွတ် (ပြန်/ဆက်)**



## လှိုင်ကော်ဆေးရုံကြီးတွင် ကျောက်ကပ်သန့်စင်စက်နှစ်လုံး ဝယ်ယူရန် ပြည်နယ်အစိုးရ ထောက်ပံ့ငွေ ပေးအပ်

**လွိုင်ကော် မေ ၂၁**

ကယားပြည်နယ်အတွင်းရှိကျောက်ကပ်ဝေဒနာရှင်များ ကျောက်ကပ်ကုသနိုင်ရေး ပြည်နယ်အစိုးရအဖွဲ့က ကျောက်ကပ်သန့်စင် စက်နှစ်လုံး ဝယ်ယူရန်အတွက် ယမန်နေ့က ပြည်နယ် အစိုးရအဖွဲ့ရုံးတွင် ပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာ အောင်ကျော်ငွေ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအုံ့မော်တို့က ထောက်ပံ့ငွေကျပ် သိန်း ၃၁၀ ပေးအပ်ရာ ပြည်နယ်ကုသရေးနှင့် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ငွေးလွင်နှင့် လွိုင်ကော်ပြည်သူ့ ဆေးရုံကြီး ဒုတိယ ဆေးရုံအုပ် ဒေါက်တာမြတ်မြတ်မိုးတို့က လက်ခံယူခဲ့ကြောင်း သိရသည်။(အပေါ်ပုံ)

လွိုင်ကော်ပြည်သူ့ဆေးရုံကြီး တွင် ကျောက်ကပ်သန့်စင်စက် ငါးလုံး ရှိပြီး စက်တစ်လုံးသည် တစ်ရက်လျှင် နှစ်ကြိမ်သာ ကျောက်ကပ် ဆေးကြော နိုင်ရာ စက်ငါးလုံးဖြင့် ဆောင်ရွက်ပါက တစ်ရက်လျှင် လူနာ ၁၀ ဦးသာ ဆေးကြောနိုင်ကြောင်း၊ ကျောက်ကပ် ဝေဒနာရှင် လူနာတစ်ဦးအနေဖြင့် တစ်လလျှင် ရှစ်ကြိမ်အထိ ကျောက်ကပ် ဆေးကြောရကြောင်း၊ ပြည်နယ် အစိုးရအဖွဲ့က ယခုထောက်ပံ့ပေးသည့် ကျောက်ကပ် ဆေးကြောစက် နှစ်လုံးဖြင့် ဆောင်ရွက်ပါက တစ်ရက်လျှင် လူနာ ၁၄ ဦးအထိ ဆေးကြောသန့်စင် ပေးနိုင်တော့မည်ဖြစ်သည်။

ထို့ပြင် ပြည်သူများအနေဖြင့် ကျောက်ကပ်ဆေးကြောခြင်း ဆောင်ရွက်ရာတွင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်ရန် မလိုဘဲ လွိုင်ကော်ပြည်သူ့ဆေးရုံကြီး၌ပင် ငွေကြေးကုန်ကျမှု သက်သာစွာဖြင့် ကျောက်ကပ် ဆေးကြောနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**အောင်မင်းဇော် (လွိုင်ကော်)**

## ကလေးမြို့နယ်တွင် အမ်ဖန်မုန်တိုင်းကြောင့် တောင်သူများ၏ မိုးမိနေသော နေကြာများကို အခြောက်ခံစက်ဖြင့် ကူညီဆောင်ရွက်ပေး

**ကလေး မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် တွင် အမ်ဖန် မုန်တိုင်းကြောင့် ကလေး မြို့နယ်အတွင်းရှိ တောင်သူများ စိုက်ပျိုးထားသည့် မိုးမိနေသော နေကြာများကို ခရိုင်နှင့် မြို့နယ် စက်မှု လယ်ယာဦးစီးဌာနက အခြောက်ခံ စက်ဖြင့် အခမဲ့ ကူညီဆောင်ရွက်ပေး လျက်ရှိသည်။

အဆိုပါ အခြောက်ခံစက်အမျိုး အစားမှာ HSD-85 RD ဖြစ်ပြီး နေကြာ တင်း ၁၀၀ အခြောက်ခံရာတွင် ပရိမီယံ ဒီဇယ် ငါးဂါလန် လျှပ်စစ်ဓာတ်အား ၂၂ ယူနစ် အသုံးပြုရကြောင်း၊ တစ်ကြိမ် အခြောက်ခံရာတွင် နေကြာ တင်း ၄၀၀ အခြောက်ခံနိုင်ကြောင်း၊ ယင်းစက်မှာ စပါး၊ ဂျုံ၊ ပြောင်းတို့ အခြောက်ခံသည့် စက်ဖြစ်ကြောင်း၊ တောင်သူများ အဆင်ပြေချောမွေ့စေရန် ကူညီ ဆောင်ရွက်ပေးသည့် အနေဖြင့် ယင်း စက်ဖြင့်ပင် စမ်းသပ်၍ အခြောက်ခံ ထုတ်ပေးခြင်းဖြစ်ကြောင်း၊ အခြောက်ခံ ရာတွင် ဒီဇယ်နှင့် လျှပ်စစ်မီးနှစ်မျိုးဖြင့် အသုံးပြု ဆောင်ရွက်ရသည့်အတွက် ကုန်ကျစရိတ်အနေဖြင့် ဒီဇယ်ဖိုးနှင့် မီတာခကို ပေးဆောင်ရမည်ဖြစ်ပြီး စက်မှုလယ်ယာဦးစီးဌာနမှ စက်နှင့်လုပ် အား အခမဲ့ဆောင်ရွက်ပေးလျက်ရှိ ကြောင်း၊ လက်ရှိအချိန်၌ တောင်သူငါးဦး ၏ နေကြာတင်း ၄၇၀ ကို အခြောက်ခံ စက်ဖြင့် ဆောင်ရွက်ပေးပြီးဖြစ် ကြောင်း တောင်သူများ စိုက်ပျိုးထား သောနေကြာများ အခြောက်ခံ လိုပါက ခရိုင်နှင့် စက်မှုလယ်ယာ ဦးစီးဌာနနှင့် ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း ခရိုင်ဦးစီးမှူး ဦးလှငွေးက ပြောသည်။

ကလေးမြို့နယ်တွင် နေကြာစိုက် ဧက ၄၄၄၇၀ စိုက်ပျိုးလျက်ရှိရာ စိုက်ဧက လေးပုံ သုံးပုံမှာ ရိတ်သိမ်း ပြီးဖြစ်ကာ လေးပုံ တစ်ပုံခန့်မှာ တောင်သူများ ရိတ်သိမ်းရန် ကျန်ရှိ နေကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာန က သိရသည်။

**သန်းထိုက်အောင် (ပြန်/ဆက်)**

ထာဝရကုသိုလ်ရယူဖို့၊
သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

# ကျေးရွာ ၄၀ မှ မြို့ပြဆက်သွယ်သည့် ဥက္ကံ-တဘူးလှဆည် ကွန်ကရစ်လမ်း ၇ မိုင်ခင်းကျင်းမှု ပြီးစီး


ဥက္ကံ-တဘူးလှဆည်လမ်းပိုင်းအား ကွန်ကရစ်လမ်းခင်းပြီး တွေ့ရစဉ်။

**ရန်ကုန် မေ ၂၁**
ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံ-တဘူးလှဆည် လမ်းပိုင်း (၁၇)မိုင်ကို မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ်ခင်းကျင်းခဲ့ရာမှ မေ ၁၆ ရက်မှစ၍ မြို့နှင့် နီးသည့်(၇)မိုင်ခွဲအား ကွန်ကရစ်လမ်းခင်းကျင်းမှုပြီးစီးခဲ့ပြီဖြစ်ရာ ကျေးလက်နေပြည်သူတို့ ယခုနှစ် မိုးရာသီမှစ၍ သွားလာမှုအဆင်ပြေပြီဖြစ်ကြောင်း သိရသည်။

၂၀၁၉-ခုနှစ်၊ မတ်လ၌ ဥက္ကံသကြားစက်-တဘူးလှဆည်လမ်းပိုင်းရှိ ကျေးလက်လမ်းအား မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနနှင့်ကုမ္ပဏီနှစ်ခုတို့တာဝန်ယူခင်းခဲ့ပြီး၂၀၂၀-ပြည့်နှစ် ဖေဖော်ဝါရီ ၁ ရက်မှ စတင်၍ ၁၂ မိုင် နှစ်ဖာလုံမှ ရှစ်မိုင်ခြောက်ဖာလုံအထိ ကုမ္ပဏီတစ်ခုနှင့် ရှစ်မိုင်ခြောက်ဖာလုံမှ ငါးမိုင် နှစ်ဖာလုံ ဥက္ကံသကြားစက်အနီးအထိ ကွန်ကရစ်လမ်းအား ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ တာဝန်ယူ ခင်းကျင်းခဲ့ရာ မေ ၁၆ ရက်တွင် ကွန်ကရစ်လမ်းခင်းကျင်းမှု ရာနှုန်းပြည့်နီးပါး ပြီးစီးပြီဖြစ်၍ ကျေးလက်နေပြည်သူတို့ ဥက္ကံမြို့ပေါ်သို့ အချိန်တိုအတွင်း သွားလာနိုင်ပြီဖြစ်သောကြောင့် ဒေသခံတို့၏ လူမှုစီးပွားဘဝများ တိုးတက်ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေသည့်အပြင် ကျေးရွာများ မီးလင်းရေးအတွက် ကွန်ကရစ်လမ်း ဝဲ၊ယာခုံတိုင်များ စိုက်ထူလျက်ရှိရာ မကြာမီအတွင်း ဥက္ကံ-တဘူးလှဆည် ကျေးလက်လမ်းရှိ ကျေးရွာများ အမှောင်ခွင်း၍ အလင်းဆောင်တော့မည်ဖြစ်သည်။

ဥက္ကံမြို့မှ တဘူးလှဆည်အထိ ကျေးလက်လမ်းတစ်လျှောက်တွင် ကျေးရွာပေါင်း ၄၀ ကျော်ရှိပြီး စိုက်ပျိုးရေးနှင့် ဝါးခုတ်လုပ်ငန်းဖြင့် အသက်မွေးကြ၍ နွေရာသီဖုန်ထူပြီး မိုးရာသီရွှံ့ထူသော ကျေးလက်လမ်းအား ၂၀၁၉ ခုနှစ် မတ်လမှစ၍ မြေသားလမ်းအဖြစ် စတင်မြှင့်တင်နိုင်ခဲ့ရာ တစ်ဆက်တည်းကျောက်ချောလမ်းအဖြစ် ဆက်လက်မြှင့်တင်ခဲ့ခြင်းဖြစ်သည်။ ကျောက်ချောလမ်းတွင် မြေသား ၂၆ ပေအကျယ်၌ ၁၆ ပေအကျယ်တွင် အောက်ခံ ဂဝံ ရှစ်လက်မနှင့် ကျောက် ခြောက်လက်မဖြင့် စုစုပေါင်း ၁၄ လက်မထု ဖြင့်ကျောက်ချောလမ်းခင်းခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီမှ စတင်ဆောင်ရွက်ခဲ့သော ကွန်ကရစ်လမ်းအားကိုးလက်မထု၊ ၁၆ ပေအကျယ်ခင်းခဲ့ရာ ခံနိုင်ဝန်အား ၄၀၀၀ မှ ၅၅၀၀ ကြားPSI ခံနိုင်ရည်ကွန်ကရစ်လောင်း၍ ယခုမေလတတိယပတ်တွင် ၁၂ မိုင်နှစ်ဖာလုံ၊ လျော်ပုံကျေးရွာမှ ဥက္ကံသကြားစက် ငါးမိုင်နှစ်ဖာလုံ ဂုံညင်းတန်းကျေးရွာအထိ ကွန်ကရစ်လမ်း ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်သည်။

"၁၂ မိုင် နှစ်ဖာလုံကနေ ရှစ်မိုင် ခြောက်ဖာလုံအထိကွန်ကရစ်လမ်းရာနှုန်းပြည့်နီးပါးပြီးစီးပါပြီ။ မေ ၁၆ ရက်က လုပ်ငန်ပြီးစီးလို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက ကျေးလက်လမ်းဖွံ့ဖြိုးရေးကို လုပ်ငန်းအပ်ပြီးပါပြီ။ ဒီလမ်းပိုင်းကို အရည်အသွေးပြည့်ဝစွာ လုပ်ဆောင်ရမှာက ကျွန်တော်တို့ တာဝန်ပါ။ ဆက်လက်ပြီး ရေရှည်တည်တံ့ဖို့ ဒေသခံတွေနဲ့ ကျေးရွာအုပ်ချုပ်ရေးက ဝိုင်းဝန်းထိန်းသိမ်းရမှာပါ။ ဒေသဖွံ့ဖြိုးရေးကဏ္ဍမှာ တတ်စွမ်းတဲ့ဘက်က စေတနာထား လုပ်ဆောင်ခွင့်ရရှိမှုအပေါ်မှာ ကျေနပ်ဂုဏ်ယူမိပါတယ်။ ယုံကြည်စွာ တာဝန်ပေးတဲ့အပေါ် လုပ်ဆောင်ခွင့်ရတဲ့အတွက်လည်း ကျေးဇူးလည်းတင်ပါတယ်"ဟု တောပွဲရှိုင်ရယ်စတား ဆောက်လုပ်ရေးကုမ္ပဏီမှ ဦးမိုးသော်ဦးက ပြောသည်။

ဥက္ကံ-တဘူးလှဆည် ၁၇ မိုင်အရှည် ကျေးလက်ကျောက်ချောလမ်းတွင် ၁၂ မိုင် နှစ်ဖာလုံမှ ငါးမိုင် နှစ်ဖာလုံထိ ကွန်ကရစ်လမ်းပိုင်းခင်းကျင်းမှု ရာနှုန်းပြည့်နီးပါးပြီးစီးပြီဖြစ်ပြီး အဆိုပါ ငါးမိုင် နှစ်ဖာလုံမှ သုံးညမိုင်ဥက္ကံမြို့ပေါ်အထိ ကတ္တရာလမ်းပိုင်းဖြစ်ရာ ကျေးလက်နေပြည်သူတို့ သွားလာရေးအဆင်ပြေစေလျက် လူမှုစီးပွားနှင့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍတို့အတွက် အဘက်ဘက်မှ တိုးတက်ကောင်းမွန်စေမည့် ကွန်ကရစ်လမ်းပိုင်း ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ-သန်းစိုး**

# မကွေး၌ အိမ်အပြင်ထွက်ပြီး နှာခေါင်းစည်း မတပ်သူများအား မေလကုန်မှစ၍ ဒဏ်ရိုက်အရေးယူမှုများ တိုးမြှင့်လုပ်ဆောင်မည်

**မကွေး မေ ၂၁**
အိမ်အပြင်လမ်းပေါ်ထွက်ပြီး နှာခေါင်းစည်း တပ်ဆင်ခြင်းမရှိသူများကို မေ ၂၀ ရက်မှ ၃၁ ရက်ထိ ချက်ချင်းဝယ်ယူ၊ ချက်ချင်း တပ်ဆင်စေခြင်း နည်းလမ်းဖြင့် ပညာပေးသွားမည်ဖြစ်ပြီး သတ်မှတ်ကာလ ကျော်လွန်ပါက ဒဏ်ရိုက်အရေးယူမှုများ တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ သိရသည်။

မေလ ၂၀ ရက်မှ ၂၂ ရက်အတွင်း နှာခေါင်းစည်း မတပ်သူများကို တစ်ခုလျှင် ကျပ် ၂၀၀ ဖြင့် ရောင်းချခြင်း၊ မေ ၂၃ ရက်မှ ၃၁ ရက်အတွင်း တပ်ဆင်ခြင်း မရှိသူများကို တစ်ခု ကျပ်၅၀၀ နှုန်းဖြင့် တစ်ထောင်ကျပ်ဖိုး ဝယ်ယူစေခြင်းများ စတင် လုပ်ဆောင်သွားမည်ဖြစ်သည်။

"တိုင်းဒေသကြီးအစိုးရ အစီအစဉ်နဲ့ တိုင်းဒေသကြီးအတွင်း မြို့နယ်အားလုံးမှာ Mask Campaignကို ဒီနေ့တစ်ပြိုင်တည်း လုပ်ဆောင်ပါတယ်။ Social Distancing အနေနဲ့ ခြောက်ပေခွာဖို့ နှာခေါင်းစည်း တပ်ကြဖို့ အသိပေးလိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ပြုလုပ်ရခြင်းဖြစ်ပါတယ်"ဟု မကွေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင် က ပြောသည်။

မေလကုန်မှစ၍ အရေးယူမှုဆိုင်ရာ ဒဏ်ကြေးများ တိုးမြှင့်သတ်မှတ်သွားမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်း ဒုတိယမြောက် ပိုးတွေ့လူနာရှိလာသည့်အတွက် အဓိကအကာအကွယ်ပေးနိုင်သည့် နှာခေါင်းစည်း တပ်ဆင်သွားလာစေရေး အတွက် ရည်ရွယ်ကာ အရေးယူဒဏ်ရိုက်ခြင်းများ စတင်လိုက်ခြင်းဖြစ်သည်။

ယာယီပိတ်ထားသော ဈေးများ၊ ကျောင်းများ ပြန်ဖွင့်ရန်အချိန် နီးကပ်နေပြီဖြစ်ကာ စိုက်ဘဏ်ချေးငွေများလည်း ထုတ်ချေးနေပြီဖြစ်သည့်အတွက် လူစုလူဝေး ဖြစ်လာလျှင် နှာခေါင်းစည်းတပ်ဆင်သွားလာခြင်းကို မဖြစ်မနေ လုပ်ဆောင်ရတော့မည်ဖြစ်ကြောင်း ဒေသခံ ပရဟိတများက ပြောကြားသည်။


မကွေးမြို့၌ နှာခေါင်းစည်းတပ်ရန် အသိပညာပေးနေစဉ်။

မကွေးမြို့၌ မေ ၂၀ ရက်တွင် ပြုလုပ်သည့် Mask Campaign အား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းလုပ်ဆောင်ခဲ့ကြောင်း သိရှိရသည်။ **ဇေယျာတု(မကွေး)**

## ချင်းပြည်နယ်ရှိ ငါးမွေးမြူရေးကန်များ ငါးသားပေါက်များ စိုက်ထည့်လျက်ရှိ

**ဟားခါး မေ ၂၁**
ချင်းပြည်နယ်အတွင်း ငါးစားသုံးမှုဖူလုံရေး အထောက်အကူပြုစေရန်အတွက် တစ်နိုင်တစ်ပိုင် ငါးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိရာ မေလ ၂၀ ရက်က ချင်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်မောင်ဦးနှင့် ဝန်ထမ်းများသည် အဆိုပါငါးမွေးမြူရေးကန်များအတွင်း ငါးသားပေါက်များ စိုက်ထည့်ခြင်းနှင့် ငါးမွေးတောင်သူများအား ပညာပေးဆွေးနွေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ချင်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ရှေးဦးစွာ ဟားခါးမြို့ မြို့သစ်ရပ်ကွက်ရှိ ဦးငွန်ပဲင်၏ တစ်ပိုင်တစ်နိုင်မွေးမြူထားသော ငါးမွေးမြူရေးကန်နှင့် ငါးသားပေါက်စခန်းသို့လည်းကောင်း၊ ချွန်ကျုံးကျေးရွာရှိ ဦးဟန်လျဲ့ထန်၏ ငါးမွေးမြူရေးကန်သို့လည်းကောင်း ရောက်ရှိပြီး ငါးမျိုးများ သားဖောက်ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုခဲ့ကြပြီး ငါးကန်များအတွင်း ငါးသားပေါက်များကို စိုက်ထည့်ခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး ဖလမ်းမြို့နယ်အတွင်းရှိ ဦးလျန်ကျင်းထန်၏ ငါးသားဖောက်စခန်းနှင့်ရမ်ထလို ကျေးရွာရှိ ဦးလျုံကြီး၏ တစ်ပိုင်တစ်နိုင်ငါးမွေးမြူရေးကန်အတွင်း ရွှေဝါငါးကြင်းများ သားဖောက်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုခဲ့ပြီးနောက် ငါးကန်များအတွင်း ငါးသားဖောက်များကိုစိုက်ထည့်ကာ ငါးမွေးတောင်သူများအား ဒေသနှင့်ကိုက်ညီသော ငါးမျိုးများ စိုက်ထည့်မွေးမြူနိုင်ရေး ပညာပေး ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ချင်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် တစ်ပိုင်တစ်နိုင်ငါးမွေးမြူရေးလုပ်ငန်းများ အောင်မြင်မှုရှိစေရေးနှင့်ဒေသတွင်း ငါးစားသုံးမှုဖူလုံရေးအထောက်အကူပြုစေရန် ငါးမွေးကန်များနှင့် စပါးစိုက်ခင်းများတွင် ငါးမျိုးများ ထည့်သွင်းမွေးမြူနိုင်ရေးအတွက် ငါးသားဖောက်စခန်းများတွင် သားဖောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ငါးမွေးတောင်သူများနှင့်ညှိနှိုင်းကာ ဒေသနှင့် ကိုက်ညီသည့် ငါးမျိုးများ စိုက်ထည့်မွေးမြူနိုင်ရေး၊ ဈေးကွက်ရရှိရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း ရမ်ထလိုငါးသားဖောက်စခန်းတာဝန်ခံ ဦးစိုးပိုင်သူထံမှ သိရှိရပါသည်။

**မြင့်နိုင်စိုး(ပြန်/ဆက်)**

# ကော့သောင်းခရိုင် မီးသတ်တပ်ဖွဲ့မှ ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်

**ကော့သောင်း မေ ၂၁**
သဘာဝဘေးအန္တရာယ်နှင့် အခြားမမျှော်မှန်းနိုင်သည့် ဘေးအန္တရာယ်များ ကျရောက်ဖြစ်ပွားလာပါက ပြည်သူများ၏အသက်အိုးအိမ်များထိခိုက်ပျက်စီးဆုံးရှုံးမှု မဖြစ်ပွားရေး ရှာဖွေကယ်ဆယ်မှု လုပ်ငန်းများ ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက ကော့သောင်းခရိုင်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ ကော့သောင်းမြို့တွင် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်လှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြသည်။

သရုပ်ပြလေ့ကျင့်ရာတွင် ခရိုင်မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ငြိမ်းဦးနှင့် တပ်ဖွဲ့ဝင်များသည် ယခုကဲ့သို့ မိုးဦးရာသီအတွင်း ဖြစ်ပေါ်လေ့ရှိသည့် မုန်တိုင်းဘေး၊ ရေကြီးဘေးနှင့် မြေပြိုဘေးအန္တရာယ်များဖြစ်ပေါ်လာပါက အန္တရာယ် ကြုံတွေ့ရသူပြည်သူများအားဘေးအန္တရာယ်ကင်းရှင်းရာသို့ လျင်မြန်စွာ ရွှေ့ပြောင်းခြင်း၊ အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်မှုဆောင်ရွက်ခြင်း၊ ဒဏ်ရာရလူနာများအား ရှေးဦးပြုစုခြင်းနှင့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုပေးခြင်း စသည့် လုပ်ငန်းများနှင့် ပြည်သူများအကြား ဖြစ်ပေါ်လေ့ရှိသည့် ဘေးအန္တရာယ်တစ်ခုဖြစ်သည့် ရေတွင်းရေကန်များ ဆယ်ယူတူးဖော်ရာမှ ရေတွင်းအတွင်း အောက်စီဂျင်ပြတ်လပ်ကာ ဘေးအန္တရာယ်ကြုံတွေ့ပါက ဆောလျင်စွာရှာဖွေကယ်ဆယ်မှုလုပ်ငန်းအဆင့်ဆင့်ကို သရုပ်ပြလေ့ကျင့်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**


မီးသတ်တပ်ဖွဲ့ဝင်များ ရှာဖွေကယ်ဆယ်ရေး လေ့ကျင့်စဉ်။

# စစ်ကိုင်းတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက နိုင်ငံ့ဝန်ထမ်းများအတွက် တိုက်ခန်းများမဲနှိုက်ချထား

မုံရွာ မေ ၂၁

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ လှည့်ပတ်ရန်ပုံငွေ(RF)ဖြင့် တည်ဆောက်ပြီးဖြစ်သော မုံရွာမြို့ နန္ဒဝန်အိမ်ရာအပိုင်း(၂)ရှိ ရှစ်ခန်းတွဲ ငါးထပ် အဆောက်အအုံ သုံးလုံး၊ တိုက် အမှတ်(၂၃၊၅၊)ရှိ အခန်းအပေါင်း ၁၂၀ အား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝယ်ယူ၍ နေရေး အခက်အခဲရှိသော နိုင်ငံ့ဝန်ထမ်းများအား နေထိုင်ရေးအဆင်ပြေ၍ စိတ်အေးချမ်းသာစွာ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် အထူးအလေးထားကာ မေ ၁၆ ရက် နံနက်ပိုင်းမှစတင်ပြီး တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရုံး၌ ပွင့်လင်းမြင်သာစွာ မဲနှိုက်ချထားပေးခဲ့ကြောင်း သိရသည်။


ဝန်ထမ်းများအား မဲနှိုက်ချထားပေးသည့် တိုက်ခန်းများ။

တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးစိုက်ရာ မုံရွာမြို့ရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရုံးများနှင့် အခြားမြို့များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်း၏ နေရေးအခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ထံ ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုရန်ပုံငွေ တောင်းခံပြီး ဝန်ထမ်းအိမ်ရာများ တည်ဆောက် ပေးလျက်ရှိရာတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ မြို့ပေါင်း ၃၉ မြို့တွင် ဝန်ထမ်းအိမ်ရာ အဆောက်အအုံ ၁၉၉ လုံးနှင့် အခန်းပေါင်း ၂၅၂၆ အား တည်ဆောက်၍ နေရာချထားပေးခဲ့ပြီးဖြစ်သည့်အပြင် ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင်လည်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့ပေါင်း ၁၂ မြို့တွင် ဝန်ထမ်းအိမ်ရာ ၁၄ လုံး ထပ်မံတည်ဆောက်နေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့အနေဖြင့် ဝန်ထမ်းအိမ်ရာ လိုအပ်ချက်အရ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အိမ်ခန်းပေါင်း ၄၇၂ ခန်း နေရာချထားပေးပြီးဖြစ်ပါကြောင်း၊ ယခုဘဏ္ဍာနှစ်အထိ ဌာနသို့ အိမ်ခန်းလျှောက်ထားသည့်ဦးရေ ၃၀၈ ဦးရှိပြီး အခန်းပေါင်း ၁၂၀ ကိုသာ နေရာချထားပေးနိုင်ခဲ့သဖြင့် နေရေးလိုအပ်ချက်ရှိနေသေးသော လျှောက်ထားသူဦးရေ ၁၈၀ ကျော်ကိုလည်း လာမည့်ဘဏ္ဍာရေးနှစ်များတွင် ဆက်လက်နေရာချထားပေးနိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြ၍ လမ်းညွှန်မှုခံယူဆောင်ရွက်သွားမည်ဖြစ်သည်။ ကိုဗစ်-၁၉ ကာလဖြစ်၍ မဲနှိုက်နေရာချထားရေးအား တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များ၊ အားကစားနှင့်ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ အပူချိန်တိုင်းတာခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ခြင်းအပြင် ရွေးချယ် အတည်ပြုထားသည့် အိမ်ငှားဦးစီးကိုယ်တိုင် အချိန်အပိုင်းအခြားဖြင့် ၃၀ ဦးကျစီ ခပ်ခွာခွာနေထိုင်မှုအစီအစဉ်ဖြင့် ပွင့်လင်းမြင်သာစွာ မဲနှိုက်၍ နေရာချထားပေးလျက်ရှိသည်။

"တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာ၊ စစ်ကိုင်း၊ ကလေး၊ တမူးနှင့် ကသာစသည့် မြို့ ငါးမြို့တို့၌ ပြည်သူ့အငှားအိမ်ရာ ငါးလုံး၊ အခန်းပေါင်း ၁၈၀ တည်ဆောက်နေပြီဖြစ်၍ လုပ်သက် ၂၅ နှစ်အထက် ကိုင်ပိုင်အိမ်ရာမရှိသော နိုင်ငံ့ဝန်ထမ်းများ၊ ကိုယ်ပိုင်အိမ်မရှိသော အငြိမ်းစားဝန်ထမ်းများ၊ ဝင်ငွေနည်းပြည်သူများအား အချိုးကျခွဲဝေ၍ နေရာချထားပေးသွားမည်ဖြစ်ကြောင်း၊ ယခင်ဘဏ္ဍာနှစ်များတွင်လည်း (မုံရွာ၊ စစ်ကိုင်း၊ ကလေး၊ တမူးနှင့် ကသာ စသည့် မြို့ ငါးမြို့တို့တွင် ပြည်သူ့အငှားအိမ်ရာ ၁၄ လုံး၊ အခန်းပေါင်း ၆၇၂ ခန်းကို တည်ဆောက်၍ နေရာချထားပေးခဲ့ပြီးဖြစ်ပါကြောင်း" စစ်ကိုင်းတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိန်ဝင်း ပြောကြားချက် အရသိရသည်။

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန၏ ရည်မှန်းချက်ဖြစ်သော မြို့ပြနှင့် အိမ်ရာကဏ္ဍဖွံ့ဖြိုးရေး၊ မြို့ပြနှင့်ကျေးလက်ဒေသများတွင် ဘေးကင်းလုံခြုံမှု၊ သာယာလှပမှုတို့ဖြင့် ဟန်ချက်ညီညီ စဉ်ဆက်မပြတ် အရှိန်အဟုန်မြှင့်ကာ ရေရှည်ဖွံ့ဖြိုးတိုးတက်စေသော ပုံစံနစ်သစ် ပေါ်ထွန်းရေး၊ နိုင်ငံသားအားလုံး လူနေမှုဘဝမြှင့်တင်နိုင်စေမည့် သင့်လျော်သော အိမ်ရာများတွင် နေနိုင်စေရေးအတွက် ရည်ရွယ်ပြီး ဆောင်ရွက်လုပ်ကိုင်ပေးနေခြင်းဖြစ်ပါတယ်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## ဂန့်ဂေါ၌ စပါးမျိုးများ ဖြန့်ဖြူးပေးလျက်ရှိ

ဂန့်ဂေါ မေ ၂၁

ဂန့်ဂေါမြို့နယ် သမဝါယမအသင်းစုလီမိတက်သည် သမဝါယမလုပ်ငန်းများ အောင်မြင်ရေး ဆောင်ရွက်လျက်ရှိရာ ယခုနှစ် မိုးရာသီအမီ တောင်သူများ လိုအပ်လျက်ရှိသည့် ဆင်းသုခမျိုးစပါးနှင့် စူပါတော့မြေဩဇာများကို အရစ်ကျစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ "ကုန်ထုတ်၊ ကုန်သွယ်၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မျိုးစပါး၊ မြေဩဇာများသာမက ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်တဲ့ လက်သန့် ဆေးရည်၊ လက်ဆေးဆပ်ပြာရည်များ၊ နှာခေါင်းစည်းများ၊ အခြေခံစားသောက်ကုန်ပစ္စည်းများကို အသင်းစုပိုင် ကုန်စုံဆိုင်မှ ဈေးနှုန်းချိုသာစွာနဲ့ ဖြန့်ဖြူးပေးနေပါတယ်"ဟု မြို့နယ် သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးမြင့်ထွေးက ပြောသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး သမဝါယမအသင်းလီမိတက်၏ အစီအစဉ်ဖြင့် အငှားလိုက်ထွန်ယက်ပေးခြင်းကို ထွန်စက် ၁၁ စီးဖြင့် ဆောင်ရွက်ပေးနေသည့်အပြင် ကိုဗစ်- ၁၉ ကာကွယ်ရေး ဆောင်ရွက်သည့်ကာလ၌ ရပ်ကွက်၊ ကျေးရွာ သမဝါယမအသင်းလီမိတက် ၁၅၅ သင်းမှ အသင်းဝင်များအားလုံးထံ စုစုပေါင်း ငွေကျပ် ၃၅ သိန်းတန်ဖိုးရှိ ကြက်သွန်၊ အာလူး၊ ဆားများကို အသင်းသားပေါင်း ၁၂၀၀၀ ကျော်ထံသို့ လည်းကောင်း၊ မြို့နယ် သမဝါယမဦးစီးဌာနနှင့် အသင်းစုရုံးဝန်ထမ်းများအတွက် ငွေကျပ် ၅ သိန်းကျော် တန်ဖိုးရှိ ဆန်၊ ဆီ၊ ကြက်သွန်၊ အာလူး၊ ဆား၊ ကြက်ဥတို့ကိုလည်းကောင်း ဖြန့်ဝေထောက်ပံ့နိုင်ခဲ့ကြောင်း သိရသည်။

(၁၄၄)

## ချင်းရွှေဟော်မှ နေရပ်ပြန်ပြည်သူ ၄၀၀ အား သက်ဆိုင်ရာဒေသများသို့ ထပ်မံလွှဲပြောင်းပို့ဆောင်

ချင်းရွှေဟော် မေ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့်ကော်မတီအဖွဲ့ဝင်များမှ ရောဂါကြိုတင် ကာကွယ်ရေးနှင့် ကူးစက်ပြန့်ပွားမှုမဖြစ်ပွားစေရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ချင်းရွှေဟော်မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်ဂိတ်မှဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ၎င်းတို့၏ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှာ ကန့်သတ်စောင့်ကြည့် ကျန်းမာရေးစစ်ဆေးမှု များစနစ်တကျ ခံယူနိုင်စေရန် နေရပ်ပြန်ပြည်သူ ၄၀၀ အား သက်ဆိုင်ရာဒေသများသို့ မေ ၂၀ ရက် နံနက် ၁၀ နာရီက ထပ်မံလွှဲပြောင်းပို့ဆောင်ခဲ့သည်။


ချင်းရွှေဟော်မြို့၌ နေရပ်ပြန်ပြည်သူများအား လွှဲပြောင်းပေးစဉ်။

ချင်းရွှေဟော်မြို့မှ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည့်နေရပ်ပြန်ပြည်သူ ၄၀၀ မှာ အမျိုးသား ၂၂၉ ဦး၊အမျိုးသမီး ၁၇၁ ဦးတို့ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးမှ သုံးဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၈၅ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၆၁ ဦး၊ မကွေးတိုင်း ဒေသကြီးမှ ၁၁၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၂၉ ဦး၊ ကချင်ပြည်နယ်မှ ၆၅ ဦး၊ ချင်းပြည်နယ်မှ တစ်ဦး၊ မွန်ပြည်နယ်မှ တစ်ဦး၊ ရခိုင်ပြည်နယ်မှ ၃၃ ဦးနှင့် နေပြည်တော်မှ ငါးဦးတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ နေရပ်ပြန်ပြည်သူများအား စနစ်တကျလွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီလ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၃၈၆၂ ဦးနှင့် အမျိုးသမီး ၂၇၇၁ ဦးတို့ဖြစ်ပြီး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၆၆၃၃ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

**ဇင်ဇင်(ပြန်/ဆက်)**

## ကျောက်ဆည်မြို့နယ်တွင် သိပ္ပံနည်းကျစိုက်ပျိုးသဖြင့် ပဲတီစိမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကျောက်ဆည် မေ ၂၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ ပဲတီစိမ်းစိုက်တောင်သူများသည် သိပ္ပံနည်းကျစိုက်နည်း စနစ်ဖြင့်စိုက်ပျိုးသဖြင့်စိုက်ခင်းများ အောင်မြင် ဖြစ်ထွန်းလျက်ရှိကြောင်း သိရှိရသည်။

ပဲတီစိမ်းသီးနှံသည် သက်တမ်းအားဖြင့် ရက်ပေါင်း ၆၀ ဝန်းကျင်ခန့်ရှိပြီး မိရိုးဖလာ(ပက်ကြဲ)စနစ်ဖြင့် စိုက်ပျိုးပါက မျိုး လေးပြည်ခန့်ကုန်ပြီး၊ သိပ္ပံနည်းကျ (ပေါင်စနစ်)ဖြင့် စိုက်ပျိုးပါက မျိုးနှစ်ပြည်ခန့်ကုန်ကြောင်း သိရသည်။ ပဲတီစိမ်းသည် မျိုးကွဲများစွာရှိပြီး ကျောက်ဆည်မြို့တောင်သူများသည် ဒေသနှင့်ကိုက်ညီသည့် မှိုရောဂါပိုး ဒဏ်ခံနိုင်သော ရေဆင်း ၁၁ နှင့်ရေဆင်း ၁၄ မျိုးများကိုသာ အဓိကထား စိုက်ပျိုးကြသည်။

သိပ္ပံနည်းဖြင့်စိုက်ပျိုးပါက တစ်ဧကကုန်ကျစရိတ် ကျပ် နှစ်သိန်းခွဲခန့်ကုန်ကျပြီး ပျမ်းမျှထွက်နှုန်းမှာ တင်း ၃၀ ကျော်ခန့်ထွက်ရှိကြောင်း ပဲပေါ်ချိန်တွင်တစ်တင်းလျှင်ငွေကျပ် သုံးသောင်းခွဲရောင်းရသဖြင့် တွက်ခြေ ကိုက်သည့် သီးနှံဖြစ်ကြောင်းလည်း အရှေ့ငယ်တိုးမှပဲစိုက်တောင်သူ ဦးတင်ရွှေ၏ပြောကြားမှုအရသိရှိရသည်။ ကျောက်ဆည်မြို့နယ်တွင်ပဲတီစိမ်းစိုက်ဧက ၇၃၂၀ စိုက်ပျိုးထားရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**သက်မောင်(ခရိုင် ပြန်/ဆက်)**

## ဝါးခယ်မ၌ နေအိမ်ပြင်ပသို့ ထွက်ခွာသူများ နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ရန် ကြပ်မတ်နေ

ဝါးခယ်မ မေ ၂၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုမှ ကာကွယ်နိုင်စေရန် နေအိမ်ပြင်ပသို့ ထွက်ခွာသွားလာပါက မည်သူမဆို နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ရမည်ဖြစ်ပြီး စည်းကမ်း ထိန်းသိမ်းရေးအဖွဲ့များက ယနေ့ နံနက်တွင် ကြပ်မတ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

နေအိမ်ပြင်ပသို့ ထွက်ခွာ သွားလာပါက နှာခေါင်းစည်းများ မဖြစ်မနေ တပ်ဆင်ရန် မြို့နယ်ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေးအတွက် မေ ၁၅ ရက်မှ ၂၀ ရက်အထိ ပညာပေးကာလ သတ်မှတ်ဆောင်ရွက်ခဲ့ပြီး စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များက မြို့ပေါ် ရပ်ကွက်များ၊ ကျေးရွာအုပ်စု အသီးသီး၌ ယနေ့ နံနက်မှစကာ နှာခေါင်းစည်းတပ်ဆင်ခြင်း မရှိဘဲ နေအိမ်ပြင်ပသို့ ထွက်ခွာသူများအား "ယခုဝယ်၊ ယခုတပ်" စနစ်ဖြင့် နှာခေါင်းစည်း သုံးခုလျှင် ငွေကျပ် သုံးထောင်ဖြင့် ဝယ်ယူတပ်ဆင်နိုင်စေရန် ကြပ်မတ်စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။


ဝါးခယ်မ၌ နှာခေါင်းစည်းများ တပ်ဆင်ရန် ကြပ်မတ်နေစဉ်။

**လွှမ်းသီဟ (ပြန်/ဆက်)**


# လာမည့်လအတွင်း မန်စီးတီး၏ အယူခံကို ကြားနာစစ်ဆေးမည်

ဥရောပပြိုင်ပွဲများတွင် လာမည့် နှစ်နှစ်အတွင်း ပါဝင်ယှဉ်ပြိုင်ခြင်း မပြုရန် ပြစ်ဒဏ်ချမှတ်ခံထားရခြင်းအတွက် မန်စီးတီးအသင်း တင်သွင်းထားသည့် အယူခံကို အားကစားဖျန်ဖြေရေး တရားရုံးက လာမည့်လအတွင်း ကြားနာစစ်ဆေးသွားမည်ဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

မန်စီးတီးအသင်း၏ အယူခံကို ဆွစ်ဇာလန်နိုင်ငံ လော့ဆိန်းမြို့ အခြေစိုက် အားကစားဖျန်ဖြေရေး တရားရုံး၌ လာမည့် ဇွန် ၈ ရက်မှ စတင်ကာ သုံးရက်ကြာ ကြားနာစစ်ဆေးသွားမည်ဖြစ်သည်။ အဆိုပါ ကြားနာစစ် ဆေးမှုအား ဘယ်လ်ဂျီယံဝန်ကြီးချုပ်ဟောင်း ယိစ်လီတာမီ ဦးဆောင်သည့်အဖွဲ့က စစ်ဆေးသွားမည်ဖြစ်သည်။ အားကစားဖျန်ဖြေရေး တရားရုံးအနေဖြင့် လာမည့် ဘောလုံးရာသီအတွက် ချန်ပီယံလိဂ်ပြိုင်ပွဲ ဝင်ခွင့်ရသည့် အသင်းများအား ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)မှ အတည်ပြုချိန်အမီ ဆုံးဖြတ်ချက် ချမှတ်သွားဖွယ်ရှိကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

မန်စီးတီးအသင်းသည် အသင်း ပိုင်ရှင်ထံမှ ရယူသည့် ငွေများအား အသင်း၏ တရားဝင်စပွန်ဆာများထံမှ ရရှိသည့် ငွေများအဖြစ် လိမ်လည် စာရင်းပြကာ ယူအီးအက်ဖ်အေ၏ ဘဏ္ဍာရေး ထိန်းညှိမှု စည်းမျဉ်းအား ချိုးဖောက်ခဲ့သည်ဟု ယူအီးအက်ဖ်အေမှ စွပ်စွဲပြီး ကာလရှည် စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် မန်စီးတီးအသင်းအား လာမည့် ဘောလုံးရာသီနှစ်ရာသီတွင် ဥရောပပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့် ပိတ်ပင်သည့်ပြစ်ဒဏ်အပြင် ဒဏ်ငွေအဖြစ် ပေါင် ၂၅ သန်း ပေးဆောင်ရန်လည်း ပြစ်ဒဏ်ချမှတ်ခဲ့သည်။ မန်စီးတီးအသင်းကမူ ၎င်းတို့အနေဖြင့် မည်သည့် အမှားအယွင်းမှ ကျူးလွန်ခဲ့ခြင်းမရှိကြောင်း ငြင်းဆိုထားသည်။

မန်စီးတီးအသင်းသည် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ပွဲပေါင်း ၂၈ ပွဲ ကစားပြီးချိန်၌ အဆင့် ၂ နေရာတွင် ရပ်တည်နေသည့် အသင်းဖြစ်သည်။ အားကစားဖျန်ဖြေရေး တရားရုံးသည် မန်စီးတီးအသင်းအပေါ် ချမှတ်ထားသည့် ပြစ်ဒဏ်အား ဆက်လက်အတည်ပြုခဲ့ပြီး မန်စီးတီးအသင်းသည် ရာသီကုန်ချိန်အထိ အမှတ်ပေးဇယား၏ ထိပ်ဆုံးလေးသင်း စာရင်းတွင် ရပ်တည်နေခဲ့ပါက အဆင့် ၅ နေရာ



မှ အသင်းသည် မန်စီးတီးအသင်း၏ အစား လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ လက်ရှိအချိန်တွင် ပရီမီယာလိဂ် အမှတ်ပေးဇယား၏ အဆင့် ၅ နေရာတွင် မန်စီးတီးအသင်း၏ မြို့ခံပြိုင်ဘက် မန်ယူအသင်းက ရပ်တည်လျက်ရှိသည်။

ထက်အောင်

## ယခုနှစ် စီးရီးအေပြိုင်ပွဲအား ဩဂုတ်လအတွင်း အပြီးသတ် ကျင်းပရန် ဆုံးဖြတ်ထား

၂၀၁၉–၂၀၂၀ ပြည့်နှစ် အီတလီ စီးရီးအေပြိုင်ပွဲအပါအဝင် အီတလီ ထိပ်တန်းလိဂ်ပြိုင်ပွဲ သုံးခုကို လာမည့်ဩဂုတ် ၂၀ ရက်တွင် အပြီးသတ်ကျင်းပရန်နှင့် လာမည့် ၂၀၂၀–၂၀၂၁ ခုနှစ် ဘောလုံးရာသီအား စက်တင်ဘာ ၁ ရက်တွင် စတင်ကျင်းပသွားရန် အီတလီဘောလုံးအဖွဲ့ချုပ်က ဆုံးဖြတ်ချက်ချမှတ်ထားကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ယခုနှစ် စီးရီးအေပြိုင်ပွဲသည် ပြီးခဲ့သည့် မတ်လလယ်ကတည်းက ရပ်ဆိုင်းထားရပြီး အီတလီအစိုးရက ကိုရိုနာဗိုင်းရပ်စ် ထိန်းချုပ်ရေးနှင့် ပတ်သက်၍ ချမှတ်ထားသည့် စည်းကမ်းချက်များအရ လာမည့် ဇွန် ၁၄ ရက်မတိုင်မီ ဘောလုံးပွဲများ ပြန်လည်စတင်နိုင်မည် မဟုတ်ပေ။ အီတလီဘောလုံးအဖွဲ့ချုပ်၏ အမှုဆောင်အရာရှိချုပ် ဂါဘရီလီဂရာဗာနီ၊ စီးရီးအေပြိုင်ပွဲဥက္ကဋ္ဌ ပါအိုလိုဒါလ်ပင်နို၊ စီးရီးဘီ နှင့် စီးရီးစီပြိုင်ပွဲများမှ အလုပ်အမှုဆောင် အရာရှိများသည် ယခုနှစ် ဘောလုံးရာသီ၏ လက်ကျန်ပွဲစဉ်များ ကျင်းပရေးအစီအစဉ်များ ရေးဆွဲရန် စီစဉ်လျက်ရှိသည်။

ယခုနှစ် ဘောလုံးရာသီ၏ ကိုပါအီတာလီယာဖလားပြိုင်ပွဲကိုလည်း လာမည့်ဩဂုတ်လအတွင်းတွင် အပြီးသတ်ကျင်းပသွားရန် အီတလီဘောလုံးအဖွဲ့ချုပ်က ခွင့်ပြုချက်ပေးထားသည်။ ယခုနှစ် ကိုပါအီတာလီယာဖလားပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်များ ယှဉ်ပြိုင်ထားပြီးဖြစ်ကာ ဆီမီးဖိုင်နယ်အဆင့် ဒုတိယအကျော့ပွဲစဉ်များနှင့် ဗိုလ်လုပွဲတို့ ကျင်းပရန် ကျန်ရှိနေသည်။ ကိုပါအီတာလီယာပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်များတွင် နာပိုလီ အသင်းက အဝေးကွင်း၌ အင်တာမီလန်အသင်းအား ၁–၀ ဖြင့် အနိုင်ရရှိထားကာ အေစီမီလန်အသင်းက အိမ်ကွင်း၌ ဂျူဗင်တပ်အသင်းအား လက်ခံကစားခဲ့ရာတွင် တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

ယခုနှစ် စီးရီးအေပြိုင်ပွဲတွင် ပွဲစဉ် ၂၆ အထိ ကျင်းပပြီးချိန်၌ ဂျူဗင်တပ်က ၆၃ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နေပြီး ဒုတိယနေရာတွင် လာဇီယိုက ၆၂ မှတ်ဖြင့် ရပ်တည်လျက်ရှိသည်။

ထက်အောင်

## 2019-20 BUNDESLIGA WEEK-27

# နိုင်ပွဲတွေဆက်ဦးမယ့် ဘိုင်ယန်နဲ့ ဟာသာ

အောင်က

ဘွန်ဒက်စ်လီဂါပွဲစဉ် (၂၇) ကို လာမယ့် မေလ ၂၃၊ ၂၄ ရက် နေ့တွေမှာ ကစားသွားမှာဖြစ်ပါတယ်။ ဥရောပဘောလုံးပွဲတွေနဲ့ ကင်းဝေးနေတဲ့ ပရိသတ်တွေအတွက်လည်း ဘွန်ဒက်စ်လီဂါဟာ စိတ်လှုပ်ရှားပြီး စောင့်ကြည့်ချင်စရာကောင်းတဲ့လိဂ်လို့ လည်းဆိုရမှာပါ။ ဒီပွဲစဉ်တွေမှာတော့ ဘိုင်ယန်နဲ့ ဟာသာတို့ရဲ့ နိုင်ပွဲတွေကိုတွေ့မြင်ရဖို့ရှိနေပါတယ်။

**ဂိုးအများဆုံးသွင်းထားသူများ**

| အမည် | အသင်း | ဂိုး |
|---|---|---|
| လီဝမ်ဒေါ့စကီ | ဘိုင်ယန် | ၂၆ |
| ဝါနာ | လိုက်ပဇစ် | ၂၁ |
| ဆန်ချို | ဒေါ့မွန် | ၁၄ |
| ကျူဆန် | မိန့်ဇ် | ၁၂ |
| အန်ဒါဆန် | ဘာလင် | ၁၁ |

### ဟာသာ – ဘာလင်

ပထမအကျော့ရလဒ် - ဘာလင် ၁-၀ ဟာသာ

| ဟာသာ၏ နောက်ဆုံးသုံးပွဲရလဒ် | ဘာလင်၏ နောက်ဆုံးသုံးပွဲရလဒ် |
|---|---|
| ဟော့ဖန်ဟိမ်း ၀-၃ ဟာသာ | ဘာလင် ၀-၂ ဘိုင်ယန် |
| ဟာသာ ၂-၂ ဝါဒါဘရီမင် | ဖရိုင်းဘတ် ၃-၁ ဘာလင် |
| ဖော်ကျူနာ ၃-၃ ဟာသာ | လေဗာကူဆင် ၃-၁ ဘာလင် |

ပြီးခဲ့တဲ့ပွဲမှာ ဟာသာရဲ့ ခြေစွမ်းကို လူတိုင်းက အံ့သြခဲ့ရတယ်လို့ ပြောရမယ်။ ဟော့ဖန်ဟိမ်းကို ၃–၀ ဂိုးနဲ့ အဝေးကွင်းမှာ အနိုင်ကစားထားခဲ့တယ်။ ဒါကြောင့်လည်း ဟာသာအနေနဲ့ အိမ်ကွင်းမှာ ပထမအကျော့ရှုံးကြွေးကိုဆပ်ဖို့ ကြိုးစားလိမ့်မယ်။ ဘာလင်ကတော့ ပြီးခဲ့တဲ့ပွဲမှာ ဘိုင်ယန်ကို ရှုံးခဲ့တယ်။ ဒါကြောင့် ဒီပွဲမှာလည်း ဘာလင်ရှန်းကန်ရမယ်။ ဟာသာ ကပ်နိုင်သွားဖို့ ရှိနေတယ်။

### ဝုဖ်ဘတ် – ဒေါ့မွန်

ပထမအကျော့ရလဒ် - ဒေါ့မွန် ၃-၀ ဝုဖ်ဘတ်

| ဝုဖ်ဘတ်၏ နောက်ဆုံးသုံးပွဲရလဒ် | ဒေါ့မွန်၏ နောက်ဆုံးသုံးပွဲရလဒ် |
|---|---|
| အော့ဘတ် ၁-၂ ဝုဖ်ဘတ် | ဒေါ့မွန် ၄-၀ ရှော်လ်ကာ |
| ဝုဖ်ဘတ် ၁-၂ ဒိုးနက်စ် | ပီအက်စ်ဂျီ ၂-၀ ဒေါ့မွန် |
| ဝုဖ်ဘတ် ၀-၀ လိုက်ပဇစ် | ဂလာဘတ် ၁-၂ ဒေါ့မွန် |

ဝုဖ်ဘတ်ဟာ ဒီနှစ်ရာသီမှာ ယူရိုပါလိဂ် ဝင်ခွင့်ရဖို့အတွက် မှန်းထားတဲ့အသင်းဖြစ်တာကြောင့် အိမ်ကွင်းမှာတော့ ဒေါ့မွန်ကို အကောင်းဆုံးယှဉ်ပြိုင်သွားဖို့ ရှိနေတယ်။ ဒေါ့မွန်အသင်းကလည်း ပြီးခဲ့တဲ့ပွဲစဉ်မှာ ရှော်လ်ကာကို ၄–၀ ဂိုးနဲ့ ဂိုးပြတ်နိုင်ထားတာကြောင့် ကစားသမားတွေရဲ့ စိတ်ဓာတ်ပိုင်းက အကောင်းဆုံး ရှိနေတယ်။ ဒါပေမယ့် ဒေါ့မွန်အဝေးကွင်းမှာ ဝုဖ်ဘတ်ကိုနိုင်ဖို့ မလွယ်ဘူး။ သရေကျမယ်။

### ပါရာဘွန် – ဟော့ဖန်ဟိမ်း

ပထမအကျော့ရလဒ် - ဟော့ဖန်ဟိမ်း ၃-၀ ပါရာဘွန်

| ပါရာဘွန်၏ နောက်ဆုံးသုံးပွဲရလဒ် | ဟော့ဖန်ဟိမ်း၏ နောက်ဆုံးသုံးပွဲရလဒ် |
|---|---|
| ဖော်ကျူနာ ၀-၀ ပါရာဘွန် | ဟော့ဖန်ဟိမ်း ၀-၃ ဟာသာ |
| ပါရာဘွန် ၁-၂ ကိုလုံး | ရှော်လ်ကာ ၁-၁ ဟော့ဖန်ဟိမ်း |
| မိန့်ဇ် ၂-၀ ပါရာဘွန် | ဟော့ဖန်ဟိမ်း ၀-၆ ဘိုင်ယန် |

တန်ဆင်းဇုန် အောက်ဆုံးရောက်နေတဲ့ ပါရာဘွန်ရဲ့ ခြေစွမ်းကတော့ အားရစရာ မရှိပေမယ့် နိုင်ပွဲ ၇ ပွဲ ဆက်တိုက်ပျောက်ဆုံးနေမှုကို ဒီပွဲမှာ အဆုံးသတ်နိုင်ဖို့ အားစိုက်လိမ့်မယ်။ ဟော့ဖန်ဟိမ်းအသင်းရဲ့လက်ရှိ ခြေစွမ်းကလည်း ပျက်နေတာကြောင့် အဝေးကွင်းမှာ အကောင်းဆုံးကစားနိုင်ဖို့ မလွယ်ဘူး။ ပါရာဘွန် ကပ်နိုင်သွားဖို့ ရှိနိုင်တယ်။

### မိန့်ဇ် – လိုက်ပဇစ်

ပထမအကျော့ရလဒ် - လိုက်ပဇစ် ၈-၀ မိန့်ဇ်

| မိန့်ဇ်၏ နောက်ဆုံးသုံးပွဲရလဒ် | လိုက်ပဇစ်၏ နောက်ဆုံးသုံးပွဲရလဒ် |
|---|---|
| ကိုလုံး ၂-၂ မိန့်ဇ် | လိုက်ပဇစ် ၁-၁ ဖရိုင်းဘတ် |
| မိန့်ဇ် ၁-၁ ဖော်ကျူနာ | လိုက်ပဇစ် ၃-၀ စပါးစ် |
| မိန့်ဇ် ၀-၀ လိုက်ပဇစ် | ဝုဖ်ဘတ် ၀-၀ လိုက်ပဇစ် |

မိန့်ဇ်အသင်းအနေနဲ့ ပြီးခဲ့တဲ့ပွဲမှာ သရေကျအောင် ကစားနိုင်ခဲ့ပေမယ့်ခြေစွမ်းကအကောင်းဆုံးရှိမနေဘူး။ လိုက်ပဇစ်အသင်းကလည်း ပြီးခဲ့တဲ့ပွဲမှာ ဖရိုင်းဘတ်ကို သရေကျခဲ့တာကြောင့် နှစ်မှတ် ဆုံးရှုံးခဲ့တယ်။ ဒါကြောင့် လိုက်ပဇစ်အသင်းအနေနဲ့ ဒီပွဲမှာအမှတ်ပြည့် ရဖို့အတွက် အားကုန်ထုတ်ကစားလိမ့်မယ်။ လိုက်ပဇစ် အနိုင်ကစားလိမ့်မယ်။

### ဘိုင်ယန် – ဖရန့်ဖွတ်

ပထမအကျော့ရလဒ် - ဖရန့်ဖွတ် ၅-၁ ဘိုင်ယန်

| ဘိုင်ယန်၏ နောက်ဆုံးသုံးပွဲရလဒ် | ဖရန့်ဖွတ်၏ နောက်ဆုံးသုံးပွဲရလဒ် |
|---|---|
| ဘာလင် ၀-၂ ဘိုင်ယန် | ဖရန့်ဖွတ် ၁-၃ ဂလာဘတ် |
| ဘိုင်ယန် ၂-၀ အော့ဘတ် | ဖရန့်ဖွတ် ၀-၃ ဘောဆယ် |
| ရှော်လ်ကာ ၀-၁ ဘိုင်ယန် | လေဗာကူဆင် ၄-၀ ဖရန့်ဖွတ် |

ဘိုင်ယန်မြူးနစ်အသင်းရဲ့ခြေစွမ်းက ဘွန်ဒက်စ်လီဂါပွဲတွေပြန်စတော့လည်း ယခင်အတိုင်းပဲ အကောင်းဆုံး ခြေစွမ်းတွေရှိနေတာကို တွေ့ရတယ်။ ဖရန့်ဖွတ်အသင်း အနေနဲ့ နိုင်ပွဲတွေ ဆက်တိုက်ဆိုသလို ပျောက်ဆုံးနေခဲ့တာကြောင့် ဘိုင်ယန်အိမ်ကွင်းမှာ နိုင်ပွဲပြန်ရှာဖို့ မလွယ်ဘူး။ ဘိုင်ယန်ခြေအသာနဲ့ နိုင်ပွဲရမယ်။

### ကိုလုံး – ဖော်ကျူနာ

ပထမအကျော့ရလဒ် - ဖော်ကျူနာ ၂-၀ ကိုလုံး

| ကိုလုံး၏ နောက်ဆုံးသုံးပွဲရလဒ် | ဖော်ကျူနာ၏ နောက်ဆုံးသုံးပွဲရလဒ် |
|---|---|
| ကိုလုံး ၂-၂ မိန့်ဇ် | ဖော်ကျူနာ ၀-၀ ပါရာဘွန် |
| ဂလာဘတ် ၂-၁ ကိုလုံး | မိန့်ဇ် ၁-၁ ဖော်ကျူနာ |
| ပါရာဘွန် ၁-၂ ကိုလုံး | ဆာဘာရူကင် ၁-၁ ဖော်ကျူနာ |

ပြီးခဲ့တဲ့ အိမ်ကွင်းပွဲစဉ်မှာ မိန့်ဇ်အသင်း ကိုသရေကျပြီး အမှတ်ခွဲပေးခဲ့ရတဲ့ ကိုလုံးအသင်းဟာ ဒီပွဲစဉ်မှာတော့ အမှတ်ရဖို့အတွက် အားစိုက်ကစားလိမ့်မယ်။ ကိုလုံး အသင်းဟာ ဒီနှစ်ရာသီမှာ တိုက်စစ်အားကောင်းတဲ့ အသင်းဖြစ်တာကိုလည်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာတော့ ကိုလုံးအသင်းရဲ့ တိုက်စစ်ဖွင့်ကစားတာကို တွေ့မြင်ရနိုင်တယ်။ ဖော်ကျူနာ အသင်းရဲ့ခြေစွမ်းက ပျက်နေတာကြောင့် ဒီပွဲမှာနိုင်ပွဲရှာတွေ့ဖို့ မလွယ်ဘူး။ ကိုလုံးကပ်နိုင်သွားဖို့ ရှိတယ်။

### ဂလာဘတ် – လေဗာကူဆင်

ပထမအကျော့ရလဒ် - လေဗာကူဆင် ၁-၂ ဂလာဘတ်

| ဂလာဘတ်၏ နောက်ဆုံးသုံးပွဲရလဒ် | လေဗာကူဆင်၏ နောက်ဆုံးသုံးပွဲရလဒ် |
|---|---|
| ဖရန့်ဖွတ် ၁-၃ ဂလာဘတ် | ဝါဒါဘရီမင် ၁-၄ လေဗာကူဆင် |
| ဂလာဘတ် ၂-၁ ကိုလုံး | ရိန်းဂျားစ် ၁-၃ လေဗာကူဆင် |
| ဂလာဘတ် ၁-၂ ဒေါ့မွန် | လေဗာကူဆင် ၄-၀ ဖရန့်ဖွတ် |

ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွေ စတင်ခဲ့တဲ့ပြီးခဲ့တဲ့ အပတ်ပွဲစဉ်မှာကတည်းက ဂလာဘတ်နဲ့ လေဗာကူဆင် အသင်းတို့ရဲ့ရလဒ်တွေက အားကျစရာဖြစ်ခဲ့ကြတယ်။ ဒါကြောင့်လည်း လာမယ့်ပြိုင်ပွဲကလည်း စိတ်ဝင်စားဖို့ကောင်းတဲ့ ပွဲလို့ပြောရမယ်။ ဂလာဘတ်အနေနဲ့ ပထမ အကျော့မှာအဝေးကွင်းမှာ ရှုံးထားတာကြောင့် ဒီပွဲကို အားစိုက်လိမ့်မယ်။ လေဗာကူဆင် အနိုင်ရဖို့ မလွယ်ဘူး။ သရေကျမယ်။ ဂိုးများဖို့ရှိတယ်။

### ဖရိုင်းဘတ် – ဝါဒါဘရီမင်

ပထမအကျော့ရလဒ် - ဝါဒါဘရီမင် ၂-၂ ဖရိုင်းဘတ်

| ဖရိုင်းဘတ်၏ နောက်ဆုံးသုံးပွဲရလဒ် | ဝါဒါဘရီမင်၏ နောက်ဆုံးသုံးပွဲရလဒ် |
|---|---|
| လိုက်ပဇစ် ၁-၁ ဖရိုင်းဘတ် | ဟာသာ ၂-၂ ဝါဒါဘရီမင် |
| ဖရိုင်းဘတ် ၃-၁ ဘာလင် | ဖရတ်ဖွတ် ၂-၂ ဝါဒါဘရီမင် |
| ဒေါ့မွန် ၁-၀ ဖရိုင်းဘတ် | ဝါဒါဘရီမင် ၀-၂ ဒေါ့မွန် |

ဖရိုင်းဘတ်အသင်းနဲ့ ဝါဒါဘရီမင်အသင်းတို့ရဲ့ ရပ်တည်မှုတွေက အထက်နဲ့အောက်လို့ ပြောရလောက်အောင်ကွာခြားမှုရှိတယ်။ ဖရိုင်းဘတ်အသင်းအနေနဲ့ ပထမအကျော့အဝေးကွင်းမှာ သရေကျခဲ့ပေမယ့် ဒီပွဲမှာတော့ အမှတ်ပြည့်ရဖို့ အားစိုက်လိမ့်မယ်။ ဝါဒါဘရီမင်အသင်းအနေနဲ့ အဝေးကွင်းမှာ ရှန်းကန်ရဖို့ ရှိနေတယ်။ ဖရိုင်းဘတ်အသင်း အနိုင်ရသွားမှာပါ။

### ရှော်လ်ကာ – အော့ဘတ်

ပထမအကျော့ရလဒ် - အော့ဘတ် ၂-၃ ရှော်လ်ကာ

| ရှော်လ်ကာ၏ နောက်ဆုံးသုံးပွဲရလဒ် | အော့ဘတ်၏ နောက်ဆုံးသုံးပွဲရလဒ် |
|---|---|
| ဒေါ့မွန် ၄-၀ ရှော်လ်ကာ | အော့ဘတ် ၁-၂ ဝုဖ်ဘတ် |
| ရှော်လ်ကာ ၁-၁ ဟော့ဖန်ဟိမ်း | ဘိုင်ယန် ၂-၀ အော့ဘတ် |
| ရှော်လ်ကာ ၀-၁ ဘိုင်ယန် | အော့ဘတ် ၂-၃ ဂလာဘတ် |

ဘွန်ဒက်စ်လီဂါပွဲတွေ ပြန်စတဲ့ ပထမဦးဆုံး ပွဲစဉ်မှာ ရှော်လ်ကာဟာ ဒေါ့မွန်အသင်းကို ၄–၀ ဂိုးနဲ့ ရှုံးနိမ့်ခဲ့တယ်။ အခုပွဲစဉ်မှာလည်း ရှော်လ်ကာအသင်းအနေနဲ့ အော့ဘတ်ကို အနိုင်ကစားနိုင်ဖို့မလွယ်ဘူး။ အော့ဘတ် အသင်းအနေနဲ့ အဝေးကွင်းဖြစ်ပေမယ့် ရှော်လ်ကာကို အနိုင်ရဖို့အတွက် အားကုန်ထုတ်ကစားလိမ့်မယ်။ အော့ဘတ်ကပ်နိုင်သွားမယ်။

### ဘွန်ဒက်လီဂါပွဲစဉ် (၂၇)

| | | |
|---|---|---|
| ဟာသာ | - | ဘာလင် |
| ဂလာဘတ် | - | လေဗာကူဆင် |
| ဝုဖ်ဘတ် | - | ဒေါ့မွန် |
| ဖရိုင်းဘတ် | - | ဝါဒါဘရီမင် |
| ပါရာဘွန် | - | ဟော့ဖန်ဟိမ်း |
| ဘိုင်ယန် | - | ဖရန့်ဖွတ် |
| ရှော်လ်ကာ | - | အော့ဘတ် |
| မိန့်ဇ် | - | လိုက်ပဇစ် |
| ကိုလုံး | - | ဖော်ကျူနာ |

# သန်လျင်၌ သံဃာတော် ၁၈၉ ပါးနှင့် သီလရှင်အပါး ၉၀ တို့အား ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း



**ရန်ကုန်  မေ ၂၁**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ဗိုလ်ချုပ်ကျေးရွာအတွင်းရှိ ကျေးရွာသူ ကျေးရွာသားများက စုပေါင်း၍ ကျေးရွာအတွင်းရှိ ရဟန်းသံဃာတော် သာမဏေများနှင့် သီလရှင်တို့အား နဝကမ္မဝတ္ထုငွေများနှင့် ဆွမ်းဆန်တော်များ ထောက်ပံ့လှူဒါန်းပွဲကို မေ ၁၉ ရက်က ဗိုလ်ချုပ်ကျေးရွာ မင်္ဂလာကန်ဦး ပရိယတ္တိ စာသင်တိုက်အတွင်း၌ ကျင်းပသည်။(ဓါတ်ပုံ)

အခမ်းအနားတွင် မင်္ဂလာကန်ဦး ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ပညာသီရိထံက ညွှန်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကိုကိုနိုင်က ကျေးရွာအတွင်းရှိ သာသနာရေးဆိုင်ရာများအား တင်ပြလျှောက်ထားပြီး သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာ မင်္ဂလာကန်ဦး ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော်က ဦးဆောင်ကာ သန်လျင်မြို့နယ် အမှတ် (၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်း၊ ဗိုလ်ချုပ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကိုကိုနိုင်နှင့် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ၊ ကျေးရွာသူ ကျေးရွာသားများ၊ အလှူရှင်များက ဗိုလ်ချုပ်ကျေးရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၂ ကျောင်းမှ ရဟန်း သံဃာ သာမဏေ စုစုပေါင်း ၁၈၉ ပါးနှင့် သီလရှင်ကျောင်း နှစ်ကျောင်းတို့မှ ဆရာကြီး၊ ဆရာလေး သီလရှင် စုစုပေါင်း အပါး၉၀ တို့အား နဝကမ္မ ဝတ္ထုငွေနှင့် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ငါးသေတ္တာဘူးများကို စုပေါင်းထောက်ပံ့လှူဒါန်းခဲ့ကြသည်။

"အခုလို ကိုဗစ်- ၁၉ ရောဂါ ကာကွယ်တားဆီးနိုင်ဖို့အတွက် ကျေးရွာအတွင်းရှိ ရဟန်းသံဃာတော် သာမဏေတွေနဲ့ သီလရှင်တွေအားလုံး ရပ်/ရွာအတွင်း ဆွမ်းခံထွက်ခြင်းမပြုကြဘဲ မိမိတို့ကျောင်းတိုက်တွေမှာ နေထိုင် သီတင်းသုံးခဲ့ကြတာ တစ်လကျော်ရှိနေကြပြီ ဖြစ်ပါတယ်။ ကျောင်းတိုက်တွေမှာလည်း ရက်၊ လ ကြာလာတော့ ဆွမ်း၊ ခဲဖွယ်ကိစ္စတွေ အခက်အခဲရှိကြတယ်လို့ ကြားသိရပါတယ်။ ဒါကြောင့် သံဃာတော်တွေနဲ့ သီလရှင်တွေ ဆွမ်း၊ ကွမ်း ထောက်ပံ့ရေးကော်မတီဖွဲ့စည်းပြီး ဗိုလ်ချုပ်ကျေးရွာနှင့် ရပ်/ရွာတွေကနေ အလှူငွေတွေနဲ့ ဆွမ်းဆန်တော်တွေကို အလှူခံရရှိခဲ့ပါတယ်။ အလှူခံရရှိတဲ့ အလှူငွေတွေနဲ့ ဆွမ်းဆန်တော်တွေကို ကျေးရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်းနဲ့ သီလရှင်ကျောင်းတွေကို အချိုးကျခွဲဝေပြီး ထောက်ပံ့လှူဒါန်းတာဖြစ်ပါတယ်"ဟု မြို့နယ် ဥပါသကာအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းငွေက ပြောသည်။

**သက်ခိုင် (သန်လျင်)**

## မိုင်းကိုင်မြို့နယ်၌ အိမ်တိုင်ရာရောက် ဟင်းသီးဟင်းရွက်မျိုးစေ့များ အခမဲ့ဖြန့်ဝေ

**မိုင်းကိုင် မေ ၂၁**

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်မြို့နယ်အတွင်း မိုးရာသီကာလ၌ ကျေးလက်နေပြည်သူများ ဟင်းသီးဟင်းရွက်များကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးနိုင်ရန်အတွက် ယနေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးရဲသွေးကျော်နှင့် ဝန်ထမ်းများသည် ဝမ်ဟွေအွမ် ကျေးရွာအုပ်စု လွိုင်ရှို့ကျေးရွာသို့ ကွင်းဆင်း၍ ကျေးလက်နေပြည်သူများထံ ဟင်းသီးဟင်းရွက်မျိုးစေ့များကို အိမ်တိုင်ရာရောက် အခမဲ့ ဖြန့်ဝေပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ်ရေးလုပ်ငန်းများ၌ အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ ဈေးအတွင်း သွားရောက်ဝယ်ယူရန်မလိုဘဲ မိမိတို့နေအိမ်တွင်နေထိုင်ပြီး စိုက်ပျိုးလိုသော ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးနိုင်ရန်၊ ကျေးလက်နေပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရန်၊ ကျေးရွာအတွင်း တစ်အိမ်နှင့်တစ်အိမ် ဟင်းသီးဟင်းရွက်များ မျှဝေစားသုံးနိုင်ရန်အတွက် ကျေးရွာပေါင်း ၁၀ ရွာမှ ကျေးလက်နေပြည်သူများအား ချဉ်ပေါင်၊ ငရုတ်၊ ကန်စွန်း၊ မုန်ညင်းအမျိုးမျိုး၊ ဘူး၊ ဖရုံ၊ သခွား၊ ပဲအမျိုးမျိုး၊ ကြက်ဟင်းခါးသီးနှင့် အခြားသော ဟင်းသီးဟင်းရွက်မျိုးစေ့များကို မိုးဦးကာလအတွင်း အခမဲ့ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

**နန်းလှိုင်လှိုင်ဦး(မိုင်းကိုင်)**

## မင်းဘူးခရိုင်အတွင်း ကျေးရွာ ၁၁ ရွာ၌ ကုန်ထုတ်လမ်းတံတားများ တည်ဆောက်

**မင်းဘူး မေ ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ ကျေးရွာ ၁၁ ရွာ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေများဖြင့် ကျေးလက်ဒေသရှိ လယ်ယာထွက်ကုန် သီးနှံများဈေးကွက်သို့ လျင်မြန်ချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ကုန်ထုတ်လမ်းတံတားများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မင်းဘူးခရိုင်အတွင်းရှိ မင်းဘူးမြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ စလင်းမြို့နယ်၊ ငဖဲမြို့နယ်တို့ရှိ ကျေးရွာပေါင်း ၁၁ ရွာ ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၃၇၆ ဒသမ ၅၇၅ သန်းဖြင့် ကုန်ထုတ်လမ်းကိုးလမ်း၊ ကွန်ကရစ်တံတားတစ်စင်း၊ လမ်းဖြတ်တံတားခြောက်စင်း၊ ရေပြွန် ၃၃ စင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ တာဝန်ရှိသူများကလည်း လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်အတွင်း ပြီးစီးရေးကိုလည်း ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ယခုအခါတွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ ယင်းကျေးရွာများရှိ လယ်ယာဧက ၅၄၀၀ ခန့်မှ လယ်ယာထွက်ကုန်သီးနှံများကို အချိန်ကုန်သက်သာစွာ ဈေးကွက်သို့ လျင်မြန်စွာ သယ်ယူပို့ဆောင် အချိန်မီတင်ပို့ ရောင်းချနိုင်တော့မည်ဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးတင့်လွင်ဦးထံက သိရသည်။

**သူရိန်(မင်းဘူး)**

## KBZ Pay အား Celent မှ ကမ္ဘာ့အဆင့်ဂုဏ်ပြုဆုချီးမြှင့်

**ရန်ကုန် မေ ၂၁**

လက်ကိုင်ဖုန်းများအသုံးပြု၍ ဒစ်ဂျစ်တယ်စနစ်ဖြင့် ငွေသွင်း၊ ငွေထုတ်၊ ငွေလွှဲ၊ ငွေချေ စသည့် ငွေကြေး ဝန်ဆောင်မှုများကို လွယ်ကူစွာဆောင်ရွက်နိုင်သည့် KBZ Pay သည် ငွေစက္ကူမှ ဒစ်ဂျစ်တယ်ငွေပေးချေမှုသို့ အမြန်ဆုံးတိုးတက်အောင် ဦးဆောင်ပြောင်းလဲနိုင်ပြီး တစ်နှစ်ကျော်ကာလအတွင်း အသုံးပြုသူ ငါးသန်းကျော်၊ ဈေးဆိုင်နှင့် ကိုယ်စားလှယ်ပေါင်း ၂၈၅၀၀၀ ကျော်အထိ ချက်ချင်းတိုးတက်လာခဲ့သောကြောင့် ကမ္ဘာ့အဆင့် Celent Model Bank Awards 2020 ဆု ပေးအပ်ချီးမြှင့်ခံခဲ့ရကြောင်း သိရသည်။

ကမ္ဘောဇဘဏ်အနေဖြင့် ပြည်တွင်းဒစ်ဂျစ်တယ် ငွေလွှဲလုပ်ဆောင်မှုပမာဏမှာ တစ်နှစ်ပြီးတစ်နှစ် ၁၇၁ ရာခိုင်နှုန်းအထိ မြင့်တက်လာပြီး ယနေ့အထိ KBZ Pay အသုံးပြု၍ အမေရိကန်ဒေါ်လာ ၄ ဘီလီယံကျော်အထိ ငွေကြေးလုပ်ဆောင်ချက်များ ဆောင်ရွက်နိုင်ခဲ့သည်အထိ အောင်မြင်လာခဲ့သည်။ အဆိုပါ ကမ္ဘာ့အဆင့်ဆုသည် ငွေစက္ကူကိုသာ အဓိကသုံးစွဲနေကြသည့် မြန်မာနိုင်ငံတွင် ပြည်သူများပါဝင်အသုံးပြုနိုင်မည့် မိုဘိုင်းဦးစားပေး ငွေကြေးဝန်ဆောင်မှုစနစ် ဖော်ဆောင်ရာတွင် ထူးခြားအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ပေးအပ်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ကမ္ဘောဇဘဏ်သည် ဘဏ်ဦးဆောင်သော ဒစ်ဂျစ်တယ်ငွေပေးချေမှုကဏ္ဍအတွက် ကမ္ဘာ့အဆင့်ဆုရရှိသည့် ပထမဆုံး မြန်မာ့ဘဏ်လုပ်ငန်းလည်း ဖြစ်လာသည်။ "နိုင်ငံရဲ့ ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံပိုင်း ပိုမိုတိုးတက်လာဖို့



ကုန်ပစ္စည်းဝယ်ယူ ငွေပေးချေမှုအတွက် KBZ Pay ဝန်ဆောင်မှုဖြင့် ဆောင်ရွက်စဉ်။

ကျွန်တော်တို့ရဲ့ KBZ Pay က ပြည်သူတွေအတွက် လုံခြုံစိတ်ချရတဲ့ E-commerce စနစ်တွေ၊ ဒစ်ဂျစ်တယ်ဝန်ဆောင်မှုတွေ စတင်နိုင်ဖို့အတွက် အဓိကနေရာကနေ ကြိုးစားအားဖြည့်သွားမှာဖြစ်ပါတယ်"ဟု ကမ္ဘောဇဘဏ်၏ CEO Mr. Mike DeNoma က ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ကိုဗစ် - ၁၉ ကို ထိန်းချုပ်၊ ကုသမှုများထိရောက်စေရန်အတွက် KBZPay အသုံးပြုသူ ငါးသန်းကျော်သည် နေ့စဉ် ငွေကြေးဝန်ဆောင်မှုများအတွက် တစ်ဦးနှင့်တစ်ဦး ထိတွေ့မှုမရှိဘဲ ဈေးဆိုင်များ၊ E-commerce များ၊ အစားအသောက် ပို့ဆောင်ရေးလုပ်ငန်းများ၊ ငွေလွှဲခြင်းများ၊ ပရဟိတအသင်းများက ကိုဗစ်-၁၉ အတွက် အလှူခံမှုများနှင့် အခြားသော ဝန်ဆောင်မှုများစွာကို ဆောင်ရွက်ပေးခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီပေးလျက်ရှိသည်။

" ကိုဗစ်-၁၉ ကာလအတွင်းမှာ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ပိုပြီး ခိုင်မာစေခဲ့ပြီး ကိုဗစ်-၁၉ တိုက်ဖျက်ရေးအတွက် နိုင်ငံတော်ရဲ့ လုပ်ငန်းစဉ်တွေမှာ အထောက်အပံ့ဖြစ်စေဖို့နဲ့ ကိုဗစ်-၁၉ လွန်ကာလမှာ နိုင်ငံရဲ့ အခြေအနေသစ်အတွက် ပြင်ဆင်ရာမှာ အဆင်သင့် ပူးပေါင်းပါဝင်နိုင်ဖို့ဖြစ်ပါတယ်။ KBZPay က တခြား ဖွံ့ဖြိုးဆဲဈေးကွက်တွေရဲ့ စံနမူနာပြနိုင်တဲ့ ပုံစံကောင်း တစ်ခုအဖြစ် ရပ်တည်နိုင်ဖို့ မျှော်လင့်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

ကမ္ဘောဇဘဏ်သည် ငွေကြေးနှင့်ဘဏ်လုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများဖြစ်ကြသည့် Financial Times (The Banker)၊ World Finance၊ Euromoney၊ Asian Banking And Finance၊ Asiamo ney နှင့် Finance Asia စသည်တို့မှ ချီးမြှင့်သော အကောင်းဆုံးဘဏ်ဆုများကို နှစ်စဉ်ရရှိခဲ့သည်။ ထို့အပြင် ကိုဗစ်-၁၉ ကာကွယ်၊ ကုသရေးအတွက် KBZ MS General Insurance၊ KBZ Life၊ Myanmar Airways International (MAI) နှင့် Air KBZ တို့နှင့် လက်တွဲ၍ ငွေကျပ်သိန်းပေါင်း ၃၅၂၄ လှူဒါန်းထားသည်။

**ကိုကျော်**

## " မော်တော်ယာဉ်များ ယာယီလမ်းလွှဲခြင်း အသိပေးကြေငြာချက် "

ပဲခူးမြစ်ကူးတံတား ( သန်လျင် - ၃ ) တည်ဆောက်ရေးစီမံကိန်း (အပိုင်း ၃) တွင် Steel ယက်မနှင့် ကွန်ကရစ် ယက်မများ တပ်ဆင်ရန်အတွက် သန်လျင်ချဉ်းကပ်လမ်း (သန်လျင် မှ သာကေတသို့သွားသည့်လမ်း) အား ရှုခင်းသာလမ်းဆုံမှ သာကေတလမ်းအပိုင်းကို မေလ ၂၄ ရက် မှ ဩဂုတ်လကုန် အထိ၊ ည ၉ နာရီ မှ မနက် ၅ နာရီ အတွင်း အချိန်ပိုင်း ယာယီ လမ်းပိတ်ဆောင်ရွက်မည် ဖြစ်ပါသည်။သို့ပါ၍ ဖော်ပြထားသောလမ်းလွှဲဆိုင်းဘုတ်များအတိုင်းမော်တော်ယာဉ်များသွားလာကြပါရန် ဆောက်လုပ်ရေးဝန်ကြီးဌာန၊တံတားဦးစီးဌာနမှ အသိပေးကြေငြာအပ်ပါသည်။




## ကန့်ကွက်နိုင်ပါကြောင်း

မြောင်းမြမြို့၊ အမှတ် (၄) ရပ်ကွက်၊ (၇)လမ်း၊ အမှတ် (၄၁)နေ ဦးအစွန်၏သမီးဖြစ်သူ ဒေါ်ခင်ခင်ငွေး ၁၄/မမန(နိုင်)၁၄၂၇၀၇မှ မြောင်းမြမြို့၊ အမှတ် (၈)ရပ်ကွက်ရှိ မြေစာရင်း ရပ်ကွက်အမှတ်(၉) ကိုပိတ်ကုန်း၊ ဦးပိုင်အမှတ် (ဃ/၁၀၄)၊ ဧရိယာ ၀ဒသမ ၀၇၇ဧကရှိမြေသည် ယခင်က ဒေါ်သိန်းညွန့်မှ DOVNO-၁၂၆/၅၅-၅၆အရ အမည်ပြောင်းခဲ့ပြီး DC-၂၀၈/ ၂၉-၃၀ အရ (၆-၁၂-၁၉၃၀)မှ (၅-၁၂-၁၉၆၀)အထိ နှစ် ၃၀ ဂရန်ရရှိခဲ့ပြီး ဒေါ်သိန်းညွန့်ထံမှ ဦးမောင်ထင်-ဒေါ်စောငွေတို့က စာချုပ်အမှတ်-၁/၁၉၅၇နှင့် စာချုပ်အမှတ် ၁၆/၁၉၆၇တို့အရ ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း၊ မိဘများဖြစ်သူ ဦးမောင်ထင်-ဒေါ်စောငွေတို့၏ တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်နုနုမှာလည်း (၂၀၀၉)ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီးနောက် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးမြသောင်းထံမှ ယခုဂရန်လျှောက်ထားသူ ဒေါ်ခင်ခင်ငွေးမှ ၃၀-၄-၂၀၁၃ရက်တွင် စာချုပ်အမှတ်(၂၆/၂၀၁၃)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါကြောင်း၊ ယခင် ဒေါ်သိန်းညွန့်အမည်ပေါက် ဂရန်စာချုပ်မူရင်းမှာ ၁၉၅၇ ခုနှစ်တွင် မီးလောင်ခဲ့စဉ်က မြေငှားဂရန်စာချုပ်ပျက်စီးသွားပါသဖြင့် ယင်းစာချုပ်တင်ပြနိုင်ခြင်းမရှိခြင်းနှင့် ယခုအခါ ဒေါ်ခင်ခင်ငွေးမှ ၎င်းအမည်ဖြင့် ဂရန်သက်တမ်းတိုးအမည်ပြောင်း လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက အထောက်အထားပြည့်စုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ဤရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြောင်းမြမြို့

## ရန်ကုန်မြို့တော်အပြင်ပတ်လမ်းစီမံကိန်း (YORR) အရှေ့ဘက်ခြမ်း နှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာအား အများပြည်သူ လေ့လာဖတ်ရှု သုံးသပ်အကြံပြုနိုင်ရန်တင်ပြခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန (MOC)၊ လမ်းဦးစီးဌာန (DoH) နှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ အတူတကွပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် ရန်ကုန်မြို့တော်အပြင်ပတ်လမ်းစီမံကိန်း (YORR) အရှေ့ဘက်ခြမ်း နှင့် ပတ်သက်၍ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာအား အများပြည်သူ လေ့လာဖတ်ရှု သုံးသပ်အကြံပြုနိုင်ရန်အတွက် အစီရင်ခံစာနှင့်အတူ အများပြည်သူ၏ သုံးသပ်အကြံပြုချက်များ ရေးသွင်းရန်ပုံစံကို အောက်ဖော်ပြပါ နေရာများတွင် ထားရှိပြီးဖြစ်ပါသည်။

၁။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ လှည်းကူးမြို့နယ်၊
၂။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊
၃။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊
၄။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ သန်လျင်မြို့နယ်၊
၅။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ကျောက်တန်းမြို့နယ်၊
၆။ E Guard Environmental Services၊ အမှတ် (၁၄၅ - A2 - 3)၊ သီရိမင်္ဂလာလမ်း၊ (၈)မိုင်၊ အမှတ် (၄) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၇။ https://my.pcloud.com/publink/show?code=kZ0eSTkZAwox2uEllpzwmYmvNFU05kzt7uok
၈။ MOC ၏ https://drive.google.com/open?id=1YQo3aXJoDL5v7G6klHqCs4lgYSDV_Jc6/views တွင်လည်း Download ရယူနိုင်ပါသည်။

မှတ်ချက်။ ။ အကြံပြုချက်ပုံစံများအား အထက်ဖော်ပြပါနေရာများတွင်ရယူနိုင်ပြီး ယခုကြေညာပြီး (၁)လ အတွင်း နောက်ဆုံးထား၍ သုံးသပ်အကြံပြုချက်များကို အထက်ပါ နေရာများသို့ ပေးပို့နိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း ။ ။ (+၉၅)၉ ၇၉ ၇၀၀ ၅၁၆၀၊ (+၉၅)၉ ၇၉ ၇၀၀ ၅၂၀၂၊ (+၉၅)၉ ၇၉ ၇၀၀ ၅၂၁၅။
E mail လိပ်စာ ။ ။ feedback@eguardservices.com

လမ်းဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

## ပုလဲမြို့သစ် မြေကွက်ရောင်းမည်

အမှတ် ၃ လမ်း နှင့် ပြည်လမ်းတို့မှ ဝင်နိုင်။ ဗိုလ်ခြံလမ်းမကြီးမှ ဝင်လျှင် ဒုတိယလမ်း။ အေးသာယာ ၃ လမ်း။ ထောင့်ကွက်။ ၆၀ပေ × ၅၀ပေ၊ ပါမစ်မြေ။ အရှေ့လှည့်။ ကွန်ကရစ်လမ်းခင်းပြီး။ (၅၂၀)သိန်း ညှိနှိုင်း
: 09-43021002

## စာအုပ်စာပေ လူ့မိတ်ဆွေ

## Mybaco Manufacturing Co.,Ltd
## Pucci Special Cake & Bread
## မင်္ဂလာနှုတ်ခွန်းဆက်လွှာ

BAKING FOR GOODNESS

မင်္ဂလာပါ။

မိဘပြည်သူများအားလုံး Covid-19ရောဂါကပ်ဆိုးကာလအတွင်း စိတ်၏ချမ်းသာခြင်း၊ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံကြပြီးလျှင် ဤရောဂါကပ်ဆိုးကြီးမှ အောင်မြင်စွာ ကျော်ဖြတ်လွန်မြောက်နိုင်ပါစေကြောင်း မွန်မြတ်သော စိတ်စေတနာဖြင့် ဆုမွန်ကောင်း တောင်းအပ်ပါသည်။

Mybaco Manufacturing Co.,Ltd သည် (၂၀၀၃)ခုနှစ်မှစ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရစက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ပုဂ္ဂလိက စက်မှုလုပ်ငန်းမှတ်ပုံတင်အမှတ်(ရက/ကြီး/၃၄၄၆)ဖြင့် မှတ်ပုံတင်သွင်းထားခြင်း၊Pucci ကုန်အမှတ်တံဆိပ်အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်အမှတ် (၂၄၅၅/၂၀၁၆)နှင့်(၂၀၀၄/၂၀၁၈)တို့ဖြင့် မှတ်ပုံတင်ထားရှိပြီးဖြစ်ခြင်း၊ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)၏ အစားအသောက် ထုတ်လုပ်ခြင်းထောက်ခံချက်လက်မှတ်(**စ၅/၁၄၀၈၉/ထလ**)တို့အား ရရှိထားပြီးဖြစ်ပါသည်။ထို့အပြင် ဘာသာမရွေး၊လူမျိုးမရွေးစားသုံးနိုင်ရန်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အိုလမာ-အစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ချုပ်၏ထောက်ခံချက်(Hala)အမှတ်(**၁၁၃/ဟသက**)တို့ ရယူထားရှိပြီးဖြစ်ပါသည်။

Pucci Special Cakeမုန့်မျိုးစုံနှင့် Jar Jar Bread and Cake စားသောက်ကုန်လုပ်ငန်း၊ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းကို ကောင်းသတင်းဖြင့် မြန်မာပြည်တစ်ဝှမ်း ကျော်ကြားလျက် မိဘပြည်သူများ ဝယ်ယူစားသောက်နေသော စားသောက်ကုန်ပစ္စည်းဖြစ်ပါသည်။ မိမိတို့သည် အရည်အသွေးပြည့်မှီသော ကုန်ကြမ်းများကိုသာ အသုံးပြုထားကြောင်း အပြည့်အဝ အာမခံပါသည်။

ကျွန်ုပ်တို့သည် Mybaco Manufacturing Co.,Ltd မှထုတ်လုပ်သော Pucci အမှတ်တံဆိပ်ထုတ်ကုန်များအပေါ်တွင် မိဘပြည်သူများ၏ ကောင်းမွန်သော ဆန်းစစ်မှု၊စစ်မှန်သော ဝေဖန်အကြံပေးချက်များနှင့် နွေးထွေးပျူငှာသော ကူညီစောင်မခြင်းများအတွက် ဝမ်းမြောက်စွာဂုဏ်ယူလျက်ရှိပါသည်။

Pucci အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ထားသော ကိတ်မုန့်၊ပေါင်မုန့်များကို ယုံကြည်စိတ်ချစွာဖြင့် အစဉ်တစိုက် အားပေးခဲ့ကြသော၊အသစ်ထွက်ရှိလာမည့် ကုန်ပစ္စည်းအသစ်များကို စောင့်မျှော်အားပေးကြမည့် မိဘပြည်သူများအားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးအထူးတင်ရှိပါသည်။

ယခုအခါ ဈေးကွက်အတွင်း Pucci အမှတ်တံဆိပ်ကို တုပခြင်း၊ထင်ယောင်ထင်မှားဖြစ်စေခြင်းနှင့် တစ်စိတ်တစ်ပိုင်းကို ကူးယူအသုံးပြုနေသော အမှတ်တံဆိပ်များ ထွက်ပေါ်နေပါသောကြောင့် မိဘပြည်သူများအနေဖြင့် အရည်အသွေးစစ်မှန်သော Pucci အမှတ်တံဆိပ်ကို သတိပြု ရွေးချယ်အားပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျွန်ုပ်တို့သည် Pucci Special Cake & Bread ထုတ်ကုန်များနှင့်ပတ်သက်၍ သတင်းအချက်အလက်များကို ကျွန်ုပ်တို့၏ တရားဝင် Facebook စာမျက်နှာဖြစ်သော Pucci Cake ဖြင့် ဖြန့်ဝေအသိပေးကြေညာထားရှိပါသည်။ကျွန်ုပ်တို့၏ထုတ်ကုန်များနှင့်ပတ်သက်၍ မိဘပြည်သူများအနေဖြင့် သိရှိစုံစမ်းမေးမြန်းလိုသည်များ၊ဝေဖန်အကြံပေးလိုခြင်းများရှိပါက ကျွန်ုပ်တို့၏ တရားဝင် Facebook စာမျက်နှာ၏ Message Boxမှဖြစ်စေ၊ Comment များတွင်ဖြစ်စေတိုက်ရိုက်ဆက်သွယ်ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးနှိုးဆော်အကြောင်းကြားအပ်ပါသည်။

"ကျွန်ုပ်တို့သည် စားသုံးသူများ၏ တုန့်ပြန်မှုများကို အစဉ်အမြဲတန်ဖိုးထားပါသည်။"

မိဘပြည်သူများအား လေးစားစွာဖြင့်

**Pucci Special Cake & Bread**
**Mybaco Manufacturing Co.,Ltd**

# လုပ်ငန်းအမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်သည်လမ်း၊ Strand Square မြေညီထပ်၊ အမှတ် (၅၃) နေ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်တင်ဇာလွင် (ဘ) ဦးဇာနည်အောင် ၉/ခအဇ(နိုင်)၀၂၉၃၈၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **Life Plan** | **E-bancassurance** |
| **Edu Saver** | **Short Saver** |
| **Pyinyar ShweO** | **Arrawjan** |

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်တင်ဇာလွင်သည် ပူးတွဲဖော်ပြပါရှိသော Life Plan၊ E-bancassurance၊ Edu Saver ၊ Short Saver ၊ Pyinyar ShweO၊ Arrawjan အစရှိသော လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားတို့ကို တစ်ဦးတည်းလုပ်ငန်းအမှတ်တံဆိပ်အဖြစ် ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် ၁၇-၁-၂၀၂၀ ရက်က မှတ်ပုံတင်စာချုပ်အမှတ်-(၈၉၉/၂၀၂၀)၊ (၉၀၀/၂၀၂၀)၊ (၉၀၁/၂၀၂၀)၊ (၉၀၂/၂၀၂၀)၊ (၉၀၃/၂၀၂၀)၊ (၉၀၄/၂၀၂၀) တို့အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး၊ ၎င်းလုပ်ငန်းအမှတ်တံဆိပ်တို့ဖြင့် အပြည်ပြည်ဆိုင်ရာ ကုန်တံဆိပ်အုပ်စုတွင်ပါဝင်သောဝန်ဆောင်မှု အုပ်စုခေါင်းစဉ်အောက်ရှိ အုပ်စုအမှတ်စဉ် (၃၆) တွင် ပါဝင်သည့်အာမခံလုပ်ငန်းများ၌ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ KBZ MS General Insurance Co.,Ltd.၏ အာမခံရောင်းချသည့်လုပ်ငန်းတွင် လုပ်ကိုင်ဆောင်ရွက်သည့် Channel အသစ်များ၏အမည်ဖြင့် သုံးစွဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်တင်ဇာလွင်၏လုပ်ငန်းအမှတ်တံဆိပ်အမှတ်အသားတို့ကို အခြားသူတစ်ဦးတစ်ယောက်မှ ကုန်အမှတ်တံဆိပ်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားတုပ၍ Life Plan၊ E-bancassurance၊ Edu Saver ၊ Short Saver ၊ Pyinyar ShweO၊ Arrawjan အစရှိသော လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားတို့ကို တုပကူးယူခြင်းများ လုံးဝမပြုလုပ်ကြရန်နှင့် အကယ်၍ မိမိ၏လုပ်ငန်းအမှတ်တံဆိပ်တို့အား ရှေ့တစ်လုံးတိုး၍သော်လည်းကောင်း၊ နောက်တစ်လုံးတိုး၍သော်လည်းကောင်း၊ ရှေ့တစ်လုံးဖြုတ်၍ သော်လည်းကောင်း၊ နောက်တစ်လုံးဖြုတ်၍သော်လည်းကောင်း တုပသုံးစွဲလာခဲ့ပါက မည်သူမဆို ဒေါ်တင်ဇာလွင်၏ လုပ်ငန်းအကျိုးစီးပွားကို ထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးနေဝင်းသန့် (LL.M)** | **ဦးချစ်ညီညီ (LL.B)** | **ဦးမြင့်ဝင်း (LL.B)** |
| **(စဉ်-၈၀၃၇/၂၀၁၂)** | **(စဉ်-၄၄၂၉/၁၉၈၈)** | **(စဉ်-၁၀၂၉၀/၂၀၁၅)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၂၁)၊ ၆၃ လမ်း၊ ၂၆x၂၇ လမ်းကြား၊ မန္တလေးမြို့**
**ဖုန်း-၀၂-၄၀၃၃၉၉၀၊ ၀၂-၄၀၇၂၇၇၉၊ ၀၉-၂၀၀၀၂၆၁၊ ၀၉-၂၀၃၈၇၈၆၊ ၀၉-၂၀၁၄၉၃၉**

## အများသိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ တောင်ငူလမ်း၊ (၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ ဦးပိုင်အမှတ်(၂၂၅)၊ အိမ်အမှတ်(၂၂၅)၊ ဧရိယာ (၀ ဒသမ ၀၆၂) ဧက အကျယ်အဝန်းရှိသော ဦးတင်အေးအမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိ လက်ရောက်နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါက်တာနှင်းဥမ္မာမြင့် (ဘ)ဦးသန်းမြင့် ၁၂/ပဇတ(နိုင်)၀၂၈၆၃၇ ၏ကိုယ်စား ဒေါ်ဖြူသန္တာနိုင် (ဘ)ဦးတင့်နိုင် ၁၂/တမန(နိုင်)၀၉၂၇၃၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်ခင်နီနီစိုး LL.B (တရားလွှတ်တော်ရှေ့နေ) (စဉ်-၇၉၃၃)**
**Office-အမှတ်(၁၈၉)၊ လမ်း ၈၀၊ ၁၉x၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း-၀၂-၄၀၆၈၈၃၉၊ ၀၉-၂၀၀၆၀၂၉၊**
**၀၉-၇၉၂၀၀၆၀၂၉၊ ၀၉-၆၉၂၀၀၆၀၂၉**
**ladylawyer. khinninisoe @ gmail. com**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/ဒက္ခိဏသီရိအနောက်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၂၇၁၉)၊ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဦးကျော်ယု (ဘ) ဦးစံလှဘော် ၉/ပမန(နိုင်)၀၆၀၈၄၆ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်ဖြစ်သူ ဦးကျော်ယု ကွယ်လွန်သွားပါသဖြင့် တရားဝင်တစ်ဦးတည်းဇနီးဖြစ်သူ ဒေါ်မြင့်မြင့် (ဘ) ဦးကိုကြီး ၉/ပမန(နိုင်)၀၆၀၈၄၅ မှ မြေငှားစာချုပ်မူရင်း၊ တရားဝင်ဇနီးဖြစ်ကြောင်း မှတ်ပုံတင်ကျမ်းကျိန်လွှာမူရင်းများ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
## ဒက္ခိဏခရိုင်တရားရုံး၌
## ၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၀၉

| | | |
|---|---|---|
| ဦးကျော်ဌေး | နှင့် | ဦးလင်းဦး |
| **(တရားလို)** | | **(တရားပြိုင်)** |

ဦးလင်းဦး(ဘ)ဦးမောင်မောင်တင့်၊ ပျဉ်းမနားမြို့၊ ပန်းခင်းရပ်၊ ပန်းခင်းလမ်း၊ အမှတ်(၅/၇၁)နေသူ သိစေရမည်။

အထက်အမည်ပါ တရားလို ဦးကျော်ဌေးက နေပြည်တော် အောင်ဇမ္ဗူရပ်ကွက်၊ ရွာပတ်လမ်း၊ အမှတ်(၁၀/၄၉၉)အား တရားမကျင့်ထုံး ဥပဒေအမိန့်-၃၉၊ နည်း-၁ အရ ယာယီတားဝရမ်းလျှောက်ထားမှု ပြုလုပ်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၀ပြည့်နှစ်၊ ဇွန် ၁၁ ရက်၊ ၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော်(၆)ရက် မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှု ပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၀ ပြည့်နှစ်၊ မေ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ် ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဖြူဝင်းလတ်)
ဒုတိယခရိုင်တရားသူကြီး(၃)
ဒက္ခိဏခရိုင်တရားရုံး

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရှမ်းစုမြောက်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၂၃)၊ ဦးပိုင်အမှတ် (၂၇)၊ မြေဧရိယာ ၀ ဒသမ ၀၈၃ ဧကရှိ မြေကွက်အား ဦးလှရွှေအမည်ဖြင့် အမှုတွဲအမှတ်-၁၂၁ V/(၁၈၈၅-၁၈၈၆) အရ ၃၀-၆-၁၉၉၆ ရက်ထိ (၁၀) နှစ် မြေငှားဂရန် ရရှိခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အမည်ပေါက်သူ ဦးလှရွှေမှာ ၂၉-၃-၂၀၁၉ ရက်တွင် ကွယ်လွန်သွားခဲ့ပါသဖြင့် ကျန်ရစ်သူ ညီ/အစ်ကိုမောင်နှမများနှင့် သမီးများဖြစ်ကြသော ဦးသိန်းစိုးပါ(၁၁)ဦးတို့မှ ဦးလှရွှေအမည်ဖြင့် သက်တမ်းတိုးလျှောက်ထားသော မြေငှားဂရန်အမှုတွဲအား လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## တိုက်ခန်းအမြန်ရောင်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ အသောကလမ်း၊ အမှတ်(၄၆)၊ ၄လွှာ-B ကို ပိုင်ရှင်ကိုယ်တိုင်ရောင်းပေးပါမည်။ အခန်းအကျယ်ဝန်း (၁၅ပေ x ၆၀ ပေ)၊ မီးဖိုချောင်၊ အိမ်သာကြွေပြားခင်းပြီးသား အခန်း(၂)ခန်းဖွဲ့ပြီးသား

**မှတ်ချက်** - ငွေအမြန်လိုအပ်နေပါသည်၊
ဈေးနှုန်း သိန်း ၃၈၀ ညှိနှိုင်း
ဖုန်း-၀၉-၇၇၇၅၁၃၆၆၆၊ ၀၉-၄၂၂၆၃၆၆၆၁

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့

**ကြေညာချက်အမှတ်၊ ၄ /၂၀၂၀**
**၁၃၈၂ ခုနှစ်၊ ကဆုန်လကွယ်နေ့**
**( ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၁ ရက် )**

အကြောင်းအရာ။ **ရေးဖြေစာမေးပွဲများ လတ်တလော ကျင်းပနိုင်ခြင်း မရှိသေးကြောင်း အသိပေးကြေညာခြင်း**

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကြော်ငြာစာအမှတ်၊ ၂/ ၂၀၂၀ ပါ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန၊ ဌာနစုမှူး(၂)/ တတိယအတွင်းဝန် ရာထူး(၂၀)နေရာအတွက် ရေးဖြေစာမေးပွဲကို **၁၃-၆-၂၀၂၀ နှင့် ၁၄-၆-၂၀၂၀** ရက်နေ့တို့တွင်လည်းကောင်း၊ ကြော်ငြာစာအမှတ်၊ ၃/၂၀၂၀ပါ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း(၁၀)ခုရှိ လစ်လပ်ရာထူး (၁၉၅)နေရာအတွက် ပထမအဆင့် ပဏာမစစ်ဆေးခြင်းကို **၂၇-၆-၂၀၂၀** ရက်နေ့နှင့် ဒုတိယအဆင့်ရေးဖြေစာမေးပွဲကို **၂၅-၇-၂၀၂၀ နှင့် ၂၆-၇-၂၀၂၀** ရက်နေ့ တို့တွင်လည်းကောင်း အသီးသီးကျင်းပရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့ **Website ၊Facebook၊ Myanmar National Web Portal** နှင့် နိုင်ငံပိုင်သတင်းစာများတွင် ကြော်ငြာထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

၂။ သို့ရာတွင် အဆိုပါ စာမေးပွဲများစစ်ဆေးမည့်ကာလမတိုင်မီ COVID-19 ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်နေရသည်ဖြစ်ရာ မူလကြေညာထားသည့် ရက်များတွင် စာမေးပွဲများ ကျင်းပနိုင်ခြင်းမရှိသေးပါကြောင်းနှင့် စာမေးပွဲကျင်းပနိုင်မည့် အခြေအနေပေါ် မူတည်၍ ပြောင်းလဲကျင်းပမည့်နေ့ရက်တို့ကို နိုင်ငံပိုင်သတင်းစာများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ **Website ၊Facebook** နှင့် **Myanmar National Web Portal** တို့မှတဆင့် အချိန်မီထုတ်ပြန် ကြေညာပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## ပြင်ဆင်ဖတ်ရှုပေးပါရန်

၁၈-၅-၂၀၂၀ ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၈) ပြည့်စုံအောင်၏ အများသိစေရန် ကြော်ငြာတွင် လိပ်စာအမှတ် (၇)၊ (၆) လွှာ၊ နောင်ရိုးလမ်းအစား၊ **အမှတ် (၅)(၆)လွှာ၊ နောင်ရိုးလမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်ကျွန်းမြို့နယ်၊ မဘေကျေးရွာအုပ်စု၊ ကွင်းချောင်းကြီးကျေးရွာနေ ဦးထွန်း ၁၄/မမက(နိုင်)၀၇၄၁၀၃ ၏ မွေးစားသား မောင်ဖြိုးမင်းဇော်သည် မိဘစကား အကြိမ်ကြိမ်နားမထောင်ပါသဖြင့် ၂၁-၅-၂၀၂၀ရက်မှစပြီး သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

ဦးထွန်း- ကွင်းချောင်းကြီး

## ဇနီးအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း

မင်းလှမြို့နယ်၊သပြေစမ်းကျေးရွာနေ ဦးဇော်မင်းထွေး(၇/မလန(နိုင်)၀၈၆၉၆၈)နှင့် မငြိမ်းငြိမ်းအိ(၇/မလန(နိုင်)၀၉၁၆၂၇)တို့သည် (၁၅.၁၂.၂၀၀၉)ရက်နေ့တွင် လက်ထပ်ထိမ်းမြားပြီး (၅.၅.၂၀၁၇) ရက်နေ့တွင် နေအိမ်မှ ဆင်းသွားပြီး အခြားနိုင်ငံသို့ သွားရောက်နေထိုင်သည့်အတွက် ဇနီးအဖြစ်မှ လုံးဝစွန့်လွှတ်လိုက်ပါသည်။ ၎င်း နှင့်ပတ်သက်သောကိစ္စအဝဝအား(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးဇော်မင်းထွေး(၇/ မလန(နိုင်)၀၈၆၉၆၈

## သွေးသည် အသက်

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဋ္ဌေးဋ္ဌေးမြိုင်
**မေ့ဆေးပါရဂူ (ဒုဗိုလ်မှူးကြီး-ငြိမ်း)**
**၁၉၇၄-၈၂ ခုနှစ် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**
**အသက် (၆၄)နှစ်**

၁၉၇၄-၈၂ ခုနှစ် Batch ဆေးတက္ကသိုလ်(၁)မှ ချစ်လှစွာသောသူငယ်ချင်း ဒေါက်တာဋ္ဌေးဋ္ဌေးမြိုင် မေ့ဆေးပါရဂူ(ဒုဗိုလ်မှူးကြီး-ငြိမ်း)သည် ၁၇-၅-၂၀၂၀ ရက်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်းဒေါက်တာဋ္ဌေးဋ္ဌေးမြိုင် ကောင်းရာဘုံဘဝမှာ စံစားနိုင်ပါစေ။

**၁၉၇၄-၈၂ ခုနှစ် batch မှ**
**အတန်းဖော်သူငယ်ချင်းများ**
**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်ခင်(ခ)(Katherine San Paw)
**အထက်တန်းပြဆရာမ(ငြိမ်း) (Methodist English High School)**
**အထက(၁)မှော်ဘီ၊ အထက(၂)တပ်ကျောင်းမှော်ဘီ၊အထက(၃) ပြည်**
**အထက(၁)သဃ်န်းကျွန်း၊ အထက(၃)အလုံ**
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ အလုံ DKK Condo ၊ မင်းရဲကျော်စွာလမ်း၊ အမှတ် ၆၁(A)နေ (မီးရထားမင်းကြီး ဦးစံပေါ်-ဒေါ်စံဝင်း)တို့၏သမီး၊ ဦးထွန်းအောင်-ဒေါ်ခင်ခင်တို့၏သမီးချွေးမ၊ ဦးကံအေး(ညွှန်ကြားရေးမှူး-ငြိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)၊ ဥက္ကဋ္ဌ(SKA Co.,Ltd)၏ ချစ်လှစွာသောဇနီး၊ ဦးမိုးကျော်အေး၊ ဦးမြင့်ခိုင်(အေးရိပ်မွန်ဆောက်လုပ်ရေး)-ဒေါ်လှမိုးအေး (L.Geismar) ၊ ဦးဇော်မင်းအေး-ဒေါ်ဟန်မီကိုတို့၏မိခင်ကြီး၊ မောင်ဖြိုးမြင့်အေး(ခေတ္တ- ဩစတြေးလျ)၊ မခိုင်မိုးထက်(ခေတ္တ-ဩစတြေးလျ)၊မအေးဝတီမီကို(ILBC)၊မောင်ညီဇေမင်းအေးတို့၏ဘောင်ဘောင်သည် ၂၁-၅-၂၀၂၀ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၂၀ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဝဏ္ဏကျော်ထင် ဦးတင်လှိုင်
**BA, B.L, B.C.S**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**အဖွဲ့ဝင်(ငြိမ်း)၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့**
**အသက် (၉၈)နှစ်**

ဝန်ထမ်းရေးရာဦးစီးဌာန၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနတို့၏ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)နှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ အဖွဲ့ဝင်(ငြိမ်း)ဝဏ္ဏကျော်ထင် ဦးတင်လှိုင် အသက်(၉၈)နှစ်သည် ၁၅-၅-၂၀၂၀ရက် (သောကြာနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ဝန်ထမ်းမိသားစု**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစံရဲဘော်
**အသက်(၈၄)နှစ်**

သူငယ်ချင်း (ဗိုလ်မှူးတင်သောင်း-ငြိမ်း)-ဒေါ်လှဲ့ဝင်းခိုင်တို့၏ဖခင် ဦးစံရဲဘော်သည် ၁၈-၅-၂၀၂၀ရက်(တနင်္လာနေ့)နံနက် ၉:၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၈)မှ သူငယ်ချင်းမိသားစုများ**

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော် ဆိုင်ကယ် စီးနင်းသူ များသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုး တပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေ အရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်**
**ယာဉ်စည်းကမ်း**
**ထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

---

## ဦးအေးရွှေ (ညောင်တုန်း)
**အသက် (၈၄)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ (၄)လမ်းအနောက်၊ အမှတ် (၁၀၅၂)နေ ဦးဖိုးဘ-ဒေါ်အေးညွန့်တို့၏သား၊ (ဒေါ်တင်မေ)၏ခင်ပွန်း၊ ဦးထွန်းကျော်-ဒေါ်ရီဝင်း၊ ဦးမောင်မောင်မြင့်တို့၏ဖခင်၊ ကိုအောင်သန့်ဇော်-မပပလှိုင်၊ မသဲမွန်မွန်အေး၊ မထားမြတ်နှင့် မောင်ရဲမျိုးသွင်တို့၏အဘိုးသည် ၂၁-၅-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၃:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၂၀ရက် ညနေ ၄နာရီတွင် ကြည်စုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ နေအိမ်မှ ကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၂၇-၅-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## " ဝမ်းနည်းကြေကွဲခြင်း "

မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ ဂုဏ်ထူးဆောင်အသင်းသား အသင်းဝင်အမှတ်(၁၁၃၀) ဦးစိုင်းဘုန်းထူးHon;MPS (ဓာတ်ပုံ-စိုင်းဘုန်းထူး) အသက်(၆၅)နှစ်သည် (၁၉-၅-၂၀၂၀)အင်္ဂါနေ့ ညနေ(၃:၀၀)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ အသင်းသူ/ အသင်းသားများမှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့နှင့် အသင်းသား/အသင်းသူများ**
**မြန်မာနိုင်ငံဓာတ်ပုံအသင်း**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃)၊ ချမ်းမြသာစည်လမ်း မြေကွက်အမှတ် ၆၄၄၊ အကျယ်အဝန်းပေ(၄၀x၆၀)ရှိ မြေကွက်ကို ဓာတ်ပုံစလစ်မူလပိုင်ရှင် အမည်ပေါက် ဦးညိုစန်း ၁၂/တမန(နိုင်)၀၁၃၆၁၁ထံမှတစ်ဆင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး ယခုလက်ရှိ လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးကျော်ဝေထိုက် ၁၂/ဒဂတ(နိုင်)၀၂၉၃၂၀ထံမှ ဦးဗိုလ်ဆန်းနိုင် ၁၂/ဥကတ(နိုင်)၀၅၇၃၈၄က အပြီးအပိုင်ဝယ်ယူ၍ ငွေပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်မည့်သူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဗိုလ်ဆန်းနိုင် ၁၂/ဥကတ(နိုင်)၀၅၇၃၈၄**
**ဖုန်း-၀၉-၄၅၀၀၃၆၂၁၃၊ ၀၉-၄၀၃၀၁၁၁၇၀**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဒေလီယာလမ်းသွယ်၊ အမှတ် (၁၂/၃၉၂) နေ ကျွန်မ ဒေါ်ကြည်ကြည်ဆင့် ၈/ ခမန(နိုင်)၀၅၁၁၁၈ ကိုင်ဆောင်သူမှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၂)၊ မြေကွက်အမှတ် (၁၀၃၇)နှင့် (၁၀၃၈)တို့အား အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်ထွေးထံမှ အပြီးအပိုင် ဝယ်ယူမည်ဖြစ်သည့်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့်စပ်လျဉ်း၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူများအားလုံးတို့သည် ဤကြော်ငြာ ပါသည့်ရက်မှ စ၍ ခုနစ်ရက်အတွင်း ကျွန်မ ဒေါ်ကြည်ကြည်ဆင့်ထံသို့ ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက တရားဝင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး မြေကွက်အား အပြီးအပိုင် ဝယ်ယူမည်ဖြစ်သည့်အတွက် အများသိစေရန် ကြေညာအပ်ပါသည်။

**လျှောက်ထားသူ**
**ဒေါ်ကြည်ကြည်ဆင့်**
**၈/ခမန(နိုင်)၀၅၁၁၁၈**
**အမှတ်(၁၂/၃၉၂)၊ ဒေလီယာလမ်းသွယ်၊ အမှတ်(၁၂))ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ဖုန်း-၀၉-၄၄၈၀၀၃၀၁၁**

---

## ဝမ်းနည်းကြေကွဲခြင်း
**ရွှေမန်းတရားရိပ်သာနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့(နာယကကြီး)**
## ဦးစိုင်းဘုန်းထူး(ဓာတ်ပုံ-စိုင်းဘုန်းထူး)
**အသက် (၆၅)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၈)လမ်း (အလယ်ဘလောက်)၊ အမှတ်(၁၀၀)နေ ဒေါ်ဖြူဖြူညွှန့်၏ချစ်လှစွာသော ခင်ပွန်း ဦးစိုင်းဘုန်းထူး (ဓာတ်ပုံ-စိုင်းဘုန်းထူး)သည် ၁၉-၅-၂၀၂၀ရက် (အင်္ဂါနေ့) ညနေ ၃:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေမန်းဆရာတော်နှင့်**
**ရွှေမန်းတရားရိပ်သာအကျိုးတော်ဆောင်အဖွဲ့**

---

## ဗိုလ်ကြီး ဝင်းခင်(ငြိမ်း) အသက် (၈၂)နှစ်
**OTS (32)-ကြည်း -၁၀၆၃၉၊ တောင်တွင်းကြီးမြို့**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ဖဆပလ-ရပ်ကွက်၊ တိုက်အသစ် (၁)၊ အခန်း (၆)၊ သာသနဟိတကာရီဓမ္မာရုံလမ်း နေ ဒေါ်ခင်ချိုသိန်း၏ခင်ပွန်း၊ ဦးသက်နိုင်-ဒေါ်သီတာဝင်းခင်(ဓနဗလရွှေဆိုင်)၊ ဦးအောင်မျိုးခိုင်(ဒု-စက်ရုံမှူး-ငြိမ်း)-ဒေါ်မာလာဝင်းခင်(ကထိက၊ ကွန်ပျူတာတက္ကသိုလ်-မအူပင်)၊ CE ဦးထွန်းမြ (GEWIN)-ဒေါ်ဥမ္မာဝင်းခင်၊ ဗိုလ်ကြီးဟိန်းထက်ဝင်းခင်(ဘူးသီးတောင်စစ်ဆေးရုံ)-ဒေါ်အေးငြိမ်းမွန်တို့၏ဖခင်၊ မြေး ခုနစ်ယောက်တို့၏အဘိုးသည် ၁၉-၅-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၁၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၂၀ရက် (တနင်္လာနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးဝင်းခင်(ငြိမ်း) ကြည်း-၁၀၆၃၉ ဗသက(၃၂)
**အသက် (၈၂)နှစ်**

သူငယ်ချင်း ဗိုလ်ကြီးဝင်းခင် (ငြိမ်း)သည် ၁၉-၅-၂၀၂၀ ရက်တွင် တဆရ-၂ (ခုတင်-၅၀၀)ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့်ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်သင်တန်း(၃၂)ဆင်း သူငယ်ချင်း-**
**မိသားစုများ**

---

## ဒေါ်ဒါနာလက်ချမီး
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ဓမ္မဒါနလမ်း၊ B-(3)၊ အခန်းအမှတ်(၁/၁)နေ [ ဦးသန်းဖေ(ခ)ဦးဂျီအက်(စ်)] ၏ ချစ်လှ စွာသော ဇနီး၊ ဦးနန္ဒကုမာရ၏ အစ်မ၊ (ဒေါ်ဥမ္မာသန်း)၊ Capt. ကျော်သန်း(Uniteam Marine Services )-ဒေါ်ဖပယ်မြင့်၊ ဒေါ်သီတာသန်း-ဦးမောင်ရှမ်း၊ (ဦးကျော်မင်းသန်း)တို့၏ ချစ်လှစွာသောမိခင်၊ မြေး ငါးယောက်တို့၏ အဘွားသည် ၂၁-၅-၂၀၂၀ ရက်(ကြာသပတေးနေ့)နံနက် ၂:၄၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေး ဟိန္ဒူသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## အထူးကျေးဇူးတင်ရှိခြင်း

မိခင်ကြီး ဒေါ်ဒါနာလက်ချမီး မကျန်းမာစဉ် အစမှအဆုံး ကူညီပေးခဲ့ကြပါသော Dr.Thawda Myint (iCARE Clinic), Dr.RICHARD QUEK(Mount Elizabeth Novena Specialist Centre), Prof. U Soe Aung, Dr. Aung Ye Kyaw နှင့် Victoria Hospital မှ MCOC Team , ညီအရင်းသဖွယ် ချစ်ခင်အားကိုးရပါသော ကိုကျော်ကျော် Admin Manager(Uniteam Marine Services). Dr. Ohnpan Pwint, ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

---

**သင့်သေးဖြင့် အသက်ကယ်ပါ**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်လှိုင် အသက်(၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နေ (ဦးတင်ညွှန့်-ဒေါ်ကြင်ကြင်)တို့၏သမီး၊ (ဦးပိုးမှျင်-ဒေါ်ကျေးဥ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ စံပယ် ၂လမ်း၊ အမှတ် ၅နေ (ဦးမြ)၏ဇနီး၊ (ဦးကျော်မင်းသူ)-ဒေါ်မူမူမြင့်၊ ဦးကျော်ဝေလွင်-ဒေါ်နန်းဝါဝါလင်း၊ ဦးကျော်နိုင်ဦး - ဒေါ်တင်နွယ်အိ၊ ဦးကျော်သန်းအောင်-ဒေါ်တင်နွယ်အေး၊ ဒေါ်ခင်နွယ်ထွေး(မြန်မာတိုင်းမ်)တို့၏ချစ်လှစွာသော မိခင်၊ မြေး ငါးယောက်၊ မြစ် တစ်ယောက်တို့၏ချစ်လှစွာသောအဘွားသည် ၂၁-၅-၂၀၂၀ရက် (ကြာသပတေးနေ့)နံနက်၉:၅၃နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၂၀ ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်ဦး(ဘိုကလေး)
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ငုဝါလမ်း၊ အမှတ် ၂၂၂နေ (ဦးတင်ဦး)-ဒေါ်ခင်တို့၏သား၊ (ဦးစိန်ရွှေ)-ဒေါ်သိန်းကြည်တို့၏သားသမက်၊ ဒေါ်ဘေဘီကြူ၏ခင်ပွန်း၊ ကိုစိုးမင်းထွန်း(SMT Photography)-မသိမ့်သိမ့်ဦး (Myanmar Padauk Company)၊ ဒေါက်တာ ပိုင်စိုးသူ(မြောက်ဦးဆေးရုံ)-ဒေါက်တာရွှေဖြူအောင်(ဆေး-၁)တို့၏ဖခင်၊မောင်မြတ်သုတ၏ အဘိုးသည် ၂၀-၅-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၂၀ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်(ရန်ကုန်)၏ ၁၉၆၇ မှ ၁၉၇၃ ခုနှစ်ထိ ဓာတုဗေဒနှင့် ကုန်ထုတ်ဓာတုဗေဒဘွဲ့ရ ကျောင်းသားကျောင်းသူများ၏ နှစ်စဉ် အာစရိယပူဇော်ပွဲမှတ်တမ်းများကို မေတ္တာဖြင့် ရိုက်ကူးမှတ်တမ်းတင်ပေးပါသော **အမှုဆောင် ဒေါ်ဖြူဖြူညွန့်** ၏ ချစ်လှစွာသောခင်ပွန်း **ဦးစိုင်းဘုန်းထူး(ဓာတ်ပုံစိုင်းဘုန်းထူး)**သည် ၁၉-၅-၂၀၂၀ရက် ညနေ ၃:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့**

---

## ဒေါ်ခင်ခင်ကြီး အသက် (၆၄)နှစ်
**M.Sc, IC**
**လက်ထောက်သုတေသနမှူး(ငြိမ်း)၊**
**မြန်မာ့သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ပြည်သာယာ (၄)လမ်း၊ အမှတ်(၁၁၂၁)နေ (ဦးခင်မောင်ကြီး-ဒေါ်ခင်ကြည်ကြည်)တို့၏သမီး၊ ဦးမျိုးခိုင်-ဒေါ်အေးအေးမော်(ဦးစီးအရာရှိ၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ နေပြည်တော်)တို့၏ညီမ၊ ဒေါ်ခင်ခင်လေး(လက်ထောက်မန်နေဂျာ၊ ငြိမ်း)၏အစ်မ၊ မနှင်းအိဝေ(အလက-၇)၏ အဒေါ်သည် ၂၀-၅-၂၀၂၀ရက် (ဗုဒ္ဓ ဟူးနေ့) နံနက် ၁:၄၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဝင်းဝင်းမော်
**ဒု-ဦးစီးမှူး၊ ကညန(ငြိမ်း)**
**အသက်(၅၇)နှစ်**

မန္တလေးမြို့၊ ၃၅ x ၆၉လမ်းထောင့်နေ(ဦးမောင်မောင်)ကညန၏ ဇနီး ဒေါ်ဝင်းဝင်းမော်(ဒု-ဦးစီးမှူး၊ကညန၊ငြိမ်း)သည် ၁၈-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အငြိမ်းစားဝန်ထမ်းများ လူမှုရေးစောင့်ရှောက်မှုအဖွဲ့**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

---

**ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့**
**သဘာဝတောတွေ ထိန်းသိမ်းစို့**

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုလေးမျက်နှာပါရှိ

နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် နိုင်ငံတော်၏ ပုံရိပ်ကို မြှင့်တင်ပေးရန် ဦးစားပေးဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန အချပ်ပိုလေးမျက်နှာ ပါရှိပါသည်။

## အင်အားပြင်း ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်ဝင်ရောက်မှုကြောင့် ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံ၌ ၈၈ ဦး သေဆုံး

စာမျက်နှာ - ၁၂

---

## ဖွဲ့မလျှော့ခဲ့သော မိခင်နှင့် ၃၂ နှစ်ကြာ ရှာဖွေခဲ့ရသည့် သား

စာမျက်နှာ - ၁၄


---

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၁-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

စာမျက်နှာ - ၁၅

## ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန် တဖြည်းဖြည်းအားပျော့ပျက်ပြယ်




နေပြည်တော် မေ ၂၁

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘိုဂူရမြို့အနီးမှ ဖြတ်ကျော်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်သည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားခဲ့ပါသည်။

အဆိုပါ မုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး ယနေ့ညနေပိုင်းတွင် တဖြည်းဖြည်း အားပျော့ပျက်ပြယ်သွားမည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ



## စင်ကာပူနှင့် ဗီယက်နမ်တို့တွင် အခက်အခဲကြုံနေသည့် မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် မေ ၂၁

နိုင်ငံတကာခရီးသည်တင်လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၄၅ ဦးအား ပဉ္စမအသုတ်အဖြစ် မြန်မာအမျိုးသားလေကြောင်းလိုင်း (Myanmar National Airlines-MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့ညနေ ၄ နာရီ ၁၅ မိနစ်တွင် အဆင်ပြေချောမွေ့စွာပြန်လည်ရောက်ရှိကြသည်။ *စာမျက်နှာ ၉ ကော်လံ ၅* ❖



## နံ့သာကျွန်းနှင့် မေယုမြစ်ဝကို ကမ္ဘာ့အဆင့်အရေးပါသော "ရမ်ဆာ" ရေဝပ်ဒေသ ထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ခြင်းခံရ

နေပြည်တော် မေ ၂၁

နံ့သာကျွန်းနှင့် မေယုမြစ်ဝအား ကမ္ဘာ့အဆင့် အရေးပါသည့် ရမ်ဆာရေဝပ်ဒေသထိန်းသိမ်းရေးနယ်မြေ (Ramsar Site) အဖြစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီမှုအရ သစ်တောဦးစီးဌာနနှင့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း (BANCA) တို့ ပူးပေါင်းအဆိုပြုခဲ့ရာ ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲနေ့ (International Day for Biological Diversity) ဖြစ်သည့် မေ ၂၂ ရက်တွင် ရမ်ဆာရေဝပ်ဒေသထိန်းသိမ်းရေးနယ်မြေအဖြစ် ရမ်ဆာကွန်ဗင်းရှင်း အတွင်းရေးမှူးရုံးမှ သတ်မှတ်လိုက်ကြောင်း သိရသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ❑

## ဘိုင်ယန်မြူးနစ်နှင့် စာချုပ်သက်တမ်းတိုး ချုပ်ဆိုလိုက်သည့် ဂိုးသမား နျူအာ

ဂျာမနီဂိုးသမား မန်နျူရယ်နျူအာသည် ဘိုင်ယန်မြူးနစ်အသင်းနှင့် ၂၀၂၃ ခုနှစ် ဇွန်လအထိ ရှိမည်ဖြစ်သော သက်တမ်းတိုး စာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ၎င်းသည် ၂၀၁၁ ခုနှစ်တွင် ရှော်ကေးအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် ဘွန်ဒက်စ်လီဂါဖလား ခုနစ်ကြိမ်၊ DFB ဖလား ငါးကြိမ်နှင့် ၂၀၁၃ ခုနှစ်တွင် ချန်ပီယံလိဂ်ဖလားတို့ကို ရရှိအောင် စွမ်းဆောင်ပေးထားနိုင်ကြောင်း သိရသည်။ အသက် ၃၄ နှစ်အရွယ်ရှိပြီဖြစ်သော ဘိုင်ယန်မြူးနစ်အသင်းခေါင်းဆောင် နျူအာက *စာမျက်နှာ ၁၁ ကော်လံ ၁* ●



ဘိုင်ယန်မြူးနစ်အသင်းနှင့် နှစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိုက်သည့် နျူအာ

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

မြန်မာ့အလင်း
သောကြာ၊ မေ ၂၂၊ ၂၀၂၀

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် နိုင်ငံတော်၏ပုံရိပ်ကို မြှင့်တင်ပေးရန် ဦးစားပေးဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန

### ခင်ရတနာ၊ ဓာတ်ပုံ – ဇူလိုင်မိုး



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်
အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန

**ပြည်သူတို့ ယုံကြည်စွာရွေးကောက်တင်မြှောက်မှုဖြင့် တာဝန်ကျေပွန်လျက်ရှိသည့် ပြည်သူ့အစိုးရသည် စတုတ္ထ(၁)နှစ်တာကို ဖြတ်ကျော်ခဲ့ပြီးဖြစ်ပါသည်။**

**မြန်မာနိုင်ငံသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဆီ ဦးတည်လျှောက်လှမ်းကြချိန် အသွင်ကူးပြောင်းစမို့ အခက်အခဲများ၊ စိန်ခေါ်မှုများကို ညီညွတ်ခြင်းတရား၊ စုပေါင်းအင်အားဖြင့် ဖြတ်ကျော်နေကြချိန်လည်း ဖြစ်ပါသည်။ နိုင်ငံတော်အကျိုးအတွက် နိုင်ငံ၏ရှေ့တန်းမျက်နှာစာမှ နိုင်ငံတကာသို့ ထိုးဖောက်ကာ မြန်မာနိုင်ငံပုံရိပ်မြင့်မားရေးအတွက် ဦးတည်ကြိုးပမ်းနေသည့် ဝန်ကြီးဌာနသည် နိုင်ငံခြားရေးဝန်ကြီးဌာနပင်ဖြစ်ပါသည်။**

ထို့အတူ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနသည်လည်း နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်အတူ လက်တွဲကာ ရှေ့တန်းမျက်နှာစာမှ သံတမန်နည်းအရ ရင်ဆိုင်ဖြေရှင်းနေရသည့် ဝန်ကြီးဌာနတစ်ခုဖြစ်ရာ စတုတ္ထ(၁) နှစ်တာ၏ ပုံရိပ်များကို ပြည်သူများသိရှိနားလည်ခံစားနိုင်စေရန်အတွက် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်အား တွေ့ဆုံမေးမြန်းထားသည်ကို ပြန်လည်တင်ပြလိုက်ရပါသည် –

**မေး။ ။ နိုင်ငံခြားရေး ဝန်ကြီးဌာနနဲ့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့ အနေနဲ့ နိုင်ငံတော်နဲ့ ပြည်သူများရဲ့ အကျိုးစီးပွားအတွက် ဘယ်လိုမူဝါဒတွေနဲ့ ချမှတ်ဆောင်ရွက်နေလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ နိုင်ငံခြားရေး မူဝါဒဆိုတာ ပြည်တွင်းပြည်ပရဲ့ အခြေအနေတွေပေါ်မှာ မူတည်ပြီးတော့ မိမိနိုင်ငံနဲ့ ပြည်သူများရဲ့ အကျိုးစီးပွားကို ကာကွယ်မြှင့်တင်ဖို့ မျှော်မှန်းချက်ထားပြီး ချမှတ်ဖော်ဆောင်ရတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြည်တွင်းမှာ ချမှတ်ထားတဲ့ မူဝါဒနဲ့ ရည်မှန်းချက်တွေ ပေါက်မြောက်အောင်မြင်အောင် နိုင်ငံတကာနဲ့ဆက်ဆံခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပံ့ပိုးပေးရတဲ့တာဝန်ဖြစ်ပါတယ်။ မိမိတို့ဌာနအနေနဲ့ "အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားရေး ဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ နိုင်ငံတော်အစိုးရဲ့ မျှော်မှန်းချက်တွေကို ပြည့်မြောက်အောင် နိုင်ငံတကာဆက်ဆံရေးဘက်က ပံ့ပိုးဆောင်ရွက် ပေးလျက်ရှိပါတယ်။

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေနဲ့လည်း နိုင်ငံတကာဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးကိစ္စတွေ၊ အထူးသဖြင့် ဒေသဆိုင်ရာနဲ့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေမှာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ပါဝင်တက်ရောက်ကာ ပံ့ပိုးဆောင်ရွက်ပေးနေပါတယ်။

မိမိတို့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း "လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော မြန်မာနိုင်ငံရဲ့နိုင်ငံခြားရေးမူဝါဒ" ကို ဆက်လက်ကျင့်သုံးလျက်ရှိပါတယ်။ သို့သော် မိမိတို့အစိုးရလက်ထက်မှာ ပြည်တွင်းမူဝါဒနဲ့ ရည်မှန်းချက်တွေ ပြောင်းလဲလာတဲ့အတွက် နိုင်ငံခြားရေးမူဝါဒကျင့်သုံးရာမှာ ချဉ်းကပ်ပုံ ပြောင်းလဲခဲ့ပါတယ်။ သံတမန်တွေအနေနဲ့ မိမိနိုင်ငံရဲ့ အကျိုးစီးပွားအတွက်သာမက ဒေသ၏ အကျိုးစီးပွားကိုလည်း ပံ့ပိုးပေးရေး၊ မိမိတို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးသာမက ကမ္ဘာ့နိုင်ငံတွေရဲ့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ကူညီပံ့ပိုးပေးရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကိစ္စကို အလေးထားရေးနဲ့ မိမိတို့နိုင်ငံရဲ့ စိန်ခေါ်မှုတွေကို ဖြေရှင်းရာမှာ ပြည်တွင်းအမြင်ကို အလေးပေးရုံသာမက ပြည်ပရဲ့ အမြင်ကိုပါ ထည့်သွင်းစဉ်းစားရေးဆိုတဲ့ ပုံစံမျိုးကို ချဉ်းကပ်ဆောင်ရွက်လျက်ရှိပါတယ်။

လွတ်လပ်ရေးရပြီးစကာလမှာ မြန်မာနိုင်ငံဟာ ကမ္ဘာ့အင်အားကြီး နိုင်ငံအားလုံးနဲ့ ကောင်းမွန်တဲ့ဆက်ဆံရေး တည်ဆောက်နိုင်ခဲ့သလို မိမိတို့ အစိုးရလက်ထက်မှာလည်း ကမ္ဘာ့နိုင်ငံအားလုံးနဲ့ ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရာမှာ ဟန်ချက်ညီညီဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ချစ်ကြည်ရင်းနှီးတဲ့ အိမ်နီးချင်းနိုင်ငံများနဲ့ ဆက်ဆံရေးကို ပိုမိုကျစ်လျစ်ခိုင်မာစေသလို ရပ်နီးရပ်ဝေးမှ ကမ္ဘာ့နိုင်ငံများနဲ့ ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပါတယ်။

နယ်နိမိတ်ချင်း ထိစပ်နေတဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ဆက်ဆံရေးဟာ အဝေးက နိုင်ငံတွေနဲ့ဆက်ဆံရေးထက် ပိုမိုသိမ်မွေ့ပါတယ်။ ကမ္ဘာတည်သရွေ့ အတူယှဉ်တွဲနေထိုင်ကြရမှာ ဖြစ်တဲ့အတွက် အိမ်နီးချင်းနိုင်ငံတွေအားလုံးနဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက်နဲ့အညီ အိမ်နီးချင်းကောင်းဆက်ဆံရေး ခိုင်မာအောင် အလေးထားကြိုးပမ်း ဆောင်ရွက်ခဲ့ပါတယ်။ (၄)နှစ်အတွင်းမှာ ရလဒ်အားဖြင့်လည်း အိမ်နီးချင်းနိုင်ငံတွေ၊ အာဆီယံနိုင်ငံတွေ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယား ကဲ့သို့သော ဒေသတွင်းနိုင်ငံကြီးတွေနဲ့ ဆက်ဆံရေး သိသိသာသာတိုးတက်လာခဲ့ပါတယ်။

ထို့အပြင် မြန်မာနိုင်ငံဟာ အာဆီယံ၊ ဘင်းမ်စတက် စတဲ့ဒေသတွင်းအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိုလည်း အလေးထားဆောင်ရွက်နေပါတယ်။ ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်ရေးဟာ အချို့ကိစ္စများမှာ စိန်ခေါ်မှုတွေ ရှိနေသော်လည်း မြန်မာ့နိုင်ငံခြားရေးမူဝါဒရဲ့ အဓိကမဏ္ဍိုင်တစ်ခုအဖြစ် တည်ရှိနေဆဲဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့နိုင်ငံရဲ့ ပကတိအခြေအနေနဲ့ ဦးစားပေးလိုအပ်ချက်များနဲ့အညီ၊ ၂၀၃၀ အာဂျင်ဒါနဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်းချက်တွေ အောင်မြင်မှုရရှိရေးအတွက် ကုလသမဂ္ဂ၊ နိုင်ငံတကာ အဖွဲ့အစည်းများ နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

*အချပ်ပို (ခ) သို့*




ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ၁၇–၁–၂၀၂၀ ရက်နေ့က ဗီယက်နမ်နိုင်ငံ၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်တို့ နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပစဉ်။

*အချပ်ပို (က) မှ*

နှစ်နိုင်ငံချစ်ကြည်ရေး ရေရှည်ခိုင်မြဲဖို့ ဆိုရင် ပြည်သူချင်းဆက်ဆံရေး ကောင်းမွန်ဖို့ အရေးကြီးပါတယ်။ ဒါ့ကြောင့် ပြည်သူဗဟိုပြု သံတမန်ရေးချဉ်းကပ်မှုနဲ့အညီ နှစ်နိုင်ငံ ဆက်ဆံရေးမြှင့်တင်ရာမှာ အစိုးရအချင်းချင်း ဆက်ဆံရေးအပြင် ပြည်သူများ အချင်းချင်း ဆက်ဆံရေး၊ အပြန်အလှန် ယုံကြည်မှုရရှိရေး တို့ကိုပါ ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူဗဟိုပြု မူဝါဒနဲ့အညီ ပြည်ပရောက် မြန်မာနိုင်ငံသားတွေသာမက မြန်မာနိုင်ငံ သားဟောင်းတွေရဲ့ အကျိုးစီးပွား ကာကွယ် မြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်နေတဲ့ အပြင် ပြည်ပရောက် နိုင်ငံသားတွေရဲ့ အင်အားကိုရယူပြီး နိုင်ငံတော်ရဲ့ အကျိုးပြု လုပ်ငန်းတွေမှာ ပါဝင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လာခဲ့ပါတယ်။

**မေး။ ။ ဝန်ကြီးဌာနအနေနဲ့ ပြည်သူ့အစိုးရ စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့တဲ့ ဦးစားပေးလုပ်ငန်းများကို သိပါရစေ။**

ဖြေ။ ။ နိုင်ငံတကာဆက်ဆံရေး မြှင့်တင်ရာမှာ အဓိကအတားအဆီးကတော့ ရခိုင်ပြည်နယ်မှ အလုံးအရင်းနဲ့ နေရပ်စွန့်ခွာမှုဖြစ်ပွားခဲ့တဲ့ကိစ္စနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံအပေါ် အထင်အမြင်လွဲမှားကာ နိုင်ငံ့ပုံရိပ် ထိခိုက်နေတဲ့ကိစ္စပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် စတုတ္ထနှစ်မှာ သံတမန်တွေအတွက် အဓိက ဦးစားပေးလုပ်ငန်းက နိုင်ငံတော်ရဲ့ ပုံရိပ် ပြန်လည်မြှင့်တင်ရေးဟာ ပထမ ဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်ရဲ့ ရည်မှန်းချက်တွေဖြစ်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေး၊ ပြည်သူများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်တွေအတွက် နိုင်ငံတကာနဲ့ ဒေသတွင်းအဖွဲ့အစည်းများထံမှ အကူအညီတွေရရှိရေးနဲ့ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို ကြိုးပမ်းဖြေရှင်းတဲ့နေရာမှာ နိုင်ငံတကာ အသိုက်အဝန်းရဲ့ နားလည်မှုနဲ့ အပြုသဘောဆောင်တဲ့ ကူညီပံ့ပိုးမှုတွေ ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီရေးလုပ်ငန်းစဉ်တွေမှာ နိုင်ငံတကာ အသိုက်အဝန်းရဲ့ အားပေးထောက်ခံမှုတွေ၊ ကူညီပံ့ပိုးမှုတွေ ဆက်လက်ရရှိအောင် ထိန်းသိမ်းထားနိုင်ခဲ့ပါတယ်။ ပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက်လည်း မိမိတို့ဝန်ကြီးဌာန အနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုရရှိရေး၊ ကုန်သွယ်မှု မြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးနဲ့ နိုင်ငံတကာက ငွေကြေးနှင့် နည်းပညာ အကူအညီများ ရရှိရေးအတွက် ဦးစားပေး ဆောင်ရွက်ကြဖို့ လမ်းညွှန်မှာကြားထားခဲ့ပါတယ်။

ဒီရည်မှန်းချက်တွေဟာ နိုင်ငံတော်ရဲ့ပုံရိပ် မြင့်တက်လာတာနဲ့အမျှ အလိုအလျောက် ရရှိလာမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ရခိုင်ပြည်နယ်ကိစ္စနဲ့ ပတ်သက်တဲ့ စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်အောင် ဖြေရှင်းရန်ကိစ္စကို နိုင်ငံတော်၏ ပုံရိပ်မြှင့်တင်ရေးအတွက် ထိပ်တန်းဦးစားပေးလုပ်ငန်းအဖြစ် ထားရှိနေရခြင်း ဖြစ်ပါတယ်။

**မေး။ ။ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများကို မြှင့်တင်ဖို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်တွေ စီစဉ်ဆောင်ရွက်ပေးခဲ့တဲ့ကိစ္စတွေ သိပါရစေ။**

ဖြေ။ ။ မိမိတို့ နိုင်ငံခြားရေးမူဝါဒကို ဖော်ဆောင်ရာမှာ နှစ်နိုင်ငံချင်းဆက်ဆံရေး၊ ဒေသတွင်း ဆက်ဆံရေးနဲ့ နိုင်ငံတကာဆက်ဆံရေး နည်းလမ်းတွေနဲ့ ဖော်ဆောင်လျက်ရှိပါတယ်။ မိမိတို့ ဌာနရဲ့ တာဝန်ဟာ နိုင်ငံတော်အကြီးအကဲတွေရဲ့ ချစ်ကြည်ရေးခရီးစဉ်တွေ အောင်မြင်ရေးအတွက် စီစဉ်ဆောင်ရွက်ရတာတွေ၊ ဆွေးနွေးမယ့်အချက်တွေ ပြုစုရတာတွေ၊ ပူးတွဲကြေညာချက်တွေ ညှိနှိုင်းပြင်ဆင်ပေးတာတွေ ဆောင်ရွက်ပေးခဲ့ရပါတယ်။ အစိုးရရဲ့ စတုတ္ထ (၁)နှစ်အတွင်း နိုင်ငံတော်သမ္မတကြီးဟာ ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ကုလသမဂ္ဂဗုဒ္ဓနေ့ အခမ်းအနားကို တက်ရောက်ခဲ့ပါတယ်။ ဒါ့အပြင် သမ္မတကြီးအနေနဲ့ ဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာမိုဒီရဲ့ ကျမ်းသစ္စာကျိန်ဆိုပွဲကို တက်ရောက်ဖို့ အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့တဲ့ အပြင် အိန္ဒိယနိုင်ငံသမ္မတရဲ့ ဖိတ်ကြားချက်အရ တရားဝင် ချစ်ကြည်ရေးခရီးအဖြစ်လည်း ဒုတိယအကြိမ် သွားရောက်ခဲ့ပါတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည်လည်း အလုပ်သဘောခရီးစဉ်များအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံနဲ့ ကိုရီးယားသမ္မတနိုင်ငံတို့ကို သွားရောက်ခဲ့ပါတယ်။ တရုတ်နိုင်ငံမှာ ရပ်ဝန်းနှင့် ပိုးလမ်းမဖိုရမ်၊ ထိုင်းနိုင်ငံမှာ (၃၄) ကြိမ်မြောက်နဲ့ (၃၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများ တက်ရောက်ခဲ့ပါတယ်။ ဂျပန်နိုင်ငံခရီးစဉ်အတွင်း ဂျပန်ဧကရာဇ် နာရူဟီတိုရဲ့ ထီးနန်းတက်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ကိုရီးယားခရီးစဉ်မှာ အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေးနဲ့ ကိုရီးယား-မဲခေါင် ထိပ်သီးအစည်းအဝေးတွေကို တက်ရောက်ခဲ့ပါတယ်။ ခရီးစဉ်အသီးသီးမှာ သက်ဆိုင်ရာ နိုင်ငံခေါင်းဆောင်တွေနဲ့ တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စတွေကို ဆွေးနွေးခဲ့ပါတယ်။

ဒါ့အပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ ဥရောပအလယ်ပိုင်း ဒီမိုကရေစီအသွင်ကူးပြောင်းရေး အတွေ့အကြုံကောင်းတွေရှိတဲ့ နိုင်ငံတွေဖြစ်တဲ့ ချက်သမ္မတနိုင်ငံနဲ့ ဟန်ဂေရီနိုင်ငံတို့သို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခဲ့ပြီး သက်ဆိုင်ရာ နိုင်ငံအကြီးအကဲများနဲ့ တွေ့ဆုံ၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စများ ဆွေးနွေးခြင်း၊ တက္ကသိုလ်များ၌ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှု အတွေ့အကြုံများ ဟောပြောပို့ချခြင်း၊ မြန်မာနိုင်ငံ၌ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်နိုင်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးဖိုရမ်များ ကျင်းပခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ COVID-19 ရောဂါကြောင့် ဒီနှစ်မှာ ခရီးစဉ်အချို့ကို ရွှေ့ဆိုင်းဖျက်သိမ်းတာတွေ လုပ်ခဲ့ရပါတယ်။

ဒုတိယသမ္မတ ဦးမြင့်ဆွေရဲ့ တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် တရုတ်နိုင်ငံခရီးစဉ်ကို အောင်မြင်စွာ စီစဉ်ပေးနိုင်ခဲ့ပါတယ်။ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအနေနဲ့ အင်ဒိုနီးရှား အစိုးရသစ် ကျမ်းသစ္စာ ကျိန်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်နိုင်ရေးနဲ့ ကမ္ဘောဒီးယားနိုင်ငံနဲ့ ကိုရီးယားသမ္မတနိုင်ငံတို့မှာ ကျင်းပခဲ့တဲ့ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူသားတိုးတက်မှု ဆိုင်ရာ ထိပ်သီးအစည်းအဝေးတွေကို တက်ရောက်နိုင်ရေးအတွက်ကိုလည်း စီစဉ်ပေးနိုင်ခဲ့ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံသို့ လာရောက်ကြတဲ့ ပြည်ပနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အဆင့်မြင့် ပုဂ္ဂိုလ်များရဲ့ ချစ်ကြည်ရေးခရီးစဉ်များကိုလည်း သိပါရစေ။**

ဖြေ။ ။ စတုတ္ထ(၁)နှစ်တာကာလအတွင်းမှာ ကိုရီးယားသမ္မတနိုင်ငံသမ္မတနဲ့ ဇနီး၊ နီပေါနိုင်ငံ သမ္မတ၊ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်၊ တရုတ်နိုင်ငံသမ္မတတို့က မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်များ အသီးသီး လာရောက်ခဲ့ကြပါတယ်။ ဒါ့အပြင် ဆေးရဲလ်သမ္မတနိုင်ငံ ဒုတိယသမ္မတ၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ဆားဘီးယား နိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့ရဲ့ တရားဝင်ခရီးစဉ်များကိုလည်း စီစဉ်ပေးနိုင်ခဲ့ပါတယ်။

ထိုင်း၊ နော်ဝေ၊ ပိုလန်၊ အမေရိကန်၊ မလေးရှား၊ သီရိလင်္ကာ၊ နီပေါ၊ ဖိလစ်ပိုင်၊ တီမောလက်စ်တေ၊ ဗင်နီဇွဲလား၊ ဂျပန်နဲ့ တရုတ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများလည်း တရားဝင်ခရီးစဉ်များ လာရောက်ခဲ့ကြပြီး တစ်နှစ်တာအတွင်း ပြည်ပမိတ်ဖက်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများနဲ့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးအဆင့် အလုပ်သဘော ခရီးစဉ်ပေါင်း (၃၀) ခန့်ကို အောင်မြင်စွာ စီစဉ်ပေးနိုင်ခဲ့ပါတယ်။

**မေး။ ။ အပြန်အလှန်ချစ်ကြည်ရေး ခရီးစဉ်များက နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ပေးနိုင်ပြီး မိမိတို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းပညာနဲ့ ဖွံ့ဖြိုးရေးအထောက်အပံ့များကို ဆောင်ကြဉ်းပေးနိုင်တယ်လို့ သိထားပါတယ်။ အဲဒီအကျိုးရလဒ်တွေထဲက အနည်းငယ်ကို ပြောပြပေးပါဦးရှင့်။**

ဖြေ။ ။ ခရီးစဉ်တိုင်းက နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေပြီး နိုင်ငံတော်နဲ့ ပြည်သူအတွက် အကျိုးကျေးဇူးကောင်းတွေကို ဖြစ်ပေါ်စေပါတယ်။ အဲဒီထဲကမှ ရလဒ်အချို့ကို နမူနာအဖြစ် ဖော်ထုတ်ပြောကြားလိုပါတယ်။

နိုင်ငံတော်သမ္မတရဲ့ အိန္ဒိယနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာနဲ့ သဘောတူညီချက် (၁၀)ခု လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ဒီလို လက်မှတ်ရေးထိုးရာမှာ အကျိုးဖြစ်ထွန်းမှု မြန်ဆန်မယ့် စီမံချက်များကို အကောင်အထည်ဖော်ရန် အိန္ဒိယနိုင်ငံမှ အကူအညီပေးရေးနဲ့ ကျန်းမာရေးသုတေသန၊ ဆက်သွယ်ရေး၊ ရေနံထွက်ပစ္စည်းများ၊ လူကုန်ကူးမှုကာကွယ်ရေး စတဲ့ကဏ္ဍတွေ ပူးပေါင်းဆောင်ရွက်ရေးတို့ ပါဝင်ပါတယ်။ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အောက်မှ ဒေသဖွံ့ဖြိုးရေး စီမံကိန်းများကို ပံ့ပိုးဆောင်ရွက်ပေးဖို့နဲ့ မြန်မာနိုင်ငံမှ ပဲတန်ချိန် (၄) သိန်းအထိ တင်ပို့ခွင့်ရရှိရေး ကိစ္စများလည်း ပါရှိပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်သမ္မတရဲ့ ခရီးစဉ်ဟာ နှစ်နိုင်ငံချစ်ကြည်ရေးနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို ပိုမိုတိုးတက်လာစေပြီး သမိုင်းမှာ အရေးပါတဲ့ မှတ်တိုင်တစ်ရပ်ဖြစ်ပါတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ တရုတ်နိုင်ငံခရီးစဉ်အတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက် (၃)ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ အဲဒါတွေကတော့ စီးပွားရေးနဲ့ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (၂၀၁၉-၂၀၃၀) နဲ့ စီးပွားရေးနဲ့ ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်ရန်အတွက် (၅)နှစ်ဖွံ့ဖြိုးမှု အစီအစဉ်ရေးဆွဲရေးတို့ဖြစ်လို့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအရှိန်ကို မြှင့်တင်ပေးနိုင်မယ့် တွန်းအားများ ဖြစ်ပါတယ်။

ကိုရီးယားနိုင်ငံသမ္မတရဲ့ ချစ်ကြည်ရေးခရီးစဉ်အတွင်းမှာ နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးအတွက် ချေးငွေများဆိုင်ရာ မူဘောင်သဘောတူစာချုပ်နဲ့ ကုန်သွယ်ရေးနဲ့ စက်မှု၊ သိပ္ပံနဲ့ နည်းပညာ၊ စီးပွားရေးလုပ်ငန်း သစ်များနဲ့ တီထွင်ဆန်းသစ်မှု စတဲ့ကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံအတွက် လှူဒါန်းတဲ့ ကျောင်းကားအစီး (၆၀)အား လွှဲပြောင်းပေးအပ်ခဲ့တဲ့အပြင် မြန်မာ-ကိုရီးယားစက်မှုဇုန် တည်ထောင်မှု ဖွင့်လှစ်ပွဲအခမ်းအနားနဲ့ မြန်မာ-ကိုရီးယား စီးပွားရေးဖိုရမ်တို့ကို ကျင်းပနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှ အလုပ်သမားများအား တိုးမြှင့်ခေါ်ယူရေး မေတ္တာရပ်ခံခဲ့တဲ့အပေါ် ကိုရီးယားနိုင်ငံမှ သဘောတူခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှစတင်၍ မြန်မာအလုပ်သမား ဦးရေ (၇၀၀၀) ခန့်အထိ တိုးမြှင့်ခေါ်ယူသွားရန် ရှိပါတယ်။

ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်ရဲ့ မြန်မာနိုင်ငံ ချစ်ကြည်ရေးခရီးတွင်လည်း လယ်ယာစိုက်ပျိုးရေးနဲ့ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ နှစ်နိုင်ငံအကြား ဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းအစီအစဉ် (၂၀၁၉-၂၀၂၄) နဲ့ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် နှစ်နိုင်ငံပြည်သူများ ကူးလူးဆက်ဆံသွားလာမှု ပိုမိုမြှင့်တင်ရေးအတွက် နှစ်နိုင်ငံမှ သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအတွက် ဗီဇာကင်းလွတ်ခွင့်ကို (၁၄) ရက်ကနေ (၃၀) ရက်အထိ တိုးမြှင့်ဖို့ သံတမန်စာကိုလည်း လဲလှယ်နိုင်ခဲ့ပါတယ်။

မြန်မာ-တရုတ်နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးတည်ထောင်တဲ့ နှစ်(၇၀) ပြည့်မြောက်တဲ့ ယခုနှစ်မှာ တရုတ်နိုင်ငံသမ္မတရဲ့ မြန်မာနိုင်ငံသို့ လာရောက်ခဲ့တဲ့ ချစ်ကြည်ရေးခရီးဟာ (၁၉) နှစ်တာကာလအတွင်း မြန်မာနိုင်ငံသို့ ပထမဦးဆုံးအကြိမ် လာရောက်တဲ့ တရုတ်နိုင်ငံ သမ္မတအဆင့် ခရီးစဉ်ဖြစ်ပါတယ်။ နှစ်နိုင်ငံ ဆက်ဆံရေးမှာ ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုအဆင့်မှ နှစ်ဦးနှစ်ဖက်အကျိုးရှိပြီး သာတူညီမျှရှိတဲ့ ပူးပေါင်းဆောင်ရွက်မှုအပေါ် အခြေခံတဲ့ မြန်မာ - တရုတ် အေးအတူပူအမျှအသိုက်အဝန်း တည်ထောင်ရေးအဆင့်သို့ မြှင့်တင်သွားဖို့ သဘောတူညီမှုကို ရရှိခဲ့ပါတယ်။

*အချပ်ပို (ဂ) သို့*

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ



*အချုပ်ပိုဒ် (ခ) မှ*

ခရီးစဉ်အတွင်း သဘောတူညီချက်၊ နားလည်မှုစာချွန်လွှာနဲ့ စာလွှာစုစုပေါင်း (၃၃) ခုတို့ကို လက်မှတ်ရေးထိုး လဲလှယ်နိုင်ခဲ့တဲ့အတွက် နှစ်နိုင်ငံအကြား ကဏ္ဍစုံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ပိုမို ကျယ်ပြန့်စေခဲ့တဲ့ ချစ်ကြည်ရေးခရီး ဖြစ်ပါတယ်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံအား ဖွံ့ဖြိုးရေးအကူအညီ ထောက်ပံ့ငွေ တရုတ်ယွမ် ငွေ ၄ ဘီလီယံ ပေးအပ်ဖို့ ကြေညာသွားခဲ့ပါတယ်။

**မေး။ ။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကော်မရှင်၊ နိုင်ငံခြားရေးဆွေးနွေးမှုယန္တရားများ၊ ဖိုရမ်များကတစ်ဆင့် နှစ်နိုင်ငံချင်းဆက်ဆံရေး တိုးတက်အောင် ဆွေးနွေးဆောင်ရွက်နေမှုများကို သိပါရစေ။**

ဖြေ။ ။ ကမ္ဘာ့နိုင်ငံတွေနဲ့ နှစ်နိုင်ငံချင်းဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် နှစ်နိုင်ငံအကြား ညှိနှိုင်းဆွေးနွေးပွဲယန္တရားများကို ပိုမိုတိုးချဲ့တည်ထောင်နိုင်ခဲ့ပါတယ်။ ယခင်က အဆိုပါ နှစ်နိုင်ငံနိုင်ငံခြားရေး ဆွေးနွေးပွဲတွေကို များသောအားဖြင့် အိမ်နီးချင်းနိုင်ငံများနဲ့သာ ရှိခဲ့သော်လည်း မိမိတို့ အစိုးရလက်ထက်မှာ ဩစတြေးလျ၊ ဆွစ်ဇာလန်၊ နော်ဝေ၊ ပိုလန်၊ နယူးဇီလန်၊ လစ်သူယေးနီးယား စတဲ့ အနောက်နိုင်ငံတွေနဲ့ပါ တိုးချဲ့တည်ထောင်နိုင်ခဲ့ပါတယ်။ စတုတ္ထ (၁) နှစ်တာကာလအတွင်း မြန်မာ-တရုတ် နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် အကောင်အထည်ဖော်မှုဆိုင်ရာ အစည်းအဝေးအပြင် ကာလအတန်ကြာ ရပ်တန့်နေခဲ့တဲ့ ကမ္ဘောဒီးယား၊ လာအို၊ ဖိလစ်ပိုင်၊ ဗီယက်နမ် နိုင်ငံတွေနဲ့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင် အစည်းအဝေးတွေကို ပြန်လည်ကျင်းပပေးနိုင်ခဲ့ပါတယ်။

အလားတူ အိန္ဒိယ၊ နော်ဝေး၊ ဩစတြေးလျ၊ တောင်အာဖရိက၊ လစ်သူယေးနီးယားနိုင်ငံတွေနဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေကိုလည်း ကျင်းပနိုင်ခဲ့တဲ့အပြင် အာရှ-ဥရောပဆွေးနွေးပွဲ (အေဆမ်)၏ ဝန်ကြီးအဆင့် အစည်းအဝေးနဲ့ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွေကိုလည်း ပါဝင်တက်ရောက်ခဲ့ပါတယ်။ ဒီလိုဆွေးနွေးမှုယန္တရားတွေကို တိုးချဲ့တည်ထောင်နိုင်ခဲ့တာကြောင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စတွေ ဆွေးနွေးနိုင်တဲ့အပြင် မိမိတို့နိုင်ငံရဲ့ အသွင်ကူးပြောင်းဆဲကာလမှာ ကြုံတွေ့နေရတဲ့ သိမ်မွေ့နက်နဲပြီး ရှုပ်ထွေးတဲ့ စိန်ခေါ်မှုတွေနဲ့ ပတ်သက်ပြီး ရှင်းလင်းပြောကြားနိုင်ခဲ့ပါတယ်။

**မေး။ ။ နိုင်ငံတကာဆက်ဆံရေး တိုးတက်အောင် မိတ်ဖက်သစ်နိုင်ငံများနဲ့ သံတမန်ဆက်ဆံရေး တိုးချဲ့ခဲ့တာကိုလည်း ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ နိုင်ငံတကာမျက်နှာစာမှာ ကမ္ဘာ့နိုင်ငံအများအပြားနဲ့ ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ဖို့နဲ့ အပြန်အလှန်ပံ့ပိုးမှုများ ပိုမိုဆောင်ရွက်နိုင်ဖို့အတွက် မိတ်ဖက်သစ်နိုင်ငံများနဲ့ သံတမန်အဆက်အသွယ်ကို တိုးချဲ့ထူထောင်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရရဲ့ စတုတ္ထ (၁) နှစ်တာကာလအတွင်း အာဖရိကနိုင်ငံတွေနဲ့ ချစ်ကြည်ရေးတိုးမြှင့်ဖို့ ဆောင်ရွက်ခဲ့ရာမှာ ဘီနင်သမ္မတနိုင်ငံနဲ့ တိုဂိုသမ္မတနိုင်ငံတို့နဲ့ သံတမန်အဆက်အသွယ် တိုးချဲ့ထူထောင်နိုင်ခဲ့ပါတယ်။ မိမိတို့ အစိုးရရဲ့ (၄) နှစ်တာကာလအတွင်း မိတ်ဖက်သစ်နိုင်ငံ (၉) နိုင်ငံနဲ့ သံတမန်ဆက်သွယ်မှုများ တိုးချဲ့ထူထောင်နိုင်ခဲ့တဲ့အတွက် ယခုအခါ ကမ္ဘာ့နိုင်ငံ (၁၉၃) နိုင်ငံအနက် နိုင်ငံပေါင်း (၁၂၃) နိုင်ငံနဲ့ သံတမန်ဆက်သွယ်ထားရှိပြီး ဖြစ်ပါတယ်။

၂၀၁၉ ခုနှစ်အတွင်း ချက်သမ္မတနိုင်ငံ ပရာ့ဂ်မြို့နဲ့ ကျူးဘားသမ္မတနိုင်ငံ ဟာဗားနားမြို့တို့မှာ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့တာကြောင့် လက်ရှိတွင် မြန်မာသံရုံး (၃၇) ရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး (၃) ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး (၆) ရုံး စုစုပေါင်း (၄၆) ရုံး ဖွင့်လှစ်ထားရှိပြီးဖြစ်ပါတယ်။

**မေး။ ။ အာဆီယံနဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းတွေမှာ တက်တက်ကြွကြွပါဝင်ဆောင်ရွက်နေတာနဲ့ ပတ်သက်ပြီး သိပါရစေ။**

ဖြေ။ ။ မြန်မာနိုင်ငံအနေနဲ့ ဒေသတွင်းနိုင်ငံများနဲ့ ဆက်ဆံရေးမြှင့်တင်နိုင်ဖို့အတွက် အာဆီယံ၊ ဘင်းမ်စတက်နဲ့ မဟာမဲခေါင်ဒေသခွဲ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ စတဲ့ဒေသဆိုင်ရာ အဖွဲ့အစည်းများမှာလည်း အလေးထားပြီး ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ စတုတ္ထ (၁) နှစ်တာကာလအတွင်း အာဆီယံထိပ်သီးအစည်းအဝေး၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီး အစည်းအဝေး၊ အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ ဆွေးနွေးဖက်ဆက်ဆံရေးနိုင်ငံများနဲ့ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ အပါအဝင် အစည်းအဝေးများသို့ ပါဝင်တက်ရောက်ခဲ့ပါတယ်။

အာဆီယံထိပ်သီး အစည်းအဝေးများသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင် ဦးဆောင်တက်ရောက်ခဲ့ပြီး ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့ပါတယ်။ ဒါ့အပြင် အာဆီယံစီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံမှု ထိပ်သီးဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ခဲ့တဲ့အပြင် ဒေသတွင်းရှိ လုပ်ငန်းရှင်များအား မြန်မာနိုင်ငံရဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကောင်းများကို ရှင်းလင်းဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပါတယ်။ အာဆီယံ-ကနေဒါ ဆွေးနွေးဖက် ဆက်ဆံရေးညှိနှိုင်းရေးမှူးနိုင်ငံအဖြစ်လည်း တာဝန်ယူလျက်ရှိပါတယ်။ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အောင်မြင်စေရေးအတွက် ပတ်ဝန်းကျင်ကောင်းဖန်တီးရေးမှာ အာဆီယံကလည်း စီမံချက် (၇) ခုဖြင့် ကူညီပံ့ပိုးလျက်ရှိပါတယ်။

အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေးနဲ့ မဲခေါင်-ကိုရီးယား ထိပ်သီးအစည်းအဝေးများသို့တက်ရောက်ရန် သွားရောက်ခဲ့တဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ကိုရီးယားသမ္မတနိုင်ငံ ခရီးစဉ်အတွင်းမှာ မြန်မာ-ကိုရီးယား နှစ်နိုင်ငံအကြား ကဏ္ဍစုံဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှုတွေ အရှိန်မြှင့်တင်ရေးအတွက်လည်း အကျိုးဖြစ်ထွန်းစေခဲ့ပါတယ်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်မှာလည်း ပါဝင်လျက်ရှိပြီး ယခုနှစ်မှာ မြန်မာနိုင်ငံအတွက် စီမံကိန်း (၂၂) ခု အကောင်အထည်ဖော်ဖို့အတွက် ဒေါ်လာ (၆ ဒသမ ၈) သန်းခန့် လက်ခံရရှိခဲ့ပါတယ်။

**မေး။ ။ ပြည်ပရောက်မြန်မာနိုင်ငံသားများအကျိုး ကာကွယ်ရေးလုပ်ငန်းတွေနဲ့ ကောင်စစ်ရေးရာလုပ်ငန်းများနဲ့ပတ်သက်ပြီး သိပါရစေ။**

ဖြေ။ ။ မိမိတို့အစိုးရအနေနဲ့ ပြည်သူရွေးချယ်တင်မြှောက်တဲ့ အစိုးရဖြစ်လာတဲ့အလျောက် ပြည်သူတွေရဲ့အကျိုးစီးပွားကာကွယ်မြှင့်တင်ရေး၊ ဝန်ဆောင်မှုပိုမိုကောင်းမွန်စွာပေးရေးကို အလေးထားတဲ့ ပြည်သူကိုဗဟိုပြုတဲ့ သံတမန်ဆက်ဆံရေးနည်းလမ်းကို ကျင့်သုံးလျက်ရှိပါတယ်။ ပြည်ပရောက် မြန်မာနိုင်ငံသားများသာမက နိုင်ငံသားဟောင်းတွေရဲ့ အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးအတွက် အထူးအလေးထားဆောင်ရွက်ပေးကြဖို့နဲ့ အဂတိလိုက်စားမှုကင်းရှင်းစွာနဲ့ ဆောင်ရွက်ကြဖို့ မြန်မာသံရုံးတွေကို ညွှန်ကြားထားခဲ့ပါတယ်။ ကဏ္ဍပေါင်းစုံမှာ ဖြေလျှော့ဆောင်ရွက်မှုတွေ၊ ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်ခဲ့တာကြောင့်




ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဗင်နီဇွဲလားနိုင်ငံ ကာရာကတ်စ်မြို့၌ ကျင်းပသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ညှိနှိုင်းရေးဗျူရို ဝန်ကြီးအဆင့် အစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။

ပြည်ပမှာ အကြောင်းအမျိုးမျိုးနဲ့ ဒုက္ခရောက်လျက်ရှိတဲ့ မြန်မာနိုင်ငံသားများရဲ့ အခက်အခဲပြဿနာများကို လူအင်အား၊ ငွေကြေးအရင်းအမြစ်အင်အားနည်းပါးတဲ့ကြားက ပိုမိုထိရောက်စွာ ကူညီပေးနိုင်ခဲ့ပါတယ်။ အလုပ်လုပ်ကိုင်နေစဉ် အကြောင်းအမျိုးမျိုးကြောင့် သေဆုံး/ထိခိုက် ဒဏ်ရာရရှိသူ မြန်မာအလုပ်သမားများရဲ့ လျော်ကြေးငွေများ ရရှိအောင်လည်း မြန်မာသံရုံးတွေအနေနဲ့ ကူညီဖြေရှင်း ဆောင်ရွက်ပေးခဲ့ရတာတွေ ရှိပါတယ်။

နယ်စပ်ဒေသမှာ တည်ငြိမ်အေးချမ်းမှုတွေ တိုးတက်လာတဲ့အတွက် မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်ရှိ ယာယီဒုက္ခသည်စခန်းများမှ ဆန္ဒအလျောက် ပြန်လာလိုသူ မြန်မာနိုင်ငံသားတွေကို ပြန်လည်စိစစ်လက်ခံရေးနဲ့ပတ်သက်ပြီး နှစ်နိုင်ငံအကြား ပူးတွဲလုပ်ငန်းကော်မတီကို ၂၀၁၆ ခုနှစ်ကတည်းက ဖွဲ့စည်းကာ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ယနေ့အထိ နေရပ်ပြန်လိုသူ ၁၀၄၁ ဦးအား ပြန်လည်စိစစ်လက်ခံနိုင်ခဲ့ပြီး ၎င်းတို့အတွက် လိုအပ်တဲ့ အကူအညီများ ပေးအပ်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနတွေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။

မြန်မာသံရုံး/အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများအနေနဲ့ ပြည်ပရောက် မြန်မာနိုင်ငံသားများအတွက် ကောင်စစ်ရေးရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်အတွက် ဝင်ငွေကို တစ်ဖက်တစ်လမ်းက ရှာဖွေပေးလျက်ရှိပါတယ်။ ပြည်ဝင်ဗီဇာ၊ ဝင်ငွေခွန်၊ နိုင်ငံကူးလက်မှတ်ဆောင်ရွက်ခနဲ့ အခြားဆောင်ရွက်ပေးမှုတို့မှ မိမိတို့အစိုးရ စတုတ္ထ (၁) နှစ်အတွင်း ကျပ်သန်းပေါင်း ၃၄၃၂၉ (အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၂၆ သန်း) ခန့် ရရှိခဲ့ပါတယ်။

ဒါ့အပြင် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် ဗီဇာစည်းမျဉ်း ဖြေလျှော့မှုတွေကို သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဂျပန်၊ ကိုရီးယား၊ မကာအို၊ ဟောင်ကောင်တို့က ကမ္ဘာလှည့်ခရီးသည်တွေကို ဗီဇာကင်းလွတ်ခွင့်ပြုခဲ့ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့အပြင် ၊ အီတလီ၊ စပိန်၊ ဩစတြေးလျ၊ ဆွစ်ဇာလန်၊ ဂျာမနီ၊ ရုရှား၊ ဟန်ဂေရီ၊ ချက်သမ္မတနိုင်ငံ၊ ဩစတြီးယား၊ လူဇင်ဘတ်နဲ့ နယူးဇီလန်နိုင်ငံသားများအတွက် ဆိုက်ရောက်ဗီဇာများကို ခွင့်ပြုပေးနိုင်ခဲ့ပါတယ်။ ဒီလို ဖြေလျှော့မှုတွေကြောင့် ကိုဗစ်-၁၉ ပြဿနာမပေါ်ချိန်အထိ မြန်မာနိုင်ငံကို လာရောက်လည်ပတ်တဲ့ ကမ္ဘာလှည့်ခရီးသည်ဦးရေ ထူးထူးကဲကဲ တိုးတက်လာခဲ့ပါတယ်။

**မေး။ ။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲပါဝင်ဆောင်ရွက်ကြဖို့ ပြည်ပရှိ မိမိတို့ နိုင်ငံသားတွေကို ဖိတ်ခေါ်ထားတာတွေကို သိပါရစေ။**

ဖြေ။ ။ မိမိတို့နိုင်ငံရဲ့ ရည်မှန်းချက်တွေဖြစ်တဲ့ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာမှာ ပြည်သူများရဲ့ အင်အားနဲ့ ပါဝင်ပံ့ပိုးမှုဟာ လွန်စွာအရေးကြီးတဲ့အလျောက်၊ မိမိတို့နိုင်ငံတော်ရဲ့ အကျိုးပြုလုပ်ငန်းတွေမှာ ပြည်ပရောက် မြန်မာနိုင်ငံသားများ၊ နိုင်ငံသားဟောင်းများအနေနဲ့ မိမိတို့ တတ်သိကျွမ်းကျင်တဲ့ ပညာ၊ အတွေ့အကြုံတွေနဲ့ တတ်အားသမျှ ပါဝင်ကူညီပံ့ပိုး အကျိုးပြုကြဖို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ပြည်ပခရီးစဉ်များအတွင်း ဖိတ်ခေါ်ခဲ့ ပါတယ်။ နိုင်ငံတော်အတွက် ပါဝင်ကူညီပံ့ပိုး အကျိုးပြုလိုပါက သက်ဆိုင်ရာ မြန်မာသံရုံး/ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံး/ မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သို့ ဖြစ်စေ၊ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဖြစ်စေ ဆက်သွယ်စာရင်းပေးထားကြဖို့ ဖိတ်ခေါ်ထားပါတယ်။ မိမိတို့ဌာနအနေနဲ့ ဒီကိစ္စကို တိုက်ရိုက်ဆောင်ရွက်ပေးဖို့ ဌာနတစ်ခုကို သီးသန့်တာဝန်ပေးထားပြီး ကူညီပံ့ပိုးလိုတဲ့ နယ်ပယ်နဲ့ ကဏ္ဍရပ်များအပေါ်မူတည်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနဲ့ ညှိနှိုင်းချိတ်ဆက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး။ ။ ရခိုင်ပြည်နယ်အရေးကိစ္စအတွက် စိန်ခေါ်မှုတွေကို နိုင်ငံတကာမျက်နှာစာမှာ တုံ့ပြန်ဆောင်ရွက်နေတဲ့ အခြေအနေတွေကို သိပါရစေ။**

ဖြေ။ ။ ရခိုင်ပြည်နယ်မှာရှိတဲ့ မတူညီတဲ့ လူမှုအသိုက်အဝန်းများ အကြား ပဋိပက္ခများဟာ ၂၀၁၂ ခုနှစ်က တစ်ကျော့ပြန်စတင်ဖြစ်ပွားခဲ့ပါတယ်။ လက်ရှိအစိုးရ တာဝန်ယူတဲ့ အချိန်ကစပြီး ရခိုင်ပြည်နယ်အရေးကို ရေရှည်တည်တံ့တဲ့ ဖြေရှင်းမှုရရှိရေးအတွက် နိုင်ငံခြားရေးမူဝါဒမှာ ဦးစားပေးလုပ်ငန်းအဖြစ် ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။

အစိုးရတာဝန်ယူပြီး နောက်တစ်လမှာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့သလို နိုင်ငံတကာ လေးစားတဲ့ ဒေါက်တာကိုဖီအာနန် ဦးဆောင်တဲ့ အကြံပေးကော်မရှင်ကို ၂၀၁၆ ခုနှစ် စက်တင်ဘာလမှာ တာဝန်ပေးခဲ့ပါတယ်။ ဒီလိုအပြုသဘော တိုးတက်မှုတွေကြောင့် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာကအပြုသဘော တုံ့ပြန်ခဲ့ကြပါတယ်။ ဒါ့ကြောင့် လွန်ခဲ့တဲ့ (၂၅) နှစ်ဆက်တိုက် အီးယူက နှစ်စဉ်တင်သွင်းခဲ့တဲ့ မြန်မာနိုင်ငံဆိုင်ရာ အဆိုမူကြမ်းကို ၂၀၁၆ ခုနှစ် စက်တင်ဘာလ ကုလသမဂ္ဂအထွေထွေညီလာခံမှာ တင်သွင်းမှုမပြုဘဲ ရပ်ဆိုင်းလိုက်ပါတယ်။ တစ်ဆက်တည်းမှာပဲ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ဝါရှင်တန်သို့ သွားရောက်တဲ့ခရီးစဉ်အပြီးမှာ အမေရိကန်ကလည်း မြန်မာနိုင်ငံအပေါ် စီးပွားရေးကန့်သတ်ပိတ်ပင်မှုတွေ အားလုံးကို လုံးဝဖယ်ရှားပေးခဲ့ပါတယ်။ ဒါဟာ မြန်မာနိုင်ငံသံတမန်ရေးရာမှာ ထူးခြားတဲ့ အောင်မြင်မှုတစ်ရပ် ဖြစ်ပါတယ်။

ဒါပေမယ့် ဒီလိုတိုးတက်မှုတွေရလာချိန်မှာ ရခိုင်ကိစ္စကို နိုင်ငံတကာက ပြန်လည်အာရုံစိုက်လာအောင် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်မှာ တစ်ကြိမ်၊ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်မှာတစ်ကြိမ် ARSA အကြမ်းဖက်အဖွဲ့က နယ်ခြားစောင့်ရဲစခန်း အများအပြားကို စတင်တိုက်ခိုက်ခဲ့ရာမှ နေရပ်စွန့်ခွာတိမ်းရှောင်မှုတွေ ဖြစ်ပေါ်ခဲ့တဲ့အတွက် ဝေဖန်မှုတွေ ပြန်လည်မြင့်မားလာခဲ့ရခြင်း ဖြစ်ပါတယ်။

ဒီဖိအားတွေ လျော့ပါးစေဖို့ သံတမန်နည်းအရ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ နှစ်နိုင်ငံအဆင့်၊ ဒေသတွင်းအဆင့်နှင့် နိုင်ငံတကာ မျက်နှာစာအဆင့်မှာ ပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်းတွေနဲ့ ဆောင်ရွက်နေပါတယ်။ အထူးကိုယ်စားလှယ်စေလွှတ်တာတွေလည်း ပြုလုပ်ခဲ့ပါတယ်။

ဒါ့အပြင် နှစ်နိုင်ငံဆွေးနွေးပွဲများမှတစ်ဆင့်လည်း ရခိုင်ပြည်နယ်အရေးနဲ့ ပတ်သက်ပြီး ရှင်းလင်းပြောကြားမှုများ ပြုလုပ်လျက်ရှိပါတယ်။ မြန်မာ-အီးယူ လူ့အခွင့်အရေးဆွေးနွေးပွဲကို (၅) ကြိမ်၊ မြန်မာ-ဂျပန် လူ့အခွင့်အရေးဆွေးနွေးပွဲကို (၇) ကြိမ်နဲ့ မြန်မာ-အမေရိကန် လူ့အခွင့်အရေး ဆွေးနွေးပွဲကို (၂) ကြိမ် ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ ဥရောပသမဂ္ဂနဲ့လည်း ကုန်သွယ်မှုအခွင့်အရေး GSP ရုပ်သိမ်းမှုမပြုရေးအတွက် ဆွေးနွေးပွဲများကို (၄) ကြိမ် ကျင်းပခဲ့ပြီး ရခိုင်ကိစ္စအပါအဝင် လူ့အခွင့်အရေးကာကွယ် မြှင့်တင်ရေးအတွက် မြန်မာအစိုးရရဲ့ ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

အာဆီယံထိပ်သီး အစည်းအဝေး၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကဲ့သို့သော ဒေသအဆင့် အစည်းဝေးများတွင်လည်းကောင်း၊ နိုင်ငံတကာမျက်နှာစာတွင်လည်းကောင်း၊ သံတမန်များအနေနဲ့ နိုင်ငံတကာဖိအားများကို ရှေ့တန်းကနေ ရပ်တည်ဖြေရှင်းပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေကို သိရှိနားလည်စေဖို့ အထွေထွေညီလာခံ တတိယကော်မတီ၊ လုံခြုံရေးကောင်စီ၊ လူ့အခွင့်အရေးကောင်စီ အစည်းအဝေးများသို့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့များ စေလွှတ်ပြီး ရှင်းလင်းပြောကြားခြင်း၊ မြန်မာနိုင်ငံအပေါ် နားလည်မှုရှိပြီး အပြုသဘော ထိတွေ့ဆက်ဆံလိုတဲ့ မိတ်ဆွေနိုင်ငံများကိုသာမက အမြင်မကြည်လင်တဲ့ နိုင်ငံများကိုပါ ချဉ်းကပ်မှုများကိုလည်း ဆောင်ရွက်နေပါတယ်။

မြန်မာနိုင်ငံဟာ ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်မှုမှာ စိန်ခေါ်မှုများရှိသော်လည်း ကဏ္ဍစုံမှာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener ၏ ရုံးကို နေပြည်တော်မှာ ဖွင့်လှစ်ခွင့်ပေးထားပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် မိမိတို့နိုင်ငံရဲ့ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ ဘာသာရပ်ဆိုင်ရာ အထူးကိုယ်စားလှယ်အချို့နဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့

*အချုပ်ပိုဒ် (ဃ) သို့*

*အချပ်ပို (ဂ) မှ*

လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်ဆိုင်ရာ အထူးကိုယ်စားလှယ်နဲ့ ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ်တို့ရဲ့ မြန်မာနိုင်ငံ ခရီးစဉ်များကို လက်ခံစီစဉ်ပေးခဲ့ပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

မိမိတို့ရင်ဆိုင်နေရတဲ့ သိမ်မွေ့ရှုပ်ထွေးတဲ့ အခြေအနေတွေကို ကျယ်ပြန့်စွာ သိရှိနိုင်စေဖို့အတွက် နိုင်ငံတကာမျက်နှာစာမှာ ကြိုးပမ်းဆောင်ရွက်နေသလို၊ အသိုက်အဝန်းများအကြား တင်းမာမှုတွေလျော့ပါးစေဖို့၊ လူ့အခွင့်အရေး ချိုးဖောက်မှုတွေရှိပါက ပြည်တွင်းဥပဒေနဲ့အညီ အရေးယူဖို့၊ နေရပ်စွန့်ခွာသူတွေ ပြန်လည်လက်ခံရေး အောင်မြင်ဖို့နဲ့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်တည်တံ့တဲ့ အဖြေတစ်ရပ် ပေါ်ထွက်ဖို့အတွက်လည်း သက်ဆိုင်ရာဌာနများနဲ့ ပြည်တွင်းမှာလည်း ညှိနှိုင်းကြိုးပမ်းဆောင်ရွက်နေပါတယ်။

မိမိတို့အနေနဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ရဲ့ အကြံပြုချက်တွေကို အတတ်နိုင်ဆုံး အကောင်အထည်ဖော်လျက်ရှိသလို နေရပ်စွန့်ခွာတွေကို ပြန်လည်လက်ခံနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်အစိုးရနဲ့ လက်မှတ်ရေးထိုးထားတဲ့ နှစ်နိုင်ငံ သဘောတူညီချက် (၃) ခုနဲ့အညီ နှစ်နိုင်ငံချင်း ဖြေရှင်းရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒါပေမယ့် တစ်ဖက်နိုင်ငံကတော့ နှစ်နိုင်ငံချင်း သဘောတူညီချက်အတိုင်း ဖြေရှင်းရေးထက် နိုင်ငံတကာက ဖိအားပေးတဲ့နည်းနဲ့ဖြေရှင်းဖို့ ကြိုးစားနေတဲ့အတွက် ပြဿနာဖြေရှင်းရေးမှာ ရှေ့မတိုးနိုင်တာကို တွေ့ရပါတယ်။ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အတွက် ပတ်ဝန်းကျင်ကောင်း ဖန်တီးပေးနိုင်ဖို့အတွက်လည်း (UNDP)၊ (UNHCR) နဲ့ အာဆီယံနဲ့ မိတ်ဖက်နိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ထို့ပြင် ရခိုင်ပြည်နယ်အရေးကိစ္စကို ဖြေရှင်းရာမှာ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများမှာ ဒေသတွင်းအဖွဲ့ရဲ့အင်အားကို ရယူအသုံးပြုဖို့ အာဆီယံနဲ့ AHA Centre အား ပါဝင်ဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။ ပြည်တွင်းရှိ နေရပ်စွန့်ခွာသူတွေရဲ့ ယာယီစခန်းတွေကို စနစ်တကျပိတ်သိမ်းဖို့ မဟာဗျူဟာကိုလည်း ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၉ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအတွက် ရေရှည်တည်တံ့တဲ့ အဖြေတစ်ရပ်ပေါ်ထွက်ဖို့ ဆောင်ရွက်ရာမှာ အသိုက်အဝန်းများအကြား သဟဇာတဖြစ်ဖို့က ပဓာနကျတဲ့အလျောက် မောင်တောဒေသမှာ အသိုက်အဝန်းများအကြား ညီညွတ်စေရေး စီမံချက်တစ်ရပ် အကောင်အထည်ဖော်နေပြီဖြစ်ပါတယ်။

လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိပါကလည်း တာဝန်ခံမှု၊ တာဝန်ယူမှုရှိစေဖို့ အတွက် အစဉ်တစိုက် အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ဖိလစ်ပိုင်နိုင်ငံမှ သံအမတ်ကြီး Manalo ဦးဆောင်တဲ့ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (ICoE) ကို တည်ထောင်ပေးခဲ့ပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၀ ရက်မှာ ယင်းကော်မရှင်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံသို့ အပြီးသတ်အစီရင်ခံစာကို ပေးအပ်ခဲ့ပြီး ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများနဲ့ တရားစွဲဆိုမှုများ ပြုလုပ်သွားဖို့ ကော်မရှင်ရဲ့ အစီရင်ခံစာ အပြည့်အစုံကို နိုင်ငံတော်သမ္မတက ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ပေးပို့ခဲ့ပြီးဖြစ်ပါတယ်။

မိမိတို့ရဲ့ ဒီလိုဘက်ပေါင်းစုံမှ အားထုတ်ကြိုးပမ်းနေမှုကြောင့် မြန်မာနိုင်ငံအပေါ် အရေးယူဆောင်ရွက်နိုင်ဖို့ နယူးယောက်မြို့ ကုလသမဂ္ဂအထွေထွေညီလာခံ လုံခြုံရေးကောင်စီမှာ မြန်မာနိုင်ငံအပေါ် ဖိအားပေးဖို့ ကြိုးပမ်းနေမှုများကို ယနေ့ထိ ဟန့်တားထားနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ၌ ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအား လူမျိုးသုဉ်းမှု တားဆီးရေးဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်တယ်ဆိုတဲ့ စွပ်စွဲချက်ဖြင့် ဖိအားပေးလာခဲ့ခြင်းဖြစ်ပါတယ်။

ယင်းကိစ္စနဲ့ပတ်သက်ပြီး သည်ဟိဂ်မြို့ရှိ ICJ ၌ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း ကြားနာပွဲပြုလုပ်ခဲ့ရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေဖြင့် ဦးဆောင်တက်ရောက်ခဲ့ပြီး ရခိုင်ပြည်နယ်အရေးကိစ္စ ပကတိအခြေအနေမှန်များကို ရှင်းလင်းပြောကြားခဲ့ပါတယ်။ မိမိတို့ဝန်ကြီးဌာနအနေနဲ့ ICJ က ချမှတ်ထားတဲ့ ယာယီအစီအမံများနဲ့ ပတ်သက်လို့ အစီရင်ခံစာ တင်သွင်းရေးကိစ္စ၊ တရားစီရင်မှု ရင်ဆိုင်ရေးကိစ္စတို့မှာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနကို လိုအပ်တဲ့ ကူညီပံ့ပိုးမှုများ ပေးလျက်ရှိပါတယ်။

**မေး။ ။ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာ စာချုပ်များနဲ့ နိုင်ငံတကာအဖွဲ့အစည်းများမှာ ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများကို သိပါရစေ။**

ဖြေ။ ။ မိမိတို့အစိုးရအနေနဲ့ လူ့အခွင့်အရေးမြှင့်တင်ရေးနဲ့ ပတ်သက်လို့ နိုင်ငံတကာနဲ့ တက်ကြွစွာ လက်တွဲဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာစာချုပ်စာတမ်းတွေမှာ တိုးမြှင့်ပါဝင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ လက်နက်ကိုင် ပဋိပက္ခများအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုမှာ ကလေးသူငယ်များရဲ့ အခွင့်အရေးများဆိုင်ရာ နောက်ဆက်တွဲ အခြေပြစာချုပ် (OPAC–CRC) သို့ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၂၇ ရက်မှာ အတည်ပြုပါဝင်ခဲ့ပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးရန် ကျန်ရှိသော စာချုပ်များအနက် အရပ်ဘက်နဲ့ နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (International Covenant on Civil and Political Rights – ICCPR) သို့ လက်မှတ်ရေးထိုး ပါဝင်နိုင်ရေးအတွက်လည်း စာချုပ်အား လေ့လာခြင်း၊ အသိပညာပေးရေး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

ဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာ မြန်မာသံရုံး/အဖွဲ့ရုံးတွေက မြန်မာနိုင်ငံနဲ့ရင်းနှီးတဲ့ နိုင်ငံများသို့ သံတမန်နည်းအရ စည်းရုံးချဉ်းကပ်မှုတွေ ပြုလုပ်နိုင်ခဲ့တာကြောင့် ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသအား ယူနက်စကိုရဲ့ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်စေရေးအတွက် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၉–၂၀၂၃ ခုနှစ်သက်တမ်းအတွက် အာရှပစိဖိတ်အုပ်စုအတွင်း အလုပ်အမှုဆောင်အဖွဲ့ဝင်ရွေးကောက်ပွဲသို့ မြန်မာနိုင်ငံက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာမှာလည်း မဲပေးပိုင်ခွင့်ရှိတဲ့ အဖွဲ့ဝင်(၁၈၀)နိုင်ငံအနက် (၁၄၂) နိုင်ငံရဲ့ ထောက်ခံမှုဖြင့် အလုပ်မှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံခဲ့ရပါတယ်။

**မေး။ ။ နယ်နိမိတ်ကိစ္စတွေမှာ ဆောင်ရွက်ပေးနိုင်ခဲ့တာတွေကို သိပါရစေ။**

ဖြေ။ ။ နောင်လာမယ့် မျိုးဆက်သစ်များအား ကောင်းမွန်တဲ့ အမွေအနှစ်တွေ ချန်ထားရစ်နိုင်ဖို့အတွက် ယခင်အစိုးရအဆက်ဆက်က ပြီးပြတ်အောင် မဆောင်ရွက်နိုင်ခဲ့တဲ့ နယ်နိမိတ် တိုင်းတာသတ်မှတ်ရေးကိစ္စများကို ယခုကဲ့သို့ အိမ်နီးချင်းနိုင်ငံများနဲ့ ဆက်ဆံရေး အကောင်းဆုံးအချိန်မှာ ဦးစားပေးဆောင်ရွက်ဖို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းညွှန်မှုပေးထားခဲ့ပါတယ်။ နှစ်နိုင်ငံအကြား နယ်နိမိတ် ပီပြင်ရှင်းလင်းအောင် ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအကြား နယ်နိမိတ်ဆိုင်ရာ အငြင်းပွားမှုဖြစ်ရပ်တွေကို ကာကွယ်တားဆီးသွားနိုင်မှာ ဖြစ်ပါတယ်။

မိမိတို့အစိုးရလက်ထက်မှာ မြန်မာနဲ့ ထိုင်းနိုင်ငံအကြား မဲဆိုင်–မဲဟောက်ချောင်း ပုံသေနယ်နိမိတ်တစ်လျှောက်မှာ လူနေထူထပ်လာမှုကြောင့် ကျူးကျော်ပြဿနာများ ထပ်မံဖြစ်ပေါ်ခြင်း မရှိစေရန်နဲ့ နယ်နိမိတ်သွယ်တန်းမှု ရှင်းလင်းထင်ရှားစေရန်အတွက် ၂၀၁၇–၂၀၁၈ ကွင်းဆင်းရာသီနဲ့ ၂၀၁၈–၂၀၁၉ ကွင်းဆင်းရာသီတို့တွင် နယ်နိမိတ်မှတ်တိုင်များ ပူးတွဲစစ်ဆေးခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနဲ့ ထပ်တိုးမှတ်တိုင်များ စိုက်ထူခြင်းလုပ်ငန်းတွေကို နှစ်ဖက်နည်းပညာကျွမ်းကျင်သူများ ပူးတွဲ၍ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မြန်မာ – ထိုင်း နယ်နိမိတ် တိုင်းတာရေးသဘောတူညီချက် တစ်ရပ် ဆောလျင်စွာ လက်မှတ်ရေးထိုးနိုင်ရေးအတွက် နှစ်နိုင်ငံအဆင့်မြင့် အရာရှိကြီးများအဆင့် အစည်းအဝေးကို ကျင်းပခဲ့ပြီး နှစ်ဖက်အမြင် ကွာဟမှုများကို လျှော့ချနိုင်ခဲ့ပါတယ်။

မြန်မာ–အိန္ဒိယ နယ်နိမိတ်မှတ်တိုင်အမှတ် ၁၄၅ နှင့် ၁၄၆ အကြားမှာ နှစ်နိုင်ငံပူးတွဲ၍ ထပ်တိုးမှတ်တိုင် ၃၈ တိုင်ကိုလည်းကောင်း၊ မှတ်တိုင် ၈၀ နှင့် ၈၂ အကြားတွင် ထပ်တိုးမှတ်တိုင် ၃၆ တိုင်ကိုလည်းကောင်း စိုက်ထူပြီးစီးခဲ့ပါတယ်။ မပြီးပြတ်သေးသော ကဘော်ချိုင့်ဝှမ်းနယ်နိမိတ် တိုင် ၉ တိုင် ကိစ္စရပ်များနှင့် ပတ်သက်၍လည်း မြန်မာ–အိန္ဒိယ နှစ်နိုင်ငံ မြေတိုင်းညွှန်ကြားရေးမှူးများ အစည်းအဝေးကို အိန္ဒိယနိုင်ငံ မိုရေးမြို့၌ ၂၀၁၉ ခုနှစ် ဩဂုတ်လအတွင်း ကျင်းပပြုလုပ်ခဲ့ပြီး ယင်းအစည်းအဝေး သဘောတူညီချက်အရ နှစ်နိုင်ငံနယ်နိမိတ် မှတ်တိုင်များကိုလည်း ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်ကစတင်ပြီး နှစ်ဖက်ပူးတွဲကွင်းဆင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

မြန်မာ – တရုတ် နယ်နိမိတ်ကတော့ တိုင်းတာသတ်မှတ်ပြီး ဖြစ်ပေမယ့် နယ်နိမိတ်မှတ်တိုင်တွေ ပူးတွဲစစ်ဆေးမှု မပြုလုပ်နိုင်ခဲ့တာ (၂၃) နှစ်ကျော်သွားပြီ ဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ အစိုးရလက်ထက်မှာ မြန်မာ–တရုတ် တတိယအကြိမ် နှစ်နိုင်ငံ ပူးတွဲကွင်းဆင်း စစ်ဆေးမှုတွေ ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးများကို နှစ်နိုင်ငံ တစ်လှည့်စီ အလှည့်ကျ ကျင်းပပြုလုပ်လျက်ရှိပါတယ်။ တတိယအကြိမ် မြန်မာ–တရုတ် နယ်နိမိတ် ပူးတွဲစစ်ဆေးရေးအတွက် နယ်နိမိတ်တစ်လျှောက် ကောင်းကင်ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်းကို ၂၀၂၀ ပြည့်နှစ်အတွင်း နှစ်နိုင်ငံ ပူးတွဲဆောင်ရွက်သွားကြဖို့ သဘောတူညီချက်ရရှိခဲ့ပြီး ဖြစ်ပါတယ်။

**မေး။ ။ ဝန်ကြီးဌာနရဲ့ ရည်မှန်းချက်များကို ပြည့်မြောက်အောင် အကောင်အထည်ဖော်ပေးနိုင်တဲ့ သံတမန်ဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ဆောင်ရွက်ပေးနေမှုတွေကိုလည်း သိပါရစေ။**

ဖြေ။ ။ ဝန်ကြီးဌာနရဲ့ ရည်မှန်းချက်များကို ရရှိရေးအတွက် သံခင်းတမန်ခင်းအရ ကြိုးပမ်းဆောင်ရွက်ကြရာမှာ အရည်အသွေးထက်မြက်တဲ့ သံတမန်ကောင်းတွေ လိုအပ်ပါတယ်။ ဒါကြောင့် သံတမန်ဝန်ထမ်းများ အင်အားတိုးချဲ့ခန့်အပ်ခြင်း၊ သံတမန်များရဲ့ စွမ်းဆောင်ရည်မြှင့်တင်ပေးတဲ့ ပြည်တွင်း၊ ပြည်ပ သင်တန်းများ စီစဉ်ပေးခြင်း၊ မြန်မာသံရုံးများအနေနဲ့ လုပ်ငန်းတာဝန်များ အောင်မြင်စေဖို့ စီမံအုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းတို့ကို အလေးပေးဆောင်ရွက်ပေးခဲ့ပါတယ်။ စတုတ္ထ (၁) နှစ်တာ ကာလအတွင်း အရာထမ်း၊ အမှုထမ်း စုစုပေါင်း (၁၃၀) တို့ကို ပြည်ပသင်တန်းများသို့ ပညာသင်များ စေလွှတ်ပေးနိုင်ခဲ့ပါတယ်။

ဒ့ါအပြင် ဌာနတွင်းသင်တန်းများအဖြစ် သံတမန်တာဝန် ထမ်းဆောင်ကြမယ့် ဝန်ထမ်းများအား လုပ်ငန်းပိုင်းဆိုင်ရာ၊ ဘာသာရပ်ဆိုင်ရာ ဗဟုသုတများ ကြွယ်ဝစေရေးနဲ့ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု ပိုမိုမြင့်မားစေရေးအတွက် အင်္ဂလိပ်စာနှင့် နိုင်ငံခြားရေးရာ ကျွမ်းကျင်မှုသင်တန်းတွေ စကားပြန်/ဘာသာပြန် သင်တန်းတွေကို ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပါတယ်။ ဒ့ါအပြင် ဝန်ကြီးဌာနနဲ့ အခြားဌာနများမှ အစိုးရဝန်ထမ်းများ၊ ပြင်ပလုပ်ငန်းရှင်များ၊ ဘွဲ့ရလူငယ်များအတွက် အစိုးရသက်တမ်း စတုတ္ထ (၁) နှစ်တာကာလအတွင်း အခြေခံ သံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းကို (၂) ကြိမ်ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား စုစုပေါင်း (၄၀၀) ကို သင်ကြားပေးနိုင်ခဲ့တဲ့အပြင် အဆင့်မြင့်သံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်းကိုလည်း (၂) ကြိမ် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပါတယ်။ သံတမန်ဝန်ထမ်းများရဲ့ ဇနီးသည်တွေအတွက်ကိုလည်း ပြည်ပမြန်မာသံရုံးတွေမှာ လက်တွေ့အသုံးဝင်စေမယ့် ဝတ်စားဆင်ယင်မှု၊ မြန်မာ့အစားအစာ အချက်အပြုတ်၊ ကျွေးမွေးဧည့်ခံရေး လုပ်ငန်းတွေကိုပါ သင်ကြားပေးခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ ပုံရိပ်မြှင့်တင်ရေးအတွက် ဆောင်ရွက်ရာမှာ ပြည်ပမှာရှိတဲ့ သံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးတွေမှာ တာဝန်ထမ်းဆောင်လျက်ရှိကြတဲ့ သံတမန်များအနေနဲ့ မြန်မာနိုင်ငံရဲ့ ဖြစ်ရပ်မှန်အခြေအနေများကို ရှင်းလင်းပြောကြားရုံသာမက၊ မြန်မာနိုင်ငံရဲ့ အပြုသဘော တိုးတက်မှုတွေဖြစ်တဲ့ သဘာဝ သယံဇာတ ကြွယ်ဝမှု၊ ရိုးရာယဉ်ကျေးမှု၊ အနုပညာ၊ နိုင်ငံရဲ့သာသာလှပမှုနဲ့ ပြည်သူတို့ရဲ့ ပျူငှာဖော်ရွေမှုတွေကိုပါ တာဝန်ထမ်းဆောင်ရာဒေသကပြည်သူများသိရှိအောင် သိမ်မွေ့စွမ်းအား (Soft Power)ကို အသုံးချပြီး ကြိုးပမ်းဆောင်ရွက်လျက် ရှိကြပါတယ်။ မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုလာရောက်စေခြင်းဟာလည်း မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေမှန်များကို ပိုမိုသိရှိနားလည်လာစေရေးအတွက် အခြေအနေကောင်းတစ်ရပ်ဖြစ်ပါတယ်။

**မေး။ ။ မြန်မာသံတမန် ဝန်ထမ်းများ လုပ်ငန်းတာဝန်များ ထိရောက်စွာ ဆောင်ရွက်နိုင်စေရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးမှုအစီအမံများသိပါရစေ။**

ဖြေ။ ။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ လမ်းညွှန်ချက်နဲ့အညီ မြန်မာ သံတမန်များ လုပ်ငန်းတာဝန်များကို အာရုံစိုက်ဆောင်ရွက်နိုင်ရေးအတွက် သံရုံးဝန်ထမ်းများနဲ့ မိသားစုများအတွက် ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ပညာသင်စရိတ်ထောက်ပံ့ရေး ကိစ္စရပ်များကို လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ ပြည်ပရှိ မြန်မာသံရုံး/အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံး (၄၆) ရုံးအနက် စုစုပေါင်း (၂၄) ရုံးမှ ဝန်ထမ်းများနဲ့ မိသားစုဝင်များအတွက် ကျန်းမာရေး အာမခံထားခွင့်ရအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။

သံတမန် သားသမီးများအနေနဲ့ ပြည်ပရောက်ခိုက် သင်ယူလေ့လာတဲ့ ပညာရပ်များဖြင့် အမိနိုင်ငံကို ပြန်လည်အကျိုးပြုနိုင်ကြတဲ့ အနာဂတ်မျိုးဆက်သစ်များ ဖြစ်လာစေရန်အတွက် အသက် (၅) နှစ်မှ (၁၈) နှစ်အထိ သံတမန်ဝန်ထမ်း သားသမီး စုစုပေါင်း (၅၇) ဦးအတွက် ကျောင်းလခရဲ့ (၃) ပုံ (၂) ပုံကို ၂၀၁၈–၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်မှစတင်၍ နိုင်ငံတော်မှ ထောက်ပံ့ပေးရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါတွေဟာ သံတမန်တွေ လုပ်ငန်းချောမွေ့စေရေးအတွက် နိုင်ငံတော်က ပံ့ပိုးပေးရာမှာ ထူးခြားတဲ့ တိုးတက်မှုတစ်ခု ဖြစ်ပါတယ်။

ဒ့ါအပြင် မြန်မာသံရုံး၊ အဖွဲ့ရုံးနဲ့ ကောင်စစ်ဝန်ချုပ်ရုံးများ သံတမန် ဂုဏ်သိက္ခာအဆင့်နဲ့အညီ တင့်တယ်မှုရှိစေရေးအတွက် သက်တမ်းကြာမြင့်နေတဲ့ သံရုံးအဆောက်အဦများကို ပြန်လည်မွမ်းမံထိန်းသိမ်းခြင်း၊ အသစ်ဆောက်လုပ်ခြင်းတွေ ဦးစားပေးဆောင်ရွက်နေပါတယ်။ တောင်အာဖရိကနိုင်ငံ ပရီတိုးရီးယားမြို့မှာရှိတဲ့ နိုင်ငံပိုင်မြေကွက်ပေါ်မှာ သံရုံးအဆောက်အဦနှင့် သံရုံးအကြီးအကဲနေအိမ်နဲ့ ဝန်ထမ်းအိမ်ရာအသစ်တို့ကို ဆောက်လုပ်နိုင်ခဲ့ပါတယ်။ တရုတ်နိုင်ငံ ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ နယူးဒေလီမြို့ မြန်မာသံရုံး မြန်မာဂေဟာ၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ မြန်မာသံရုံးဝင်းရှိ အဆောက်အဦဟောင်းနဲ့ ဂျာမနီနိုင်ငံ ဘာလင်မြို့ မြန်မာသံရုံး အဆောက်အဦတို့ကို အကြီးစားပြုပြင်မွမ်းမံတည်ဆောက်မှုတွေကို ပြုလုပ်နိုင်ခဲ့ပါတယ်။

**မေး။ ။ နိဂုံးချုပ်အနေနဲ့ ဖြည့်စွက်ပြောကြားလိုတဲ့ အချက်များရှိပါက သိရှိပါရစေ။**

ဖြေ။ ။ ရှေ့ပိုင်းမှာ တင်ပြခဲ့တဲ့အတိုင်း မိမိတို့ဝန်ကြီးဌာနအနေနဲ့ နိုင်ငံရဲ့ ရည်မှန်းချက်တွေ ပေါက်မြောက်အောင်မြင်စေရေးအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဘက်ကနေ ပံ့ပိုးဆောင်ရွက်ပေးနေရတာ ဖြစ်ပါတယ်။ သံတမန်လုပ်ငန်း တိုးတက်အောင်မြင်မှုကို လက်ဆုပ်လက်ကိုင် မပြနိုင်သော်လည်း နိုင်ငံတကာဆက်ဆံရေး တိုးတက်မှုကြောင့် နှစ်နိုင်ငံချင်းဖြစ်စေ၊ နိုင်ငံတကာ အဖွဲ့အစည်းတွေကဖြစ်စေ ရရှိတဲ့ ကူညီပံ့ပိုးမှုတွေ၊ အကျိုးအမြတ်တွေကို တခြားသက်ဆိုင်ရာ ဝန်ကြီးဌာနတွေရဲ့ လုပ်ငန်းတွေမှာ အကျိုးခံစားရတာ ဖြစ်ပါတယ်။ ယနေ့အထိ မိမိတို့အစိုးရရဲ့ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ကူးပြောင်းရေးနဲ့ ပြည်သူတွေအားလုံး လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာရဲ့ ထောက်ခံအားပေးမှု၊ ကူညီပံ့ပိုးမှုတွေကို ဆက်လက်ရရှိနေဆဲ ဖြစ်ပါတယ်။

နိုင်ငံတကာ ရှေ့တန်းမျက်နှာစာတွေမှာ သံတမန်နည်းအရ ရင်ဆိုင်ဖြေရှင်းမှုတွေ အောင်မြင်မှုရရှိဖို့အတွက် ပြည်တွင်းမှာ အပြုသဘော ဖြစ်ပေါ်တိုးတက်မှုရှိရေးဟာလည်း အဓိကကျပါတယ်။ ပြည်တွင်းမှာ ဖြစ်ပေါ်တိုးတက်မှုတွေမရှိဘဲ သံတမန်တွေအနေနဲ့ ထိထိ ရောက်ရောက် ရှင်းလင်းတုံ့ပြန်ဖြေရှင်းနိုင်ဖို့ လွယ်ကူမှာမဟုတ်ပါဘူး။ ယခု နိုင်ငံတကာနဲ့ ဆက်ဆံရေး တိုးတက်ကောင်းမွန်ရေးကြိုးပမ်းမှုမှာ အဟန့်အတားဖြစ်နေတဲ့ ရခိုင်ပြည်နယ် အရေးကိစ္စအပေါ် တုံ့ပြန်ရာမှာ မြန်မာနိုင်ငံ ရင်ဆိုင်နေရတဲ့ ရှုပ်ထွေးသိမ်မွေ့တဲ့ အခြေအနေအမှန်တွေကို နိုင်ငံတကာကသိရှိလာအောင် နိုင်ငံတကာမျက်နှာစာမှာ ကြိုးပမ်းဆောင်ရွက်နေသလို မတူကွဲပြားတဲ့ အသိုက်အဝန်းများအကြား တင်းမာမှုတွေ လျော့ပါးစေဖို့၊ လူ့အခွင့်အရေး ချိုးဖောက်မှုတွေရှိပါက ပြည်တွင်းဥပဒေနဲ့အညီ အရေးယူဖို့၊ နေရပ်စွန့်ခွာသူတွေ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အောင်မြင်ဖို့နဲ့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်တည်တံ့တဲ့ အဖြေတစ်ရပ် ပေါ်ထွက်ဖို့အတွက် ပြည်တွင်းမှာလည်း ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်။

အသွင်ကူးပြောင်းစ နိုင်ငံတိုင်းသည် အခက်အခဲများနှင့် ကြုံတွေ့ရစမြဲဖြစ်တာမို့ မည်သည့်ပြဿနာကိုမဆို ပြည်သူများအားလုံးရဲ့ ညီညွတ်မှုစွမ်းအားဖြင့် ရင်ဆိုင်ဖြေရှင်းမယ်ဆိုရင် ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်။ သံတမန်နည်းလမ်းဖြင့် ဖြေရှင်းမှု၏ အောင်မြင်ရေးသည်လည်း သံတမန်တွေ အပေါ်မှာသာမက မြေပြင်အခြေအနေ တိုးတက်လာစေဖို့အတွက် သက်ဆိုင်ရာဌာန အဖွဲ့အစည်းတွေနဲ့ ပြည်သူလူထုရဲ့ ပါဝင်ကူညီပံ့ပိုးမှုသည်လည်း အခရာကျပါတယ်ဆိုတဲ့ အကြောင်းကို နိဂုံးချုပ်အနေနဲ့ ပြောကြားလိုပါတယ်။ ။